မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။ ပဏ္ဏိတဝဂ်(ဓမ္မပဒ-၇၈)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ တနလာနေ့ | အတွဲ(၆၆)၊ အမှတ်(၀၆၁)

ခေတ်မီဆေးပညာနှင့်အတူ မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ မြှင့်တင်သွားကြရမည်ဖြစ်ပြီး ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အသုံးချနိုင်ရေး အလေးထားဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ (၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

ယနေ့ကျင်းပပြုလုပ်သည့် (၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆက်စပ်ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ဦးစွာ နူတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ရှေးဘိုးဘွားဘိဘင်များ လက်ထက်မှစ၍ အစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် အဖိုးတန်အမျိုးသားအမွေအနှစ်တစ်ရပ် ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထု၏ကျန်းမာရေးကို ရှေးခေတ်အဆက်ဆက်မှ ယနေ့ထိတိုင် အဓိကစောင့်ရှောက်ပေးခဲ့သည့် အားကိုးအားထားပြုရာ ပညာရပ်တစ်ခုလည်းဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာဆိုသည့် စကားရပ်တွင် ဆေးဖက်ဝင်အပင်များကို ခွဲခြားသိရှိခြင်း၊ ဆေးဝါးဖော်စပ်ခြင်းနှင့် ကုထုံးအမျိုးမျိုးကို လက်တွေ့အသုံးချခြင်းတို့မှာ တိုင်းရင်းဆေးဆရာကြီးများ၏

စာမျက်နှာ ၃ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးဆိုင်ရာများ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်း တို့ ရင်းရင်းနှီးနှီး နူတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၉

ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဗီယက်နမ်နိုင်ငံ သမ္မတရုံး၊ တုံကင်နန်းတော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပပြုလုပ်မည့် တုံကင်နန်းတော်သို့ ရောက်ရှိရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနူတ်ဆက်သည်။

တက်ရောက်

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာ ဦးစွာ ဗီယက်နမ်နိုင်ငံသမ္မတက ကြိုဆိုနူတ်ခွန်းဆက်စကားပြောကြားရာတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဘက်စုံမိတ်ဖက်နိုင်ငံအဖြစ် အမြဲမှတ်ယူထားရှိပြီး နှစ်နိုင်ငံအကြား ဆက်ဆံမှုများ

စာမျက်နှာ ၄ ကော်လံ ၁

ယနေ့ ဖတ်စရာ

မြစ်ကြီးကိုယ်စီ သစ္စာသီ၍ ရှေ့သို့လှမ်းချို နိုင်ငံ့အတွက်ရည် (ACMECS) နှင့် (CLMV)

ဆောင်းပါး | စာ ၆

ဒီဇင်ဘာလ၏ အားမာန်နှင့် ကျန်းမာကြံခိုင်သော ပြည်သူတို့၏ စည်းလုံးညီညွတ်မှု

ဆောင်းပါး | စာ ၁၂

မြန်မာ့ရိုးရာ ကြိုးကြီးချိတ်ကို ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပြည်တွင်းသတင်း | စာ ၉

၂၃၀ ကေဗွီ သာယာကုန်း-ကမာနတ် ဓာတ်အားလိုင်း လိုင်းအပြစ်ဖြစ်ပွား၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ နိုဝင်ဘာ ၂၇ ရက်က ဓာတ်အား ပြတ်တောက်မှု ဖြစ်ပွားခဲ့

နေပြည်တော် နိုဝင်ဘာ ၂၉

ဝန်အားသုံးစွဲမှုများပြားသော ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသို့ ဓာတ်အားစနစ်အတွင်းရှိ ဓာတ်အားလိုင်းများဖြင့် ဝန်အားပြည့်နိုင်းပါး ဓာတ်အားပိုလွှတ်ဖြန့်ဖြူးလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်

စာမျက်နှာ ၅ ကော်လံ ၁

ဘိုးဘွားအမွေအနှစ် တိုင်းရင်းဆေးပညာ ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေး

ရိုးရာတိုင်းရင်းဆေးပညာများသည် ရှေးခေတ်လူ့အဖွဲ့အစည်းများ၏ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအယူအဆများ ပေါ်တွင် အခြေခံ၍ နှစ်ထောင်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သော ဆေးကုထုံး စနစ်များဖြစ်ကြသည်။ ဘီစီ ၃၀၀၀ ခန့်က ရှေးဟောင်းအီဂျစ် ဆေးပညာသည် ဆေးဖက်ဝင်အပင်များနှင့် ခွဲစိတ်ကုသမှုအချို့ကို အသုံးပြုခဲ့ပြီး ဘီစီ ၁၅၅၀ ခန့်က အီးဘားစ် ကျွန်ုပ်စာလိပ် (Ebers papyrus) သည် ထင်ရှားသည့် မှတ်တမ်းတစ်ခုဖြစ်သည်။

အိန္ဒိယ၏ အာယုဗ္ဗေဒဆေးပညာသည် နှစ်ပေါင်း ၅၀၀၀ ကျော် သက်တမ်းရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှု ပုံစံနှင့် ဆေးဖက်ဝင်အပင်များဖြင့် အလေးပေးကုသသော စနစ်ဖြစ်သည်။ အာယုဗ္ဗေဆေးပညာ၏ စရက သံဟိတာ (Charaka Samhita) နှင့် သုသရုတ သံဟိတာ (Sushruta Samhita) ကျမ်းတို့မှာ ထင်ရှားသည်။ တရုတ်ရိုးရာ တိုင်းရင်းဆေးပညာသည် နှစ်ပေါင်း ၂၅၀၀ကျော် သမိုင်းကြောင်း ရှည်လျားပြီး ချီ (Qi) စွမ်းအင်၊ သွေးလမ်းကြောင်း (Meridians)၊ အပ်စိုက်ကုထုံး၊ ဆေးဖက်ဝင်အပင်များနှင့် အစားအသောက်ကုထုံးများ ပါဝင်သည်။ အာရှတိုက်တွင် အရှေ့အာရှမှ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မွန်ဂိုလီးယား၊ အရှေ့တောင်အာရှမှ မြန်မာအပါအဝင် ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တောင်အာရှမှ အိန္ဒိယ၊ သီရိလင်္ကာ၊ အနောက်အာရှတွင် အီရန် စသည်ဖြင့် ဒေသအလိုက် ထူခြားသော ရိုးရာဆေးပညာများ ထွန်းကားခဲ့သည်။ ရှေးနှစ်ပေါင်းများစွာကတည်းက နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့တွင် ရှိခဲ့ကြသည့် တိုင်းရင်းဆေးနှင့် ဆေးပညာတို့မှာ အတွေ့အကြုံကို အခြေပြုထားခြင်းဖြစ်ပြီး ခေတ်မီဆေးပညာများ တိုးတက်ထွန်းကားနေသည့် မျက်မှောက်ကာလအထိ ဆက်လက် ရှင်သန်နေဆဲ၊ အသိအမှတ် ပြုထားရဆဲဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီကြာမြင့်သည့် သက်တမ်းရှိပြီး တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည့်ခေတ်အဆက်ဆက် ခိုင်မြဲအခြေကျခဲ့သည်။ မြန်မာ့ တိုင်းရင်းဆေးပညာသည် အိန္ဒိယဆေးကျမ်းများ၏ သြဇာလွှမ်းမိုးမှုများ ရှိခဲ့သလို မြန်မာဘုရင်များလက်ထက် ပတ်ဝန်းကျင်နိုင်ငံများကို သိမ်းသွင်းရာတွင် ဆေးဝါးအတတ်ကျွမ်းကျင်သူများ၊ ဆေးကုသမှု ကျွမ်းကျင်သူများကိုပါ ခေါ်ဆောင်လာခဲ့ရာမှ တိုင်းရင်းဆေးပညာမှာ ပိုမိုကြွယ်ဝလာခဲ့သည်။ ကိုလိုနီခေတ်တွင် အနောက်တိုင်းဆေးပညာနှင့် ဆေးဝါးများ ရောက်ရှိလာခဲ့ပြီးနောက် မြန်မာ့တိုင်းရင်းဆေးကဏ္ဍမှာ မှေးမှိန်သွားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း အနောက်တိုင်းဆေးဝါးများ ရှားပါးပြတ်လပ်မှုဖြစ်ပေါ်ခဲ့ရာ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများကို ပြန်လည်သုံးစွဲလာကြရသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်တွင် တိုင်းရင်းဆေး အခမဲ့ ဆေးခန်းများ ရန်ကုန်နှင့် မန္တလေးတို့တွင်ပေါ်ပေါက်လာသည်။ ၁၉၅၅ ခုနှစ်တွင် တိုင်းရင်းဆေးဆရာအဖွဲ့ အက်ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်း၍ တိုင်းရင်းဆေးဆရာများကို မှတ်ပုံတင်စေခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စနစ်တကျအရည်အချင်းစစ် စာမေးပွဲဖြင့် စစ်ဆေးခြင်းမပြုဘဲ မှတ်ပုံတင်ပေးထားသော တိုင်းရင်းဆေးဆရာများကို ဖျက်သိမ်း၍ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ ဟူသော ဘာသာရပ်သုံးမျိုးဖြင့် အရည်အချင်း စစ်ဆေးပြီး အောင်မြင်သူများကိုသာ တိုင်းရင်းဆေးဆရာ မှတ်ပုံတင် ထုတ်ပေးခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမ၌ တိုင်းရင်းဆေးပညာ နီးနေ့ဖလှယ်ပွဲ၊ ၁၉၇၂ ခုနှစ်တွင် ရန်ကုန်ဖြို့၊ ကျိုက္ကဆံကွင်း၌ တိုင်းရင်းဆေးပညာဆွေးနွေးပွဲတို့ကို ကျင်းပခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် (၂၅) ကြိမ်မြောက်အဖြစ် နိုင်ဘာလ ၂၉ ရက်၊ ၃၀ ရက်နှင့် ဒီဇင်ဘာလ ၁ ရက်နေ့တို့တွင် မြန်မာ့ တိုင်းရင်းဆေးပညာ နီးနေ့ဖလှယ်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါညီလာခံနှင့် နီးနေ့ဖလှယ်ပွဲတို့က မြန်မာ့တိုင်းရင်းဆေး သမားတော်များ၊ တိုင်းရင်းဆေးနှင့်နီးနွယ်သည့် ပညာရှင်များပါဝင်၍ အတွေ့အကြုံများနှင့် အတွေးအခေါ်၊ အယူအဆများကို အဖြင်ချင်းဖလှယ်ကြခြင်းဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထောက်အကူများစွာ ဖြစ်ထွန်းစေမည်ဖြစ်သည်။

မြန်မာတို့၏ ဘိုးဘွားအမွေအနှစ် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ ကူညီပံ့ပိုးအားပေးလျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးပညာရှင်များအားလုံးကလည်း မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရေး၊ ရောဂါအမျိုးအစားအလိုက် အာနိသင်ထက်မြက်သည့် တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာအောင်ဖော်ထုတ်ရေး၊ ထိရောက်သည့်တိုင်းရင်းဆေးပညာကုထုံးများ၊ တိုင်းရင်းဆေးဝါးများဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ကူညီစောင့်ရှောက်ရေးတို့တွင် နီးကြားတက်ကြွစွာပါဝင်ဆောင်ရွက်ကြခြင်းအားဖြင့် မြန်မာ့တိုင်းရင်းဆေးပညာကို မြင့်မားအောင်မြှင့်တင်နိုင်ကြပါစေကြောင်း။ ။





ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

၂၉-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၂၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပွလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၅၆၅	၃၇၂၀	၃၆၇၀	၃၅၈၀	၃၇၂၅	၃၇၄၀	၃၇၇၅	၃၆၅၀	၄၀၂၀	၄၀၅၀	၃၆၇၀	၃၉၀၀	၃၇၆၅	၃၇၂၀	၃၇၃၀	၃၉၆၀
95 Ron	၃၆၆၀	၃၇၉၅	၃၇၄၅	၃၆၅၅	၃၈၀၀	၃၈၀၅	၃၈၅၀	၃၇၂၅	၄၀၉၅	၄၀၂၅	၃၇၅၀	၃၈၈၀	၃၈၄၀	၃၇၉၅	၃၈၀၅	၄၀၀၅
HSD (500 ppm)	၃၉၂၀	၄၀၆၅	၄၀၂၀	၃၉၃၅	၄၀၈၀	၄၀၈၅	၄၀၀၀	-	၄၃၈၀	၄၀၂၀	၄၆၂၀	၄၀၅၅	၄၀၆၅	၄၀၆၅	၄၀၇၅	၄၂၉၅
HSD (50 ppm)	၄၇၅၀	၄၉၀၅	၄၈၅၅	၄၇၆၅	၄၉၀၅	၄၉၂၀	၄၉၅၅	၄၈၃၅	၅၀၃၅	၅၂၃၀	၄၈၅၅	၅၀၅၅	၄၉၀၅	၄၉၀၅	၄၉၀၅	၅၁၀၅
HSD (10 ppm)	၄၇၅၀	၄၉၀၅	၄၈၅၅	၄၇၆၅	၄၉၀၅	၄၉၂၀	၄၉၅၅	၄၈၃၅		၅၂၃၀	၄၈၅၅	၅၀၅၅	၄၉၀၅	၄၉၀၅	၄၉၀၅	၅၁၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၃၇၃	၃၄၇၄
95 Ron	၃၄၄၆	၃၅၄၈
HSD (500 ppm)	၃၇၂၇	၃၈၃၁
HSD (50 ppm)	၄၅၁၇	၄၆၃၇
HSD (10 ppm)	၄၅၁၇	၄၆၃၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဃနိတို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၅၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၁၊ ဖက်စ် ၀၆၇-၃၆၁၄၄၁၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ ဦးမံ ၀၁-၅၄၄၃၀၅၊ ဒွေစာရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၀၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၄၃၀၅၊ ၀၆၇-၃၆၁၄၄၁၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၁၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

✪ ရှေ့ဖုံးမှ

ပညာနှင့်အတွေ့အကြုံများစွာ စုစည်းပါဝင်နေပါသည်။ ဤပညာရပ်များကို ထိန်းသိမ်းလက်ဆင့်ကမ်းပြီး ပြည်သူများ၏ ကျန်းမာရေးကို စေတနာရှေ့ထား၍ စောင့်ရှောက်ပေးခဲ့ကြသည့် တိုင်းရင်းဆေးသမားတော်အဆက်ဆက်ကို လေးစားဂုဏ်ပြုပါကြောင်း ပြောကြားလိုပါသည်။

နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာသန်စွမ်းသည့် လုပ်သားပြည်သူများ တည်ရှိရေးသည် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထို့ကြောင့် ခေတ်မီဆေးပညာနှင့်အတူ မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း ပိုမိုပြီး စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြှင့်တင်သွားကြရမည်ဖြစ်ပါသည်။ ထိုသို့မြှင့်တင်ရာတွင် ရိုးရာပညာရပ်ကို ထိန်းသိမ်းမှု၊ ဆေးဝါးနှင့်ကုထုံးများ၏ ဘေးကင်းမှုနှင့် ထိရောက်မှုကို သုတေသနပြုလေ့လာ၍ ရရှိလာသည့် အသိပညာများကို ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အသုံးချနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှိုးနှော့ဖလှယ်ပွဲကို ၂၀၀၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ပြီး ယခုအခါ (၂၅) ကြိမ်မြောက်ကျင်းပနိုင်ခဲ့တာကြောင့် ဌေရတုပင်တိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ ၂၅ နှစ်မြောက် ဌေရတုတိုင် စည်လုံးညီညာစွာဖြင့် နိုင်ငံ့အကျိုးပြည်သူ့အကျိုးကို တစ်ဖက်တစ်လမ်းမှ သယိုးဆောင်ရွက်နေကြသည့်ဆေးပညာရှင်ကြီးများ၊ သမားတော်များ၊ ဆက်စပ်ကဏ္ဍအသီးသီးမှ လူပုဂ္ဂိုလ်အားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။

ယခုနှစ် ညီလာခံတွင် အဓိက ရည်ရွယ်ချက် (၄) ရပ် ဖြစ်သည့်-

- ❖ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု၏ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး။
- ❖ ခေတ်မီနည်းပညာများအသုံးချ၍ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရေး။
- ❖ တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာမြင့်မားလာစေရန် ပညာရှင်များ၏ ကျင့်ဝတ်လိုက်နာမှု ပိုမိုကောင်းမွန်လာစေရေး။
- ❖ ရိုးရာတိုင်းရင်းဆေးပညာ နည်းစနစ်များကို ထိန်းသိမ်းစောင့်ရှောက်၍ ဆက်လက်မြှင့်တင်ရေး။

စသည့်ရည်ရွယ်ချက်များကို လက်တွေ့ဖော်ဆောင်နိုင်ရေးအတွက် ပညာရှင်များ၏ သုတေသနရလဒ်များနှင့်အတူ ဆေးရုံ၊ ဆေးခန်းနှင့် ကွင်းဆင်းလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများပါ မကျန် ထည့်သွင်းဆွေးနွေးစေလိုပါသည်။ ပြည်သူများအတွက် တိုးချဲ့သင့်သည့်ဝန်ဆောင်မှုများ၊ ဦးစားပေးသင့်သည့် ဆေးဝါးနှင့်ကုထုံးများ၊ အရည်အသွေးထိန်းသိမ်းရေးတွင် ပိုမြီးအားဖြည့်ရန်လိုအပ်သည့် အပိုင်းများကို လက်တွေ့အခြေအနေအပေါ်အခြေခံပြီး အကြံပြုကြရန် တိုက်တွန်းလိုပါသည်။

ထို့အတူ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးသည် အဓိကကျသည့်အချက် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) မှ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) နှင့် မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ရ (M.M.T.M) ပညာရှင်များအား မွေးထုတ်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့သင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။

ထို့အတူ ၂၀၂၆ ခုနှစ်တွင် အထွေထွေရောဂါကုထုံး လက်တွေ့သင်တန်း၊ တိုင်းရင်းဆေးပညာရှင်များအတွက် ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုသင်တန်း၊ တိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာများ၏ အရည်အသွေးထိန်းသိမ်းမှု၊ တည်မြဲမှုနှုန်း သက်တမ်းလေ့လာမှုဆိုင်ရာ သင်တန်းများအား ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ထိုသင်တန်းများမှရရှိသည့် အသိပညာများအား ဆေးရုံ၊ ဆေးခန်းနှင့်ဆေးဝါးအရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရန် လိုအပ်ပါသည်။

ဝါရင့်တိုင်းရင်းဆေးသမားတော်ကြီးများ၏ လက်တွေ့အတွေ့အကြုံများနှင့် မျိုးဆက်သစ်ပညာရှင်များ၏ သုတေသနစွမ်းရည်များကို ချိတ်ဆက်ပေးရန်လည်း လိုအပ်ပါသည်။ ဆရာကြီးများ၏ ပညာရပ်ဆိုင်ရာ မှတ်တမ်းများအား စုစည်းပြုစုခြင်း၊ သင်ကြားရေးတွင် ထည့်သွင်းအသုံးချခြင်းနှင့် လူငယ်ပညာရှင်များအား သုတေသန လုပ်ငန်းများ၌ လက်တွေ့ပါဝင်ခွင့်ပေးခြင်းများကို တက္ကသိုလ်၊ ဆေးရုံနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း

✻ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအနေဖြင့် ကုန်ကြမ်း၏ မူလရင်းမြစ်မှန်ကန်မှုနှင့် သန့်ရှင်းမှုကို စစ်ဆေးသည့်အဆင့်မှ ဖော်စပ်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းများအထိ အဆင့်တိုင်းတွင် အရည်အသွေးထိန်းသိမ်းပေးရန်လို

✻ ဆေးဝါးအညွှန်းတွင် ပါဝင်ပစ္စည်း၊ သုံးစွဲပုံ၊ သတိပြုရန်အချက်နှင့် သက်တမ်းကုန်ဆုံးရက်များကို ရှင်းလင်းစွာ ဖော်ပြပေးရမည်ဖြစ်

✻ ဆေးဝါးသုံးစွဲမှုနှင့်ဆက်နွယ်နိုင်သော မလိုလားအပ်သည့် ဖြစ်ရပ်များကို တွေ့ရှိသည့်အခါ သက်ဆိုင်ရာဌာနထံအသိပေး၍ လိုအပ်သလို ပြန်လည်စစ်ဆေးနိုင်မည့်လုပ်ငန်းစဉ်များကို ပိုမိုအားကောင်းလာစေရန်ဆောင်ရွက်

ရောဂါဘယကင်းရှင်းရေးဆိုသည့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုဖော်ဆောင်ရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တစ်စိတ်တစ်ဒေသ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံတိုင်းရင်းဆေးပညာပေး ရက်တိုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းအား ဝမ်းမြောက်စွာဖြင့် အသိအမှတ်ပြုပါသည်။

တိုင်းရင်းဆေးရုံနှင့် ဆေးခန်းများတွင် အတွင်းလူနာ၊ ပြင်ပလူနာများကို စောင့်ရှောက်ပေးသကဲ့သို့ ရပ်ရွာများသို့ ကွင်းဆင်းကုသပေးခြင်း၊ ကျောင်းကျန်းမာရေးအသိပညာပေးခြင်းများအား တိုးမြှင့်ဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။ ပဏာမကျန်းမာရေးစောင့်ရှောက်မှုတိုးချဲ့ရာတွင် လူနာဘေးကင်းရေးအား ဦးစားပေးရမည်ဖြစ်ပါသည်။ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများတွင် ရောဂါကာကွယ်ခြင်း၊ ဆေးဝါးကို ညွှန်ကြားချက်နှင့်အညီ သုံးစွဲခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီသွားရောက်နိုင်ရေး ပြည်သူများ နားလည်လွယ်အောင် ရှင်းပြပေးရန် လိုအပ်ပါသည်။

ဆေးရုံ၊ ဆေးခန်းများတွင် လူနာ၏အခြေအနေကို သေချာအကဲဖြတ်၍ ထပ်မံစစ်ဆေးရန်နှင့် အထူးကုသမှုခံယူရန် လိုအပ်ပါက သက်ဆိုင်ရာဆေးရုံ၊ ဆေးခန်းများထံ အချိန်မီလွှဲပြောင်းပေးနိုင်ရန် လိုပါသည်။ ထို့အတွက် တိုင်းရင်းဆေးပညာရှင်တွေနှင့် အခြားကျန်းမာရေးပညာရှင်များအကြား ပူးပေါင်းချိတ်ဆက်မှု ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်ကြစေလိုပါသည်။

သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ချိန်မှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခက်အခဲ ကြုံတွေ့နေသည့် ပြည်သူများထံသွားရောက်ကူညီခြင်းများ ဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းဆေးပညာရှင်များ၊ ဝန်ထမ်းများနှင့် ပူးပေါင်းပါဝင်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းဆေးရုံ၊ ဆေးခန်းများကို အဆင့်မြှင့်တင်ပေးခြင်း၊ ပညာရှင်များ မွေးထုတ်လေ့ကျင့်ပေးခြင်း၊ နှစ်စဉ် သုတေသနစာတမ်းဖတ်ပွဲတွေ ကျင်းပပေးခြင်းနှင့် တိုင်းရင်းဆေးဝါးများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ကြပ်မတ်ခြင်းများကို ဆောင်ရွက်ပေးနေပါသည်။ ထိုလုပ်ငန်းများမှတစ်ဆင့် ပြည်သူများအတွက်လက်တွေ့အကျိုးရလဒ် ပိုမိုရရှိလာစေဖို့ သုတေသန၊ ဆေးဝါး ထုတ်လုပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သုတေသနဆောင်ရွက်ရာတွင် အသုံးများသည့် တိုင်းရင်းဆေးဝါးနှင့်ကုထုံးများကို ဦးစားပေးရွေးချယ်၍ ဘေးကင်းမှု၊ ထိရောက်မှုနှင့် သုံးစွဲရာတွင် သတိပြုရမည့်အချက်များအား အဆင့်ဆင့် လေ့လာကြစေလိုပါသည်။ လေ့လာချက်တွေ့ရှိချက်များအား အကျိုးကျေးဇူး၊ ဘေးထွက်ဆိုးကျိုးနှင့် သုတေသန၏ အကန့်အသတ်များကို ပြည့်စုံစွာမှတ်တမ်းတင်ဖော်ပြပေးရန် လိုပါသည်။ တိုင်းရင်းဆေးတက္ကသိုလ်၊ ဆေးရုံ၊ သုတေသနဌာနနှင့် ဓာတ်ခွဲခန်းများ ပူးပေါင်း၍ရရှိလာသည့် အထောက်အထားများအား သင်ကြားရေး၊ ကုသရေးနှင့် ဆေးဝါးအရည်အသွေး မြှင့်တင်ရေးများ၌ ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများအနေဖြင့်လည်း ကုန်ကြမ်း၏ မူလရင်းမြစ်မှန်ကန်မှုနှင့် သန့်ရှင်းမှုကို စစ်ဆေးသည့်အဆင့်မှ ဖော်စပ်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းများအထိ အဆင့်တိုင်းတွင် အရည်အသွေး ထိန်းသိမ်းပေးရန် လိုပါသည်။ ဆေးဝါးအညွှန်းတွင် ပါဝင်ပစ္စည်း၊ သုံးစွဲပုံ၊ သတိပြုရန်အချက်နှင့် သက်တမ်းကုန်ဆုံးရက်များကို ရှင်းလင်းစွာ ဖော်ပြပေးရမည်ဖြစ်ပါသည်။ ဆေးဝါးသုံးစွဲမှုနှင့်ဆက်နွယ်နိုင်သော မလိုလားအပ်သည့် ဖြစ်ရပ်များကို တွေ့ရှိသည့်အခါ သက်ဆိုင်ရာဌာနထံအသိပေး၍ လိုအပ်သလို ပြန်လည်စစ်ဆေးနိုင်မည့်လုပ်ငန်းစဉ်များကို ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ကြစေလိုပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာကို ရေရှည်ထိန်းသိမ်းရန်အတွက် ဒေသအလိုက် လက်ဆင့်ကမ်းလာသည့် ရိုးရာဆေးပညာနည်းစနစ်များအား မူလပညာရှင်များနှင့် ရပ်ရွာအသိုက်အဝန်းများ၏ သဘောတူညီမှုနှင့် မှတ်တမ်းတင်စုစည်းဖို့ လိုပါသည်။ ထိုမှတ်တမ်းများတွင် ပညာရပ်၏မူလရင်းမြစ်ကိုဖော်ပြပြီး သင်ကြားရေးနှင့် သုတေသနအတွက် အသုံးပြုနိုင်ရေး စီစဉ်ကြစေလိုပါသည်။

ဆေးဖက်ဝင်အပင်များနှင့် ရှားပါးမျိုးနွယ်ဝင် အပင်များကိုလည်း သဘာဝပေါက်ရောက်ရာဒေသများတွင် ထိန်းသိမ်းပြီး ပြန်လည်စိုက်ပျိုးခြင်း၊ မျိုးပွားခြင်းများ ဆောင်ရွက်ရန်လိုပါသည်။ သက်ဆိုင်ရာဌာနများ၊ စိုက်ပျိုးသူများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများပူးပေါင်း၍ အပင်မျိုးခွဲခြားအတည်ပြုခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် သိုလှောင်ခြင်းစသည်တို့ကို သင့်လျော်သည့်နည်းစနစ်များကို အသုံးပြုကြစေလိုပါသည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် ရေရှည်တွင် ဆေးဝါးထုတ်လုပ်ရေးအတွက် အရည်အသွေးမီ ကုန်ကြမ်းများရရှိလာမည်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တိုင်းရင်းဆေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရုန်းဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ဘင်း(မဲ)စတက်နဲ့ မဲခေါင်ဒေသဆိုင်ရာ စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ မူဘောင်များမှတစ်ဆင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တရုတ်၊ အိန္ဒိယ စသည့် မိတ်ဖက်နိုင်ငံများနှင့်လည်း တိုင်းရင်းဆေးပညာကဏ္ဍတွင် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နေပါသည်။

ယနေ့ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲတွင် ပညာရှင်များအနေဖြင့် မိမိတို့၏ သုတေသနတွေ့ရှိချက်များသာမက လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် ဖြေရှင်းနိုင်ခဲ့သည့် နည်းလမ်းများအား တစ်ပါတည်း ရင်းနှီးပွင့်လင်းစွာ ဖလှယ်ဆွေးနွေးကြစေလိုပါသည်။ ဆွေးနွေးချက်များမှ ပြည်သူများအတွက် အကျိုးရှိ၍ လက်တွေ့ဆောင်ရွက်နိုင်မည့် အကြံပြုချက်များအား ဦးစားပေးရွေးချယ်ကြရန် တိုက်တွန်းလိုပါသည်။

ညီလာခံပြီးသည့်နောက်တွင် သက်ဆိုင်ရာဌာနများနှင့်ပညာရှင်အဖွဲ့အစည်းများမှ အကြံပြုချက်တစ်ခုစီအတွက် တာဝန်ယူမည့် အဖွဲ့၊ ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့၊ ရလဒ်အတွက် အကောင်အထည်ဖော်ရန် မျှော်မှန်းကြာချိန်များကို သတ်မှတ်ရေး စသည့်လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်ကြစေလိုပါသည်။ ဆောင်ရွက်ပြီးစီးမှုနှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း ပြန်လည်သုံးသပ်၍ လိုအပ်သလို ဖြည့်စွက်ဆောင်ရွက်သွားကြစေလိုပါသည်။

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းဆေးသမားတော်ကြီးများနှင့် မျိုးဆက်သစ်ပညာရှင်များအားလုံး မြန်မာ့တိုင်းရင်းဆေးပညာ အမွေအနှစ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်ပြန့်ပွားအောင် စောင့်ရှောက်၍ ပြည်သူများ၏ ကျန်းမာရေးအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာတို့ဖြင့် ဆက်လက်အကျိုးပြုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ယခု (၂၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှိုးနှော့ဖလှယ်ပွဲမှတစ်ဆင့် ပြည်သူတွေ ပိုမိုလက်လှမ်းမီ၍ ဘေးကင်းစိတ်ချရသည့် ကျန်းမာရေးစောင့်ရှောက်မှုကို ဖော်ဆောင်ပေးနိုင်မည့် ရလဒ်ကောင်းများ ထွက်ပေါ်လာပါစေကြောင်း ဆန္ဒပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသိရိသုခမွေ
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၉

ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန်နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်နှင့် တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ–ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်း ကောင်းနိုင်ငံများ ဖြစ်ကြပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တစ်လျှောက် အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု လူကုန်ကူးမှုနှင့် တရားမဝင်ကုန်သွယ်မှုများ အပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့်လုပ်ရပ်များတွင် အသုံးပြုရန်ရည်ရွယ်ပြီး နယ်စပ်ဒေသမှတစ်ဆင့် မြန်မာနိုင်ငံသို့ တရားမဝင်ဒရုန်းများ တင်ပို့မှုကို ထိရောက်စွာတားဆီးဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူညစ်ညမ်းမှုလျှော့ချရေး၊ နယ်စပ်ဒေသတစ်လျှောက် တရားမဝင် သတ္တုတူးဖော်မှုများမရှိစေရေးနှင့် တရားမဝင်သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အသုံးပြုသည့်ဓာတုပစ္စည်းများကို နယ်စပ်ဒေသမှတစ်ဆင့် တင်ပို့မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အခြေအနေများ၊ မြစ်ချောင်းများအတွင်းရှိ ရေအရည်အသွေးများ ကောင်းမွန်မှုရှိအောင် ထိန်းသိမ်းရေးတို့အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်မှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် တို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ ရှေ့ဖုံးမှ

တိုးတက်ကောင်းမွန်လျက် ရှိပါကြောင်း၊ နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြသည့် မိတ်ဖက်နိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံ၏ ဘက်စုံကြွယ်ဝမှုနှင့် ငြိမ်းချမ်းရေးကို အလေးထားပါကြောင်း၊ အဆွေတော် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဗီယက်နမ်နိုင်ငံကို စက်တင်ဘာလအတွင်းက လာရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်နောက်ပိုင်း လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကိုပြုလုပ်နိုင်ခဲ့ပြီး ကောင်းမွန်သည့် အကျိုးရလဒ်များကို ရရှိခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အထူးအလေးထားလျက် ရှိပါကြောင်း၊ အာဆီယံစင်မြင့်တွင် မြန်မာနိုင်ငံ ပြန်လည်ပါဝင်လာစေရေးအတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံဘက်မှ အမြဲရပ်တည်ထောက်ခံအားပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ထပ်မံတွေ့ဆုံရသည့်အတွက် အဆွေတော် သမ္မတကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ အားလုံးကို ကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် အဆွေတော်သမ္မတကြီးနှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် (၁၁)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီး အစည်းအဝေးတို့ကို ဗီယက်နမ်နိုင်ငံတွင် အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ ဗီယက်နမ်နိုင်ငံမှ အဆိုပြုသည့် "CLMV နိုင်ငံများအကြား ခေတ်မီကုန်းတွင်းဆိပ်ကမ်းစကြီး အစီအစဉ်" နှင့်ပတ်သက်၍လည်း ဒေသတွင်းအတွက် များစွာအကျိုးဖြစ်ထွန်းသည့် အစီအစဉ်ဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အာဆီယံကိစ္စရပ်များနှင့်ပတ်သက်၍ အာဆီယံ ဘုံသဘောတူညီချက် (၅)ရပ်သည် အစည်းအဝေးအတွင်း ဆွေးနွေးသဘောတူညီချက်မရှိဘဲ ထုတ်ပြန်ခဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပဋိညာဉ်နှင့်အညီ လုပ်ဆောင်လျက်ရှိပြီး လုပ်သင့် လုပ်ထိုက်သည်များနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်များကို အကောင်းဆုံးဖြစ်အောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အချို့ကိစ္စရပ်များတွင် အာဆီယံအနေဖြင့် ပြောင်းလဲလာမှု မရှိပါက မိမိတို့အနေဖြင့် အာဆီယံ ပဋိညာဉ်၏ အသက်ဝင်မှုကို ပြန်လည်သုံးသပ်သွားရန်လိုအပ်ပါကြောင်း၊ အာဆီယံနှင့် နိုင်ငံတကာမျက်နှာစာတွင် ဗီယက်နမ်နိုင်ငံ အနေဖြင့် မိမိတို့နိုင်ငံဘက်မှ ရပ်တည် ဆောင်ရွက်ပေးမှုများ အတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်း တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

ယင်းနောက် မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ ဘက်စုံပူးပေါင်း ဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ၁၀ နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ နိုင်ငံရေးပါတီ အချင်းချင်းနှင့် ပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ပြီး နှစ်နိုင်ငံအကြားပူးပေါင်း ဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေး တိုးတက်မှုရှိအောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍတို့တွင် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်လာစေရေး နှစ်နိုင်ငံအကြား သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကုန်တွင်းဆိပ်ကမ်းများနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းတို့ ချိတ်ဆက်၍ ဒေသတွင်းကုန်သွယ်မှုလမ်းကြောင်းများ ဖော်ဆောင်သွားနိုင်သည့် အခြေအနေများ၊ ဆက်သွယ်ရေးနည်းပညာများဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ပညာရေး၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်သွားနိုင်မည့် အခြေအနေများ၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးအစီအစဉ်အဖြစ် မြန်မာနိုင်ငံမှ ယဉ်ကျေးမှုအဖွဲ့များကို ဗီယက်နမ်နိုင်ငံသို့ စေလွှတ်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အစဉ်တစိုက်ပါဝင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဘို့ နိုင်ငံရေးနှင့် လုံခြုံရေးတို့အရ တည်ငြိမ်အေးချမ်းမှုရှိစေရေးတို့ အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ ဘက်မှ ဆက်လက်ထောက်ခံ ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား တွေ့ကြုံနေရသည့် အခက်အခဲများကို အတူတကွ ရင်ဆိုင်ကျော်ဖြတ်၍ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပြည်နှံ့ကြွယ်ဝမှုကို သာမက ဒေသတွင်းပြည်နှံ့ကြွယ်ဝမှုများကိုပါ ဖော်ဆောင်နိုင်မည့် အခြေအနေများနှင့် သဘာဝဘေး အန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံ အကြီးအကဲနှစ်ဦးတို့သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး နိုင်ငံတော်သမ္မတသည် ဗီယက်နမ်နိုင်ငံသမ္မတရုံး၊ တုံကင်နန်းတော်မှ ပြန်လည်ထွက်ခွာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၁) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟနွိုင်းမြို့စွန်ရှိ ဒေသန္တရကြက်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စစ် ငုယင် မင်းဟန်ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ် ငုယင် မင်းဟန်ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မင်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးမိသားစုများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ပို့ဆောင်နှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းကလည်း ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ဟနွိုင်းမြို့စွန်ရှိ ဒေသန္တရကြက်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ကြက်မွေးမြူမှုနည်းစနစ်များ၊ အစာကျွေးမွေးမှုစနစ်များ၊ ဧဝုံးကွက်ရရှိမှုနှင့် အကျိုးအမြတ်ရရှိမှု အခြေအနေများနှင့် အခြားသိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ဗီယက်နမ်နိုင်ငံ ဒေသန္တရမျိုးရင်းကြက်မွေးမြူရေးဒေသကြက်များကို လွတ်ကျောင်းစနစ်ဖြင့် မွေးမြူထားခြင်းဖြစ်ကြောင်း၊ အစာကျွေးမွေးရာတွင် ဒေသတွင်းမှ ထွက်ရှိသည့် ပြောင်းဖူး၊ မုယောစပါးတို့ကို အဓိကအစာအဖြစ် အသုံးပြု၍ ဖြည့်စွက်အစာအဖြစ် အစာစိမ်းများကို ကျွေးမွေး၍ မွေးမြူခြင်းဖြစ်ကြောင်း၊ ကြက်မွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် ကြက်ဥနှင့် ကြက်သားများကို ဈေးကွက်သို့ ကိုယ်တိုင်တင်ပို့ ရောင်းချခြင်းနှင့် အွန်လိုင်းမှတစ်ဆင့် ရောင်းချခြင်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ကြက်ဖြိမ့်ထွက်ရှိသည့် ကြက်ဥမြေဩဇာများကိုလည်း ရောင်းချခြင်းဖြင့် အကျိုးအမြတ်ရရှိလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

မွန်းလွဲ ၂ နာရီ ၉ မိနစ်တွင် ဝန်အား ၂၇၀ မဂ္ဂါဝပ်ခန့် စီးဆင်းနေသော ၂၃၀ ကေဘွီ ကမာနတ်–သာယာကုန်း ဓာတ်အားလိုင်းသည် ဓာတ်အားလိုင်းအပြစ် ဖြစ်ပွား၍ ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သည်။

စစ်ဆေးတွေ့ရှိ

ဓာတ်အားလိုင်း အပြစ်ဖြစ်ပေါ်မှုကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဌာနဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ လိုင်းစစ်ဆေးခြင်းဆောင်ရွက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအနီး တာဝါတိုင်အမှတ် (၂၇၇) နှင့် (၂၇၈)အကြားတွင် ယာခင်းရှင်မှ ကိုင်းတောအား မီးရှို့ရှင်းလင်းမှုကြောင့် မီးခိုးများ ထူထပ်စွာထွက်ရှိလာပြီး ဓာတ်အားလိုင်းကြိုးနှင့် မြေပြင်အကြား လျှပ်ကူးမှုဖြစ်ပေါ်စေခဲ့သဖြင့် ဓာတ်အားလိုင်းအပြစ် ဖြစ်ပေါ်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရသည်။

ဓာတ်အားပို့လွှတ်နိုင်ခဲ့

အဆိုပါဓာတ်အားလိုင်းပြတ်တောက်မှုကြောင့် ဓာတ်အားပေးစက်များ ရုတ်တရက်ရပ်တန့်မှုဖြစ်ပေါ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် စစ်ဆေးတွေ့ရှိရသည့် ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်မှုကို ရှင်းလင်းပြီး ယင်းနေ့ ညနေ ၃ နာရီတွင် ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ခဲ့သည်။

သို့ဖြစ်ပါ၍ ယခုကဲ့သို့ မလိုလားအပ်သော ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် မဟာဓာတ်အားလိုင်းများအောက်နှင့် အနီးဝန်းကျင်တွင် တောမီးရှို့ခြင်း၊ လယ်နှင့် ယာခင်းများအတွင်း ရိုးပြတ်များနှင့် ကိုင်းတောများ မီးရှို့ရှင်းလင်းခြင်းတို့အား မပြုလုပ်ခြင်းဖြင့် ပိုင်းဝန်းကူညီကြပါရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အသိပေးပန်ကြားထားသည်။



သတင်းစဉ်

မြစ်ကြီးကိုယ်စီ သစ္စာသီ၍ ရှေ့သို့လှမ်းချီ နိုင်ငံ့အတွက်ရည် (ACMECS) နှင့် (CLMV)

တံခွန်အောင်



ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (နိုဝင်ဘာ ၂၈ ရက်)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံသို့ စတင်ထွက်ခွာခဲ့သည်။ ဤခရီးစဉ်မှာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပသော (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) (အက်ခ်မက်)ထိပ်သီးအစည်းအဝေး၊ ကမ္ဘောဒီယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးပွဲများကို တက်ရောက်ခဲ့သည်။ နိုဝင်ဘာလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ခရီးစဉ်ကာလအတွင်း၌ နိုင်ငံတော်အကြီးအကဲသည် ထိပ်သီးအစည်းအဝေးပွဲ တက်ရောက်ခြင်းအပြင် ဒေသတွင်း နိုင်ငံတော်ဝန်ကြီးချုပ်များနှင့်လည်း တွေ့ဆုံခဲ့၏။ နိုင်ငံတော်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ (နိုဝင်ဘာ ၂၈ ရက်)

အကြီးအကဲ၏ ခြေလှမ်းတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရည်မှန်းချက်ထားကာ နိုင်ငံတွင်းမှသည် ကျစ်လျစ်ခိုင်မာသော ဒေသတွင်း တစ်ခုဆိုသည့် ရည်မှန်းချက်အထိ ခိုင်မာစွာ လျှောက်လှမ်းနေကြောင်း သက်သေညွှန်းဆိုလျက်ရှိသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အကြီးအကဲသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့ပြီး ယနေ့ ထိပ်သီးအစည်းအဝေးခရီးစဉ်နှင့်ဆိုလျှင် ဗီယက်နမ်နိုင်ငံသို့ ဒုတိယအကြိမ်ခရီးစဉ်ပင်ဖြစ်သည်။ လက်ရှိခရီးစဉ်နှင့်စပ်လျဉ်း၍ စာဖတ်သူတိုင်း သိသာထင်ရှားစွာ မြင်တွေ့နိုင်ရန် ကနဦးရှင်းပြရမည့် အချက်အလက်များရှိနေသည်။

ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)(အက်ခ်မက်)

ဤသည်မှာ မြန်မာ-ထိုင်း-လာအို-ကမ္ဘောဒီးယား-ဗီယက်နမ် (၅)နိုင်ငံပါဝင်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့တစ်ဖွဲ့ဖြစ်သည်။ နိုင်ငံအားလုံးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည်ကိုလည်း ကနဦးတွေ့မြင်ရမည်ဖြစ်၏။ ဤအဖွဲ့အား ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)(အက်ခ်မက်)ဟု အမည်ပေးထား၏။ ဧရာဝတီမြစ်သည်မြန်မာနိုင်ငံ၏အသက်သွေးကြောသဖွယ်ဖြစ်သည့် ထင်ရှားသည့်မြစ်ကြီးတစ်စင်းဖြစ်သည်ကို အားလုံးသိထားပြီးဖြစ်သည်။ နိုင်ငံအတွက် သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးနှင့် မွေးမြူရေးစသော ကဏ္ဍစုံအတွက် အရေးပါသော မြစ်တစ်စင်းဖြစ်သည်ကို စာရေးသူတို့ နိုင်ငံသားတိုင်း သိနှင့်ပြီးဖြစ်လိမ့်မည်။ ထို့အတွက် မြန်မာကို ကိုယ်စားပြုထားသည်။

ကျောက်ဖရားမြစ်ဆိုသည်မှာ ထိုင်းနိုင်ငံ၏ အကြီးဆုံးနှင့် အရေးပါဆုံး မြစ်ကြီးတစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံအလယ်ပိုင်းနှင့် ဘန်ကောက်မြို့တို့ကို ဖြတ်သန်းစီးဆင်းကာ ထိုင်းပင်လယ်ကွေ့အတွင်းသို့ စီးဝင်သော မြစ်ကြီးတစ်စင်းဖြစ်၏။ ထိုင်းနိုင်ငံ၏ ကဏ္ဍစုံအတွက် အရေးပါသော မြစ်တစ်စင်းဟု လေ့လာသိရှိရသည်။ ထို့အတွက် ထိုင်းနိုင်ငံကို ကိုယ်စားပြုသည်။

မဲခေါင်မြစ်ဝှမ်းအောက်ပိုင်း၌ လာအို-ကမ္ဘောဒီးယား-ဗီယက်နမ်တို့တည်ရှိပြီး စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် သဘာဝပတ်ဝန်းကျင်များအရ များစွာအထောက်အကူပြုနေသော မြစ်ကြီးတစ်စင်းဖြစ်သည်။ မဲခေါင်မြစ်သည် လာအိုနိုင်ငံ၏ အရှည်လျားဆုံးသော လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းစီးဆင်းနေသည်။ လာအိုနိုင်ငံရှိ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ရေကာတာတည်ဆောက်မှုလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစသော လုပ်ငန်းများအတွက် များစွာ အရေးပါလျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် မဲခေါင်မြစ်ဟုဆိုလျှင် မဲခေါင်မြစ်သည် ကမ္ဘောဒီးယားနိုင်ငံအတွက် ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ ရေကြောင်းသွားလာရေးတို့အတွက် အသက်သွေးကြောတစ်ခုသဖွယ်ဖြစ်နေ၏။ ကမ္ဘောဒီးယားနိုင်ငံ ဖန္ဓမ်းပင်အနီးမှ ဖြတ်သန်းစီးဆင်းသွားသည်။ ဗီယက်နမ်နှင့် မဲခေါင်မြစ်ဟုဆိုလျှင် မဲခေါင်မြစ်သည် ကမ္ဘောဒီးယားနိုင်ငံကတစ်ဆင့် ဗီယက်နမ်နိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်လာခြင်းဖြစ်သည်။ နိုင်ငံအတွင်း မြစ်လက်တက်များစွာ စီးဆင်းကာ တောင်တရုတ်ပင်လယ်ထဲသို့ စီးဝင်သည်။ ထိုသို့စီးဝင်သောကြောင့် မြေသြဇာ အလွန်ကောင်းမွန်သော မြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်ခဲ့၏။ ဗီယက်နမ်နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်စီးပွားရေးအတွက် အသက်သွေးကြောဟု တင်စားရမည်။ ဤသို့သော အကြောင်းများက မဲခေါင်သည် ကမ္ဘောဒီးယား-လာအို-ဗီယက်နမ်တို့ကို ကိုယ်စားပြုထား၏။

အဆိုပါဒေသတွင်း မြစ်ကြီး(၃)စင်းသည် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မြန်မာ-ထိုင်း-လာအို-ကမ္ဘောဒီးယား-ဗီယက်နမ် (၅)နိုင်ငံအကြား ပထဝီဝင်နှင့် စီးပွားရေးအရ များစွာဆက်စပ်နေသည်။ ထိုမှတစ်ဆင့် နိုင်ငံများ၏ ကုန်းတွင်းလမ်းများကို စီးပွားရေးစင်္ကြံများအဖြစ် ပုံဖော်ပေးနိုင်မှု၊ ပထဝီဝင်နှင့် မြစ်ဝှမ်းဒေသများ ဆက်စပ်မှု၊ စီးပွားရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆက်စပ်နိုင်မှု၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဟန်ချက်ညီညီ ပေါင်းစည်းနိုင်မှုစသော ဒေသတွင်း ရလဒ်ကောင်းများကို ထွက်ပေါ်စေနိုင်သည်ကို အထင်အရှားတွေ့မြင်ရသည်။ ဤမျှဆိုလျှင် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)(အက်ခ်မက်)အကြောင်းကို စာဖတ်သူတို့ သိရှိနိုင်သွားမည်ဟု ယုံကြည်သည်။ ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲ၏ (ACMECS)(အက်ခ်မက်) ဆိုင်ရာ ခြေလှမ်းများ၏ အဓိပ္ပာယ်ကိုလည်း နားလည်တွေ့မြင်နိုင်မည်ဟု ထပ်ဆင့်ယုံကြည်မိသည်။

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV) (စီအယ်လ်အမ်ဗွီ)

ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ဟူသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော နိုင်ငံ (၄)နိုင်ငံကို ကိုယ်စားပြုခေါ်ဝေါ်ခြင်းဖြစ်သည်။ အဓိက ရည်ရွယ်ချက်များသည် စီးပွားရေးကွာဟမှု လျှော့ချရန်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရန်တို့ပင် ဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့၏။

၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း အာဆီယံအဖွဲ့ဝင်အသစ်ဖြစ်ခဲ့သော (၄)နိုင်ငံအတွက် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုနှင့်အတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ CLMV နိုင်ငံများ၏ စီးပွားရေးအားသာချက်များကိုကြည့်လျှင် လူငယ်လုပ်သားအင်အားပေါများခြင်း၊ သဘာဝအရင်းအမြစ်ကြွယ်ဝခြင်း၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနိုင်ငံတို့အား ကုန်သွယ်ရေးလမ်းကောင်းပေါ်တွင် တည်ရှိနေခြင်းဆိုသည့် အားသာချက်များကို တွေ့ရမည်ဖြစ်သည်။

ဤမျှဆိုလျှင် စာဖတ်သူတို့ CLMV နှင့်စပ်လျဉ်း၍ အကြမ်းမျှနားလည်နိုင်ကြမည်ဟု ထင်ပါသည်။ ထိုမှတစ်ဆင့် လက်ရှိနိုင်ငံတော်အကြီးအကဲ၏ (ACMECS)(အက်ခ်မက်)နှင့် CLMV ဆိုင်ရာ ဒေသတွင်းဆီသို့ ရည်မှန်းလျှောက်လှမ်းနေသည့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ခြေလှမ်းများကို အတိုင်းသားတွေ့မြင်နိုင်မည်လည်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ သမ္မတ၊ တက်ရောက်လာသည့် နိုင်ငံဝန်ကြီးချုပ်များနှင့် သီးခြားတွေ့ဆုံ

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့သို့ ရောက်ရှိခဲ့သည်။ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစဉ်တွင် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခြင်း၊ ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူ အလေးပြု၍ ခရီးဦးကြိုပြုခဲ့ကြသည်။

ဤခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆလုံဆေး ကိုမာဆစ်တို့နှင့် သီးခြားတွေ့ဆုံခဲ့သေးသည်။ တွေ့ဆုံရာ၌ နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများ တိုက်ဖျက်ရေးနှင့် အာဆီယံဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံတပ်မတော် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စစ်ရေးလေ့ကျင့်မှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖော်ဆောင်ရေးနှင့် ၂၀၂၇ ခုနှစ်တွင် နိုင်ငံ၌ ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကိုလည်း ချပြဆွေးနွေးခဲ့၏။

တစ်ဖက်ဝန်ကြီးချုပ်များ၏ ပြန်လည်ဆွေးနွေးမှုများအရ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေး၊ စီးပွားရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းအဖွဲ့အစည်းများတွင် ဆက်လက်လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ မြန်မာပြည်တွင်းရေးအား မြန်မာနိုင်ငံကသာ ဆုံးဖြတ်မှုအပေါ် ပြည်ပမှ ပြည်တွင်းရေးအပေါ် ဝင်ရောက်စွက်ဖက်မှုကို လက်မခံနိုင်ရေး၊ အာဆီယံတွင် မြန်မာနိုင်ငံ၏ပါဝင်မှု အရေးကြီး၍ အာဆီယံတွင် မြန်မာနိုင်ငံအနေဖြင့်

စာမျက်နှာ ၇ သို့

❑ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်၊ နိုင်ငံအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှု ခိုင်မာမှသာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုလည်း အရှိန်အဟုန်မြင့်မားလာမည်ဖြစ်၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အမိအရ အလျင်အမြန်တည်ဆောက်နိုင်မည်ဖြစ်၊ ထိုရလဒ်ကို ယနေ့ အိမ်နီးချင်းနိုင်ငံများနှင့် ပြည်ပနိုင်ငံများအချို့တွင် မျက်ဝါးထင်ထင် တွေ့မြင်ရမည်**

စာမျက်နှာ ၆ မှ

အပြည့်အဝပါဝင်လာနိုင်ရေး၊ မြန်မာသည် အာဆီယံနှင့် ဆက်လက်ထိတွေ့စေလိုရေးစသော ယင်းတို့၏ သဘောထားဆန္ဒများကိုလည်း ပွင့်လင်းမြင်သာစွာ ပြန်လည်ချပြဆွေးနွေးခဲ့သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအနုတင်ချာဝီရကွန်နှင့် တွေ့ဆုံရာတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုဖြင့်တင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အာဆီယံဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့၏။ ထို့အပြင် နယ်စပ်ဖြတ်ကျော်အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှု၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်ပစ္စည်းများ သယ်ဆောင်မှုကို ထိရောက်စွာနှိမ်နင်းရေး၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး၊ နိုင်ငံတွင်း ၂၀၂၇ ခုနှစ် ပထမလေးလပတ်တွင် ကျင်းပမည့် ငြိမ်းချမ်းရေး ညီလာခံကျင်းပနိုင်ရေး၊ မြန်မာ-အာဆီယံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ လာရောက်နိုင်ရေးကိစ္စရပ်များကိုပါ ဆွေးနွေးခဲ့၏။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗိုလ်ချုပ်မှူးကြီး ဒေါ်စုလှိုင်တို့ ဂုဏ်ပြုဧည့်ခံပွဲ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗိုလ်ချုပ်မှူးကြီး ဒေါ်စုလှိုင် ဂုဏ်ပြုဧည့်ခံပွဲသို့ တက်ရောက်လာကြသော ပြည်သူများကို ကြိုဆိုနှုတ်ဆက်နေစဉ်။ (ဓာတ်ပုံ - ဦးမင်းလွင်)

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗိုလ်ချုပ်မှူးကြီး ဒေါ်စုလှိုင်တို့

တနသ်ာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်၌ Recreation Centre RCC နှစ်ထပ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ



မြိတ် နိုဝင်ဘာ ၂၉

တနသ်ာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်၌ Recreation Centre RCC နှစ်ထပ် အဆောက်အအုံ(မြို့ပြ၊ ရေသန့်၊ လျှပ်စစ်အပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်မှစတင်ကာ နှစ်ဆက်လုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ဘောလုံးကွင်းတို့ကို ယမန်နေ့က ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ချောချောစိန်သည် တနသ်ာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကျွန်းစုမြို့နယ် ပထက်ကျေးရွာရှိအထက(ပထက်) ကျောင်း သိပ္ပံခန်း၊ ကွန်ပျူတာခန်း၊ သင်ထောက်ကူခန်း၊ စာကြည့်တိုက်နှင့် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ကျောင်းသား ကျောင်းသူများအား အချိန်ပို သင်ကြားသင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ကျောင်းခန်းမ၌ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက စာရေးကိရိယာများ၊ Grade–12 အောင်ချက်မြင့်မားရေး စာဖတ်ပိုင်းသင်ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချီးမြှင့်ငွေများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့ အထက(၁) ကျောင်း၌ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများအနေဖြင့် ကျောင်းများသို့ ကွင်းဆင်းကြည့်ရှု၍ လိုအပ်ချက်များကိုသိရှိပြီး စနစ်တကျမှတ်တမ်းပြုစုထားရှိရန်၊ ကျောင်းဆောင်များ၊ အားကစားကွင်းများ၊ စုဝေးကွင်းများနှင့် ဝန်ထမ်းအိမ်ရာများ သတ်မှတ်စံနှုန်းနှင့် ကိုက်ညီစေရေးဆောင်ရွက်ရန်၊ ကျောင်းများတွင် အုပ်ချုပ်ရေးနှစ်၊ သင်ကြားရေးနှစ်နှင့် အိမ်ရာဇုန်တို့သတ်မှတ်၍ Master Plan များ ရေးဆွဲထားရှိရန် မှာကြားထားပြီးဖြစ်ကြောင်း၊ အလျှုရှင်များ၏ ပံ့ပိုးကူညီမှုများကိုလည်း Master Plan နှင့်အညီ အကျိုးရှိစွာအသုံးချရန် လိုအပ်ကြောင်း ပြောကြားပြီး မြိတ်ခရိုင်ရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြိတ်မြို့ရှိ အလက(၁၁)နှင့် အထက(၉) တို့တွင် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank) အနေဖြင့် ပြည်သူများအိမ်ရာပိုင်ဆိုင်ခွင့်ရရှိရေး ရည်မှန်းချက်များကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၂၉

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank)အနေဖြင့် ပြည်သူများအိမ်ရာပိုင်ဆိုင်ခွင့်ရရှိရေး ရည်မှန်းချက်များကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို Mobile Banking နှင့် MMQR ကဲ့သို့သော ငွေပေးချေမှုစနစ်များ ကျယ်ပြန့်စွာအသုံးချပြီး နိုင်ငံတော်၏ အိမ်ရာကဏ္ဍတွင် အားကိုးအားထားပြုနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း CHID ဘဏ် နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တိုက်တွန်းပြောကြားသည်။

ယနေ့ အဆိုပါဘဏ်(ရုံးချုပ်)၌ ကျင်းပသည့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank)၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ထိုသို့ တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက CHID ဘဏ်တိုးတက်အောင်မြင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် မူဝါဒနှင့်အညီ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ CHID ဘဏ်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Semi – Government Bank တစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများအနက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ အများပြည်သူများအတွက် အိမ်ရာတည်ဆောက်ခြင်းကဏ္ဍများနှင့် အခြားလိုအပ်သည့်ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဘဏ်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးကို ရပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ–၂၀၂၅ (MNBC–2025)နှင့် ကိုက်ညီမှု ရှိ/မရှိ အသေးစိတ်ဒီဇိုင်းများစစ်ဆေးခြင်း၊ အထပ်မြင့်အဆောက်အအုံများ၏ ဒီဇိုင်းစစ်ဆေးခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းခွင် စစ်ဆေးခြင်းများကို တတိယအဖွဲ့အစည်းများနှင့် စစ်ဆေးရန် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်၍ Accredited Checker နှင့် EIETကဲ့သို့ Third Party အနေဖြင့် ဆောင်ရွက်သည့် ပညာရှင်အဖွဲ့အစည်းများသည် ဥပဒေအရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မှတ်ပုံတင်လက်မှတ်ရယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ နာယက ဒေါက်တာ အောင်ကျော်မြတ်၊ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဖြေတမ်းအတွင်းဝန်က ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့အစည်းအချင်းချင်း အပြန်အလှန်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဇေယျာသီရိခရိုင်နှင့် ဥတ္တရခရိုင်တို့တွင် အယ်လ်နီညိုသဘာဝဘေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၂၉

အစွန်းရောက်ရာသီဥတု သက်ရောက်မှုကြောင့် မွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုမဖြစ်ပေါ်စေရန် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများနှင့် သတိပြုလိုက်နာသင့်သည့် အချက်များကို ယမန်နေ့က စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက နေပြည်တော် ဇေယျာသီရိခရိုင်နှင့် ဥတ္တရခရိုင်တို့ရှိ မွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များအား သက်ဆိုင်ရာဒေသများအရောက် ကွင်းဆင်းတွေ့ဆုံ ဟောပြောသည်။

ဟောပြောဆွေးနွေး

တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စု သပြေချောင်းကျေးရွာ သဒ္ဓမ္မပါလ မဟာဇေယျံ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနှင့် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ ပုဗ္ဗသိရိမြို့နယ် ဘဲကုန်း(တောင်) ကျေးရွာနှင့် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စုတို့ရှိ သတ်မှတ်နေရာများတွင် ဒုတိယဝန်ကြီးနှင့် ဌာနတာဝန်ရှိသူများက အယ်လ်နီညိုသဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောကြပြီး တိရစ္ဆာန်အစာ ရှာဖွေစုဆောင်းကျွေးမွေးခြင်း၊ တိရစ္ဆာန်ရောဂါ ကာကွယ်ရေးဆိုင်ရာများ အသိပညာပေး ဟောပြောဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်နှင့် ဒေသတွင်း အသားကဏ္ဍ ဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ အယ်လ်နီညိုကာလအတွက် တိရစ္ဆာန်များ ထိခိုက်မှုမရှိစေရန် တိရစ္ဆာန်အစာနှင့် ရေ၊ ခိုလှုံရာနေရာများ ကြိုတင်ပြင်ဆင်ရန်၊ ကူးစက်ရောဂါကာကွယ်ရန်နှင့် အရေးပေါ်အခြေအနေအတွက် အကူအညီလိုအပ်ပါက ဆက်သွယ်ဆောင်ရွက်ရမည့် နေရာဌာနများနှင့်ပတ်သက်၍ အသေးစိတ်ဖြည့်စွက် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တစ်အိမ်လုံးတွင်
မည်သူမျှ
မရှိနေချိန်၌
မလိုအပ်သော
လျှပ်စစ်အသုံးပြုမှု
အားလုံးကို
ပိတ်ခြင်းဖြင့်
လျှပ်စစ်ကို
ချွေတာသုံးစွဲပါ။

မြန်မာ့ရိုးရာ ကြိုးကြီးချိတ်ကို ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

မန္တလေး နိုဝင်ဘာ ၂၉

မြန်မာ့ရိုးရာ ကြိုးကြီးချိတ်ကို(UNESCO) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမရပူရမြို့နယ်ရှိ သိန်းညိုပိုးထည်လုပ်ငန်း၌ မြန်မာ့ရိုးရာ ကြိုးကြီးချိတ် အထည်ရက်လုပ်နေမှုကို ယနေ့မွန်းလွဲပိုင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သွားရောက်ကြည့်ရှုပြီး ကြိုးကြီးချိတ်သည် သာမန်ရိုးရိုးချိတ်များထက် ချည်ကြိုးအမျိုးအစားစုံလင်စွာဖြင့် အချိန်ယူ၍ အသေးစိတ်ရက်လုပ်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ မြန်မာ့ရိုးရာကြိုးကြီးချိတ်ကို ယူနက်စကို(UNESCO) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ထွန်းကားခဲ့သည့် ချည်ထည်ရက်လုပ်ခြင်း လက်မှုအတတ်ပညာကို နောင်တွင် မတိမ်ကောမပျောက်ပျက်စေရေးအတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်ရန် အလွန်အရေးကြီးကြောင်း ပြောကြားခဲ့သည်။

မြန်မာ့ရိုးရာကြိုးကြီးချိတ်လုပ်ငန်းသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက တည်ရှိခဲ့သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် လက်မှုပညာလုပ်ငန်း တစ်ခုဖြစ်ပြီး အထူးသဖြင့် အမရပူရမြို့နယ်သည် ကြိုးကြီးချိတ်ရက်လုပ်မှုတွင် အလွန်ထင်ရှားသော ဒေသတစ်ခုဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ မန္တလေးမြို့ Mingalar Mandalay Hotel သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ် ပေါကြွယ်ဝသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်နှင့်အညီ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် ဟိုတယ်များအနေဖြင့် ဧည့်သည်များ အားအဆင့်အတန်းမီသော ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုများပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ရေး၊ ဟိုတယ်ရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ထမ်းများဖြစ်စေရေး၊ ဒေသထွက်ရိုးရာလက်မှုအနုပညာပစ္စည်းများ ခင်းကျင်းထားရှိရေးနှင့် မြန်မာ့ရိုးရာအစားအစာများကို ဘေးအန္တရာယ် ကင်းရှင်းစွာနှင့် အဆင့်အတန်းမီစွာ ပြင်ဆင်တည်ခင်းဧည့်ခံ ဝန်ဆောင်မှုပေးနိုင်ရေး၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်များအနေဖြင့် တာဝန်ရှိသူအဆင့်ဆင့်က ပိုင်းဝန်းကြပ်မတ် ကြိုးစားဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

M LEAGUE 2026 (U 20) နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

M LEAGUE 2026 (U 20) နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ M LEAGUE 2026 (U 20) နောက်ဆုံးပွဲစဉ်အဖြစ် Yangon United FC အသင်းနှင့် ISPE FC အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဘောလုံးပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ M LEAGUE 2026 (U 20) ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံး ဆု၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး အားကစားသမားဆု၊ တတိယဆုရရှိသည့် Dagon Star United FC အသင်းနှင့် ဒုတိယဆုရရှိသည့် ISPE FC အသင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုကလပ်များ၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြသည်။

ထို့ပြင် M LEAGUE 2026 (U 20) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် Yangon United FC အသင်းအား အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ချန်ပီယံဆုဖလားကို လည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။



ဇွဲထက်ကို(ပြန်/ဆက်)

❒ *ကျောဖုံးမှ*

အဆင့်(၂)နေရာမှ ဒဂုံစတားယူနိုက်တက်အသင်း ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် အဆင့်(၃)နေရာသို့ ဆင်းပေးခဲ့ရသည်။ ရန်ကုန်ယူနိုက်တက်အတွက် အနိုင်ဂိုးများကို ပွဲအစ ၃ မိနစ်တွင် အောင်မျိုးခန့်၊ ၃၄ မိနစ်တွင် မူစတာဖာ၊ ၄၈ မိနစ်တွင် မောင်မောင်လွင်နှင့် နာကျင်အချိန်ပို ၉၀+၅ မိနစ်တွင် ဆိုင်တိုတို့က သွင်းယူပေးခဲ့သည်။ ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းခေါင်းဆောင် မောင်မောင်လွင် ရရှိခဲ့သည်။

စတားစီးတီးကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် ISPE အသင်းက ချင်းလန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ချင်းလန်းအသင်းက ပွဲချိန် ၂၃ မိနစ်တွင် အာနန်ဖီးလစ်၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ISPE အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် စောဆဲကပေါ်ဆေးနှင့် ၇၄ မိနစ်တွင် ဝင်းပြည့်မောင်တို့က သွင်းယူပေးခဲ့သည်။

ပဲခူးကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် အိမ်ရှင် ဟံသာဝတီယူနိုက်တက်က မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီယူနိုက်တက်အတွက် အနိုင်ဂိုးများကို ၇၁ မိနစ်တွင် ဟိန်းထက်အောင်နှင့် ၇၄ မိနစ်တွင် သန်းကျော်ဌေးတို့က သွင်းယူပေးခဲ့ပြီး မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီး မိနစ် ၉၀ တွင် စိုးသက်မောင်က သွင်းယူပေးခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက်မှ ဝင်းမိုးကျော်က ရရှိခဲ့သည်။

အပတ်စဉ်(၈) နောက်ဆုံးပွဲစဉ်ကို နိုဝင်ဘာ ၃၀ ရက်တွင် စတားစီးတီးကွင်း၌ သစ္စာအားမာန်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး

နှမ်းသီးနှံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

နှမ်းသီးနှံဖွံ့ဖြိုးရေးကို ထုတ်လုပ်မှုပမာဏ တိုးတက်ရေးအပြင် မျိုးစေ့မှ စျေးကွက်အထိ တန်ဖိုးကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ နှမ်းသီးနှံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက မိတ္တီလာခရိုင် မိတ္တီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။(ယာပုံ)

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တက်ရောက်၍ နှမ်းအထွက်နှုန်းတိုးတက်ရေးအတွက် "မျိုး၊ မြေ၊ ရေ၊ နည်း" နှင့်အညီ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်ရရှိသုံးစွဲနိုင်ရေး၊ မြေပြုပြင်မှု၊ မြေသြဇာသုံးစွဲမှု၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် ရိတ်သိမ်းနည်းစနစ်များ မှန်ကန်စေရေးတို့အတွက် တောင်သူများထံ နည်းပညာ ပံ့ပိုးပေးမည်ဖြစ်ကြောင်းနှင့် ရေရရှိချိန်တွင် စနစ်တကျစုဆောင်းထားရန်၊ အလေအလွင့်မရှိ စနစ်တကျသုံးစွဲရန်နှင့် ရေအခက်အခဲဖြစ်ပေါ်ပါက မျှဝေသုံးစွဲသည့် အလေ့အကျင့်ကောင်းများဖြင့် ညီညွတ်မျှတစွာသုံးစွဲရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာပပဝင်းနှင့် ပညာရှင်များက နှမ်းအထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးနည်းပညာများ ရှင်းလင်းဆွေးနွေးခြင်း၊ တောင်သူများ အုပ်စုဖွဲ့ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မိတ္တီလာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရေအလေအလွင့်မရှိစေဘဲ စိုက်ဧကများသို့ အပြည့်အဝရောက်ရှိရေး၊ ဆည်ကန်များမှ ရေသောက်စနစ်များကို ချိတ်ဆက်၍ ရေပို ရေလျှံများကို အဆင့်ဆင့် စနစ်တကျအသုံးပြုရေး၊ ကုန်းမြင့်ဒေသများနှင့် ရေမြောင်းအဖျားပိုင်းများ အထိ ရေပြည့်ဝစွာရရှိစေရန် ရေကူတမံ၊ ရေလွှဲဆည်နှင့် ကျေးလက်ကန် လိုအပ်ချက်များကို ဆွေးနွေးဖော်ထုတ်ရေး၊ မြေအောက်ရေ ဖြည့်တင်းနိုင်စွမ်းကို သုတေသနပြု ထိရောက်စွာအသုံးပြုရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းက ဝမ်းတွင်းမြို့နယ်အတွင်း အကောင်အထည်ဖော်လျက်ရှိသော ရွှေတောင်ဆိုလာစနစ် ရေတင်လုပ်ငန်းနှင့် ခင်ဘန်း(လွင်ပြင်တိုးချဲ့) ဆိုလာစနစ် ရေတင်စီမံကိန်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး နည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

အာဆီယံနိုင်ငံတွေရဲ့ခေါင်းဆောင် လေးယောက်စလုံးက မြန်မာနိုင်ငံဘက်က အပြည့်အဝ ရပ်တည်ပါတယ်၊ ရှေ့ဆက်သွားရမယ့် လမ်းကြောင်းကိုလည်း မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့သွားတာကို သဘောတူပါတယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် (၁၁) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) ထိပ်သီးအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန်နှင့် (၁၂) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်နှင့် စပ်လျဉ်း၍ မိဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။

မေး ။ ။ နိုင်ငံတော်သမ္မတကြီးရဲ့ ဗီယက်နမ်နိုင်ငံ ခရီးစဉ်ကနေ နိုင်ငံတော်နဲ့ပြည်သူတွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိခဲ့တယ်ဆိုတာ သိပါရစေ။

ဖြေ ။ ။ အခုခရီးစဉ်က အစည်းအဝေးနှစ်ခု သွားတက်တာပါ။

ပထမတစ်ခုက (၁၂) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးပါ။ နောက်တစ်ခုက ACMECS ထိပ်သီးအစည်းအဝေးပါ။ ဒီအစည်းအဝေးနှစ်ခုမှာ CLMV က Member အနေနဲ့ တက်တာပါ။ ACMECS အစည်းအဝေးကတော့ နိုင်ငံတော်သမ္မတကြီးက Chairperson အနေနဲ့ တက်ပါတယ်။ ၂၀၂၅ နဲ့ ၂၀၂၆ နှစ်နှစ်တာ ကာလကို မြန်မာနိုင်ငံက Chair အဖြစ် တာဝန်ယူပြီး ACMECS ရဲ့ လုပ်ငန်းစဉ်တွေကို ဦးဆောင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒီအစည်းအဝေးမှာ တက်ရောက်တဲ့ နိုင်ငံက လေးနိုင်ငံပါ။ ကျွန်မတို့နိုင်ငံပါရင်တော့ ငါးနိုင်ငံပါ။ တက်ရောက်လာတဲ့ နိုင်ငံလေးနိုင်ငံက ခေါင်းဆောင်တွေနဲ့ Bilateral ဆွေးနွေးခဲ့ပါတယ်။ အဲဒီလို Bilateral ဆွေးနွေးတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေ၊ အာဆီယံနဲ့ ပတ်သက်လို့ Five-Point Consensus အပေါ် ကျွန်မတို့ဘက်က ရပ်တည်ချက်တွေကို ရှင်းပြနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ASEAN Summit မှာ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံရဲ့ အနေအထားနဲ့ ဆွေးနွေးတဲ့ အကြောင်းအရာတွေအပေါ် ပြန်လည်ရှင်းပြတာတွေ လုပ်ခဲ့ပါတယ်။

နောက်တစ်ခုက စီးပွားရေးနဲ့ ပတ်သက်လို့ပါ။ အရင်ရှိနှင့်ပြီးသား လေးနိုင်ငံဆက်တဲ့ East-West Corridor လမ်းကြောင်းကြီးကနေ တစ်ဆင့် ကျွန်မတို့နိုင်ငံရဲ့ ထားဝယ်ရေနက်ဆိပ်ကမ်း၊ သီလဝါ စီးပွားရေးဇုန် ဒါတွေနဲ့ ချိတ်ဆက်ပြီး ဘယ်လိုဆောင်ရွက်လို့ရမယ်ဆိုတာ ဆွေးနွေးခဲ့တယ်။ ဗီယက်နမ်နိုင်ငံက အရှေ့ဘက်ပင်လယ်ထွက်ပေါက် ဖြစ်ပြီး ကျွန်မတို့နိုင်ငံက အနောက်ဘက်ပင်လယ်ထွက်ပေါက်ဖြစ်ပါတယ်။ ဒီနှစ်နိုင်ငံကို ကြားထဲက နှစ်နိုင်ငံနဲ့ ချိတ်ဆက်သွားမယ်ဆိုရင် ကုန်းတွင်း Landlocked နိုင်ငံတွေအတွက် အကျိုးရှိသလို ကျွန်မတို့ လေးနိုင်ငံလုံးဟာ အရှေ့နဲ့ အနောက်ကို ဖောက်ပြီး ဆက်သွယ်နိုင်မှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်မတို့ ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုက CLMV မှာ ဗီယက်နမ်နိုင်ငံက Propose လုပ်တဲ့ ကုန်းတွင်းဆိပ်ကမ်း Dry Port ၄၅ ခုပါဝင်တဲ့ Dry Port Corridor ကို ကျွန်မတို့နိုင်ငံက သဘောတူခဲ့ပါတယ်။ အဲဒီမှာ ကျွန်မတို့နိုင်ငံက Dry Port ရှစ်ခု ပါဝင်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ သဘောတူခဲ့ပါတယ်။

ဘယ်လိုအကျိုးကျေးဇူးရသလဲဆိုရင် အာဆီယံနဲ့ ပတ်သက်လို့ Bilateral တွေ တွေ့ဆုံဆွေးနွေးခွင့်ရတယ်။ ကိုယ့်ဘက်က ရှင်းပြရမယ့် အကြောင်းအရာတွေကို ရှင်းပြခွင့်ရတယ်။ ပြီးတော့ အာဆီယံနိုင်ငံတွေရဲ့ ခေါင်းဆောင် လေးယောက်စလုံးက မြန်မာနိုင်ငံဘက်က အပြည့်အဝ ရပ်တည်ပါတယ်။ ရှေ့ဆက်သွားရမယ့် လမ်းကြောင်းကို လည်း မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ သွားတာကို သဘောတူပါတယ်။ အာဆီယံမှာ မြန်မာနိုင်ငံ ပုံမှန်အတိုင်း ပြန်လည်ပါဝင်လာဖို့ကို အပြည့်အဝ ထောက်ခံပါတယ်ဆိုပြီး လေးနိုင်ငံလုံးက ပြောကြားခဲ့ပါတယ်။ ဒီခရီးစဉ်မှာ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ မိတ်ဖက်ဆက်ဆံရေးအရ၊ သံတမန်ရေးအရ တစ်ပေါင်းတစ်စည်းတည်း ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရပါတယ်။

မေး ။ ။ ဗီယက်နမ်ကပြုလုပ်မယ့် ကုန်းတွင်းဆိပ်ကမ်း စကြိမ်မှာ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုလမ်းကြောင်း၊ ဘယ်လို ကုန်စည်ဖို့ဆောင်ရေးစခန်းတွေကို ဦးစားပေး ချိတ်ဆက်ဖို့ စီစဉ်ထားတယ်ဆိုတာ သိပါရစေ။ ပြီးတော့ မြန်မာကုန်သည်တွေ အထူးသဖြင့် အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေအတွက် နယ်စပ်ဖြတ်ကျော်ရာမှာ အချိန်နဲ့ ကုန်ကျစရိတ်လျှော့ချနိုင်ဖို့ ဘာတွေပြောင်းလဲဆောင်ရွက်ရမယ်ဆိုတာ သိပါရစေ။



ဖြေ ။ ။ ကုန်းတွင်းဆိပ် ရှစ်ခုက အရင် UNESCAP နဲ့ ၂၀၁၃ ခုနှစ်ကတည်းက သဘောတူလက်မှတ်ရေးထိုးပြီး စတင်အကောင်အထည်ဖော်ခဲ့တဲ့ Project ပါ။ အခု ဗီယက်နမ်က Propose လုပ်တဲ့ ကုန်းတွင်းဆိပ်ကမ်း Corridor မှာ ကျွန်မတို့နိုင်ငံက ရှစ်ခုပါပါတယ်။ အဲဒီရှစ်ခုထဲမှာ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေတာ နှစ်ခုရှိပါတယ်။ ရန်ကုန်က ရွာသာကြီး Dry Port နဲ့ မန္တလေးတိုင်းက မြစ်ငယ် Dry Port ပါ။ ဒီနှစ်ခုကတော့ လက်ရှိဆောင်ရွက်နေပါပြီ။

ထပ်ပြီးလျာထားတာက ခြောက်ခုရှိပါတယ်။ ပဲခူးတိုင်းဒေသကြီးက ပဲခူးနဲ့ ပြည် နှစ်ခု ပါပါတယ်။ ဒီမြို့တွေက ဆုံရပ်မြို့တွေဖြစ်ပြီးတော့ Dry Port ဖြစ်တဲ့အတွက် ကားလမ်းရော၊ ရထားလမ်းပါ ပါပါမယ်။ မွန်ပြည်နယ်က မော်လမြိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးက တမူးနဲ့ မုံရွာ၊ ရှမ်းပြည်နယ်က မူဆယ် စုစုပေါင်း ရှစ်ခု လျာထားပါတယ်။ လောလောဆယ်နှစ်ခု ဆောင်ရွက်နေပြီး ကျန်တဲ့ခြောက်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေ ပြီးသွားရင် MSME လုပ်ငန်းရှင်တွေအတွက် Dry Port ဖြစ်တဲ့အတွက် တစ်နေရာတည်းမှာပဲ လုပ်ငန်းစဉ်တွေ အကုန်လုံးကို ဆောင်ရွက်နိုင်မယ်။ လေးနိုင်ငံ ချိတ်ဆက်ထားတဲ့အတွက် အဲဒီလေးနိုင်ငံကို ကုန်ပစ္စည်းတွေ တိုက်ရိုက်ပို့နိုင်မယ်။ ကိုယ်ပို့ချင်တဲ့ Destination ကို ပို့နိုင်မယ်။ One Stop Service ရတဲ့အတွက် ကုန်ကျစရိတ်နဲ့ အချိန်အများကြီး သက်သာသွားမှာ ဖြစ်ပါတယ်။

မေး ။ ။ ACMECS ထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံကနေ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဦးဆောင်ပါဝင်တဲ့အခါ မဲခေါင်ဒေသအတွင်း စီးပွားရေးချိတ်ဆက်မှုအတွက် မြန်မာဘက်ကနေ အဓိကအနေနဲ့ ဘယ်လိုအဆိုပြုချက်တွေ တင်ပြခဲ့တယ်ဆိုတာ သိပါရစေ။

ဖြေ ။ ။ ဆွေးနွေးခဲ့တာတွေကတော့ အများကြီးပါ။ ဒါပေမယ့် အဓိကဆွေးနွေးမှုက သုံးချက်ပါ။ ပထမတစ်ခုက MSME ထုတ်ကုန်တွေ ပူးပေါင်းဆောင်ရွက်ဖို့ပါ။ အထူးသဖြင့် ကျွန်မတို့နိုင်ငံက One Region One Product၊ ထိုင်းနိုင်ငံက One Tambon One Product၊ ဗီယက်နမ်က One Commune One Product စတဲ့ လုပ်ငန်းစဉ်တွေ ချိတ်ဆက်ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ဒုတိယတစ်ချက်က Infrastructure တွေ၊ Digital လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်သွားဖို့ပါ။ နောက်တစ်ချက်က စားရေရိက္ခာ၊ Clean Energy နဲ့ ရေအသုံးပြုမှု၊ ရေရရှိမှုတွေနဲ့ ပတ်သက်ပြီး နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားဖို့ Propose လုပ်ခဲ့ပါတယ်။

မေး ။ ။ ဗီယက်နမ်နိုင်ငံက အဆိုပြုတဲ့ ကုန်းတွင်းဆိပ်ကမ်းတွေထဲမှာ မြန်မာနိုင်ငံက ပါဝင်နေတဲ့အတွက် နိုင်ငံရဲ့ အားသာချက်တွေကို အသုံးပြုပြီး ကုန်းတွင်းဆိပ်ကမ်းတွေအတွက် ဘယ်လို ဦးစားပေးအစီအစဉ်နဲ့ ဆောင်ရွက်မယ်ဆိုတာ သိပါရစေ။

ဖြေ ။ ။ ခုနက ပြောခဲ့သလို ဗီယက်နမ်က Propose လုပ်တဲ့အထဲမှာ ကျွန်မတို့နိုင်ငံက ရှစ်ခုပါပါတယ်။ အဲဒီ ရှစ်ခုထဲမှာ လောလောဆယ် ရန်ကုန်နဲ့ မန္တလေးက မြစ်ငယ်နှစ်ခုက ဆောင်ရွက်နေပြီ။ ကျန်တာတွေကို အစဉ်လိုက် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ လောလောဆယ် ဘယ်လိုအစီအစဉ်နဲ့ ဆောင်ရွက်သွားမလဲဆိုရင်တော့ အေးချမ်းမှုရှိတဲ့ ဒေသတွေဖြစ်ပြီး ဆုံရပ်ဒေသတွေလည်းဖြစ်တဲ့ ပဲခူး၊ ပြည်နဲ့ မော်လမြိုင် ဒီသုံးခုကို အရင်ဦးစားပေးဆောင်ရွက်ဖို့ လျာထားပါတယ်။

**မေး ။ ။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ထိပ်သီးအစည်းအဝေးတွေ တက်ရောက်လာတဲ့ တခြားအဖွဲ့ဝင်နိုင်ငံတွေက နိုင်ငံခြေခြေခြေ

မုံရွာခရိုင်အတွင်းရှိ ဒေသခံပြည်သူများ ကျန်းမာစွာနေထိုင်နိုင်ရေး အထူးကုဆေးကုသရေးအစီအစဉ်ဖြင့် ကွင်းဆင်းကုသပေး



မုံရွာ နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ မြို့နယ်/ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ ကျန်းမာစွာနေထိုင်နိုင်ရေး နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက အထူးကုဆေးကုသရေးအစီအစဉ်ဖြင့် ကွင်းဆင်းကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ သတ်မှတ်ဆေးကုသရေး အဆောင်များတွင် ဦးနှောက်နှင့်အာရုံကြောရောဂါ၊ ဆီးချိုနှင့်ဟော်မုန်းရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ ရင်ခေါင်းရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ အသည်းရောဂါများကို အခမဲ့စစ်ဆေးကုသပေးခဲ့ခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များသည် ဆေးကုသမှုလာရောက်ခံယူကြသည့် ပြည်သူများအား ထမင်းဘူးများ၊ သောက်ရေသန့်များနှင့်အချိုရည်ဘူးများ ပေးဝေကြသည်။

အဆိုပါမုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ / အထူးကုဆရာဝန်ကြီးများ၏ အထူးကုဆေးကုသရေးအစီအစဉ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ဆေးဝါးများ စုပေါင်းလှူဒါန်းခဲ့ကြပြီး လူနာစုစုပေါင်း ၁၅၉၇ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးပြန်/ဆက်)

တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ရှမ်းနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



တောင်ကြီး နိုဝင်ဘာ ၂၉

၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် စတင်ကျင်းပမည့် ရှမ်းပြည်နယ်၏ ရှမ်းနှစ်သစ်ကူးပွဲတော်ကို တောင်ကြီးမြို့ရှိ အဝေရာ မီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကြီးမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှမ်းစာပေနှင့်ယဉ်ကျေးမှု အသင်း (ဗဟို)မှ သိရသည်။

"အခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်ကို အဝေရာမီးပုံးပျံကွင်းမှာ ရိုးရာလေ့နဲ့အညီ ကျင်းပသွား ဖို့ ပြင်ဆင်ဆောင်ရွက်နေပါပြီ။ စာပေနဲ့ ယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ အရေးကြီးပါတယ်။ ဒီနှစ်မှာ ပြည်ပက ရှမ်းတိုင်းရင်းသားတွေလည်း စုပေါင်းပါဝင်ဆင်နွှဲကြမှာ ဖြစ်ပါတယ်။ အထူးစည်ကားမယ့် နှစ်သစ်ကူးပွဲတော်လို့ ပြောရမှာပါ" ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ရှမ်းစာပေနှင့်ယဉ်ကျေးမှု အသင်း ဒုတိယဥက္ကဋ္ဌ စိုင်းခင်မောင်စိန်က ပြောသည်။

ရှမ်းနှစ်သစ်ကူးပွဲတော်ကို တောင်ကြီး၊ လားရှိုး နှင့် ကျိုင်းတုံမြို့တို့တွင် အလှည့်ကျ ကျင်းပလေ့ရှိပြီး ယခုနှစ်ပွဲတော်ကျင်းပရန် အလှည့်ကျသည့် တောင်ကြီးမြို့၌ ပြည်တွင်းပြည်ပ ပညာရှင်များပါဝင်သည့် ရှမ်းသမိုင်းကြောင်း စာပေဟောပြောပွဲ၊ ဒေသအစားအစာများနှင့် သမိုင်းဆိုင်ရာ ပြခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်တွင် တရုတ်နိုင်ငံမှ တိုက်ချန်းရှမ်းတိုင်းရင်းသားများ၊ အိန္ဒိယမှ အာဟုမ်ရှမ်းတိုင်းရင်းသားများ၊ ထိုင်းနိုင်ငံမှ တိုင်းယွန်း ရှမ်းတိုင်းရင်းသားများအပါအဝင် အခြားနိုင်ငံများမှ ရှမ်းတိုင်းရင်းသားများ ပါဝင်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

ရှမ်းနှစ်သစ်ကူးပွဲတော်ကို ရှမ်းတိုင်းရင်းသားအားလုံး ပါဝင်ဆင်နွှဲနိုင်ရန်၊ အမျိုးဂုဏ် ဓာတိဂုဏ် စာပေယဉ်ကျေးမှုအနုသုခုမနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းဖြင့်တင်နိုင်ရန်၊ ရိုးရာနှစ်သစ်ကူး အခါသမယတွင် နှစ်ကူးရိုးရာအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ ရှမ်းတိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုနှင့်အတူ ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်သွားရန်၊ တစ်ဦးချင်း တာဝန်ယူမှု စုပေါင်းခေါင်းဆောင်မှု အလေ့အကျင့်ကောင်းများ ပိုမိုပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

သစ္စာ(MNA)
ဓာတ်ပုံ- ဇွဲမာန်

စာမျက်နှာ ၁၀ မှ

မကြာခင် မြန်မာနိုင်ငံကနေ ယဉ်ကျေးမှုအဖွဲ့စေလွှတ်ပြီး အပြန်အလှန် ယဉ်ကျေးမှုဖလှယ်တဲ့ အစီအစဉ်တွေ ဆောင်ရွက်ဖို့ နှစ်ဖက်သဘောတူခဲ့ပါတယ်။ မကြာခင် ဗီယက်နမ်သမ္မတကြီး ကိုယ်တိုင် မြန်မာနိုင်ငံကို လာရောက်လည်ပတ်မယ်ဆိုတဲ့ အကြောင်းကိုလည်း သတင်းစကားပါးလိုက်ပါတယ်။

ပြီးတော့ လာအိုနဲ့ပါ။ လာအိုနိုင်ငံနဲ့က ကုန်သွယ်မှု တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်ကိစ္စနဲ့ နယ်စပ်ဒေသ အလုပ်သမားကိစ္စတွေ အားလုံးကို ဆွေးနွေးခဲ့ပါတယ်။

နောက်တစ်ခုက ကမ္ဘောဒီးယားနိုင်ငံနဲ့ပါ။ ကမ္ဘောဒီးယား ခေါင်းဆောင်နဲ့ ဆွေးနွေးတဲ့အချိန်မှာ ကျွန်မတို့ နှစ်နိုင်ငံလုံးဟာ Online Scam နဲ့ ပတ်သက်လို့ နာမည်ပျက်နေတဲ့ အနေအထားပါ။ ဒီအနေအထားကို အတူတူ ပူးပေါင်းတိုက်ဖျက်သွားမယ်၊ ဒါတွေက စိန်ခေါ်မှုကြီး တစ်ရပ်ဖြစ်တယ်ဆိုပြီး အပြန်အလှန် သဘောတူ ဆွေးနွေးခဲ့တယ်၊ သတင်းအချက်အလက်တွေ ဖလှယ်ဖို့ ဆောင်ရွက်ခဲ့တယ်။ ကမ္ဘောဒီးယားနဲ့က အရင်ကတည်းက သဘောတူထားတဲ့ Tourism ဆိုင်ရာ Two Country One Destination ကိစ္စကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့နဲ့ ယဉ်ကျေးမှု ဖလှယ်ဖို့ကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။

မေး ။ ။ CLMV နိုင်ငံတွေအကြား ခရီးသွားလာမှုနဲ့ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာမယ့် အခြေအနေကိုလည်း သိပါရစေ။

ဖြေ ။ ။ အဲဒါကလည်း CLMV နိုင်ငံတွေထဲကကမ္ဘောဒီးယားနိုင်ငံက Propose လုပ်တာပါ။ နှစ်နိုင်ငံ ဆွေးနွေးတုန်းက Bilateral Two Country One Destination ပါ။ အခု CLMV အစည်းအဝေးမှာတော့ Four Country One Destination ကို Propose လုပ်ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံကလည်း ACMECS မှာ ယဉ်ကျေးမှုဖလှယ်ရေးနဲ့ Tourism လုပ်ငန်းကို Propose လုပ်ပါတယ်။ လောလောဆယ် ပထမဦးဆုံး စတင်အကောင်အထည်ဖော်တဲ့အနေနဲ့ ကျွန်မတို့ နိုင်ငံက ယဉ်ကျေးမှုအဖွဲ့ကို ဗီယက်နမ်နိုင်ငံကို အရင်ဆုံး စေလွှတ်သွားပါမယ်။ ပြီးရင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းတွေ ဆက်လုပ်သွားမှာပါ။ နိုင်ငံတိုင်းမှာ သူ့ရဲ့ အားသာချက်တွေ ရှိပါတယ်၊ Tourism နဲ့ ပတ်သက်လို့ရှိရင် ကျွန်မတို့ ပူးပေါင်းပြီးတော့ Tourism ကဏ္ဍမြှင့်တင်ရေးကို ဒေသတွင်းမှာ အတူတူဆောင်ရွက်သွားကြဖို့ သဘောတူညီခဲ့ကြတာ ရှိပါတယ်။

သတင်းအဖွဲ့

ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို Junior Lions အသင်းမှ စွမ်းဖာနည်းက ရရှိခဲ့သည်။



● *ကျောဖုံးမှ*

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ် မြို့နယ်၊ မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဆီဝန်းထောင်းရွာအနီးတွင် ပုံပါကျင်မြို့နယ် ဟွေထောရွာနေ ညီခမ်း(၃၀)နှစ် မောင်းနှင်ပြီး မိုင်းဆတ်မြို့နယ် နန့်ယန်းရွာနေ အိုင်လင်း (၂၇) နှစ် လိုက်ပါလာသော CROWN အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၃၁ ကီလို (တစ်ကီလိုလျှင်ငွေကျပ် သိန်း ၉၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၇၉၀) ဖမ်းဆီးရမိသဖြင့် အိုင်လင်းနှင့် ညီခမ်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ချမ်းအေးသာစံမြို့နယ် သီရိဟေမာ(အနောက်) ရပ်ကွက် ၂၆ x ၉၁ လမ်းထောင့်တွင် မဟာအောင်မြေမြို့နယ် ရတနာဘူမိ (အနောက်)ရပ်ကွက်နေ ဝင်းမြင့် (၅၀)နှစ် မောင်းနှင်ပြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံ ရပ်ကွက်နေ မဟာဝင်း(၄၉)နှစ် လိုက်ပါလာသော HONDA CLICK ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၉၈ ကီလို(တစ်ကီလိုလျှင် ငွေကျပ် သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၄၉၀ သိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိဘိန်းဖြူများ ရောင်းချပေးသူ မအေးစုဝင်း(၁)အေးစုမွန်(၁) စုလင်း (၁) အေးစု (၃၄)နှစ်အား မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁)ရပ်ကွက်ရှိ နေအိမ်၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ဝင်းမြင့်၊ မမာမာဝင်းနှင့် မအေးစုဝင်း (၁)အေးစုမွန်(၁)စုလင်း(၁) အေးစုတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

○ *ကျောဖုံးမှ*

အနိုင်ရလဒ်ဖြင့် မှတ်တမ်း၀င်နိုင်ရေး ယှဉ်ပြိုင်ကစားခဲ့သော်လည်း ရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရသည်။ Junior Lions အတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၉ မိနစ်တွင် စွမ်းဇာနည်နှင့် ပွဲချိန် ၆၆ မိနစ်တွင် စိုးမိုးတေဇတို့က သွင်းယူခဲ့ပြီး VUE နေပြည်တော်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် အောင်ပြည့်ဖြိုး (၂) က သွင်းယူခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို Junior Lions အသင်းမှ စွမ်းဇာနည်က ရရှိခဲ့သည်။

အပတ်စဉ်(၇) ပွဲစဉ်များအပြီးတွင် ရခိုင်ယူနိုက်တက် ၁၈ မှတ်၊ တက္ကသိုလ်အသင်း ၁၄ မှတ်၊ Royal Dagon FC နှင့် Junior Lions အသင်းတို့က ၁၃ မှတ်စီ၊ ရာမညယူနိုက်တက် ၁၂ မှတ်၊ VUE နေပြည်တော် ၁၁ မှတ်၊ Asia Lion အသင်း၊ မနောအသင်းနှင့် Elite Kings အသင်းတို့က ၅ မှတ်စီရရှိထားပြီး Enjoy Brother အသင်းက ခုနစ်ပွဲ ရှုံးဖြင့် ရမှတ်မရရှိသေးပေ။

နေမျိုး၊ ဓာတ်ပုံ-ML II

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ဝိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ဒီဇင်ဘာလ၏ အားမာန်နှင့် ကျန်းမာကြံ့ခိုင်သော ပြည်သူတို့၏ စည်းလုံးညီညွတ်မှု

ငြိမ်းဇော်(ဇေယျာမြေ)

ဒီဇင်ဘာလသည် မြန်မာနိုင်ငံ၏ ဆောင်းရာသီ အလှကို အထင်ရှားဆုံး ခံစားရသည့် ကာလတစ်ခု ဖြစ်သည်။ မိုးရာသီ၏ စိုစွတ်မှုများ ကင်းစင်သွားပြီး ကြည်လင်သန့်ရှင်းသော ကောင်းကင်ပြာအောက်တွင် ဆောင်းနံနက်ခင်း၏ နှင်းမှုန်နှင်းစက်များ၊ အေးမြလန်းဆန်းသော လေပြည်လေညင်းများနှင့် သာယာငြိမ့်ညောင်းသော သဘာဝပတ်ဝန်းကျင်တို့က လူတို့၏ စိတ်နှလုံးကို ကြည်နူးလန်းဆန်းစေသည်။

နေထွက်ချိန်တွင် ရွှေရောင်နေရောင်ခြည်တို့က မြေပြင်ကို ဖြာကျလင်းလက်စေပြီး ညနေခင်းတွင်လည်း အေးချမ်းသော ရာသီဥတုက မိသားစု၊ မိတ်ဆွေများနှင့်အတူ အပြင်ထွက်လှုပ်ရှားရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးသည်။ ထိုသို့ သဘာဝတရား၏ အေးမြသာယာမှုနှင့်အတူ ဒီဇင်ဘာလသည် မြန်မာနိုင်ငံတွင် ပြည်သူ့အားကစားလှုပ်ရှားမှုများကို အားပေးမြှင့်တင်သည့် အရေးပါသော ကာလတစ်ခုလည်းဖြစ်သည်။

တစ်နိုင်ငံလုံးအနှံ့ စုပေါင်းလမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ အားကစားပြိုင်ပွဲများကျင်းပခြင်းနှင့် မိသားစုအလိုက်၊ ရပ်ရွာအလိုက် ပူးပေါင်းပါဝင်ခြင်းတို့သည် ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးကိုသာမက အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အားကစားအသိပညာတို့ကိုပါ တိုးတက်စေသည်။ အားကစားသည် လူတစ်ဦးချင်း၏ ကိုယ်ခန္ဓာကျန်းမာရေးကို ထိန်းသိမ်းပေးသည့် လှုပ်ရှားမှုတစ်ရပ်မျှသာ မဟုတ်ဘဲ ကျန်းမာသန်စွမ်းသော လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်ပေးသည့် နိုင်ငံတော်အကျိုးပြု လုပ်ငန်းတစ်ရပ်လည်းဖြစ်သည်။

ထို့ကြောင့် ဒီဇင်ဘာလ အားကစားလှုပ်ရှားမှုများကို ရာသီအလိုက်ကျင်းပသော အစီအစဉ်တစ်ခု အဖြစ်သာမက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူ့စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသစ်လောင်းပေးသည့် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ရှုမြင်ရမည်ဖြစ်သည်။

ဆောင်းရာသီ၏ သဘာဝအလှနှင့် အားကစားလှုပ်ရှားမှုအတွက် အခွင့်အလမ်း

မြန်မာနိုင်ငံ၏ ရာသီဥတုကို ယေဘုယျအားဖြင့် နွေ၊ မိုး၊ ဆောင်းဟူ၍ သုံးရာသီခွဲခြားနိုင်ပြီး ဆောင်းရာသီသည် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဖြစ်ပေါ်လေ့ရှိသည်။ ဒီဇင်ဘာလရောက်သည့်အခါ မိုးရာသီ၏ တိမ်ထူထပ်မှုများ လျော့နည်းသွားကာ နေ့အချိန်တွင် နေရောင်ခြည်နွေးထွေးမှုနှင့် ညနေပိုင်း၊ နံနက်ပိုင်းတို့တွင် အေးမြမှုကို ခံစားရသည်။

တောင်တန်းဒေသများတွင် ပိုမိုအေးမြပြီး မြေပြန့်ဒေသများတွင်လည်း ခြောက်သွေ့ကြည်လင်သော ရာသီဥတုကို တွေ့ကြုံရသည်။ အေးမြသော ဆောင်းနံနက်ခင်းများတွင် ပန်းခြံများ၊ အားကစားကွင်းများနှင့် လမ်းလျှောက်ရန် သင့်လျော်သော နေရာများ၌ ပြည်သူများ စုဝေးလှုပ်ရှားကြသည်မှာ ဒီဇင်ဘာ၏ သဘာဝအလှနှင့် လိုက်ဖက်လှသော မြင်ကွင်းတစ်ခုဖြစ်သည်။ ရာသီဥတုသာယာမှုသည် ပြင်ပကိုယ်လက်လှုပ်ရှားမှုများပြုလုပ်ရန် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်သော်လည်း အေးမြသောရာသီဥတုကို အကြောင်းပြု၍ ကိုယ်လက်လှုပ်ရှားမှုမပြုလုပ်ဘဲ နေထိုင်ခြင်းမျိုး မဖြစ်စေရန်လည်း သတိပြုရမည်။

အသက်အရွယ်နှင့် ကိုယ်ခန္ဓာအခြေအနေအလိုက် သင့်လျော်သော လေ့ကျင့်ခန်းများကို ပုံမှန်ပြုလုပ်ခြင်းဖြင့် ဆောင်းရာသီ၏ အေးမြသာယာမှုကို ကျန်းမာပျော်ရွှင်သော နေထိုင်မှုနှင့် ပေါင်းစပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒီဇင်ဘာလသည် သဘာဝတရား၏အလှကိုခံစားရင်း ကျန်းမာရေးအတွက် အားကစားအလေ့အကျင့်ကောင်းများ စတင်ပျိုးထောင်နိုင်သည့် အဖိုးတန်အချိန်ကာလတစ်ခု ဖြစ်ပေသည်။

ပြည်သူ့အားကစားလှုပ်ရှားမှုနှင့် တစ်နိုင်ငံလုံး၏ ပူးပေါင်းပါဝင်မှု

ဒီဇင်ဘာလ၏ အားကစားလှုပ်ရှားမှုများသည် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအသိပညာနှင့် ကိုယ်လက်လှုပ်ရှားမှုအလေ့အကျင့်ကို မြှင့်တင်ပေးသည့် အရေးပါသော လှုပ်ရှားမှုများဖြစ်သည်။

> **“ကျန်းမာရေးသည် လူတစ်ဦး၏ နေ့စဉ်ဘဝကို အဓိဟွာယ်ရှိစေသည့် အခြေခံအင်အားဖြစ်သည်။ ပညာသင်ကြားခြင်း၊ အလုပ်တာဝန်များ ထမ်းဆောင်ခြင်း၊ မိသားစုကို စောင့်ရှောက်ခြင်းနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကို အောင်မြင်စွာလုပ်ဆောင်နိုင်ရန် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ တက်ကြွလန်းဆန်းမှုတို့ လိုအပ်”**

မြန်မာနိုင်ငံတွင် ဒီဇင်ဘာလကို ပြည်သူ့အားကစားလှုပ်ရှားမှုများ အားပေးဆောင်ရွက်သည့်ကာလအဖြစ် သတ်မှတ်ကာ စုပေါင်းလမ်းလျှောက်ခြင်း၊ စုပေါင်းကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် အားကစားဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်းတို့ကို အားပေးလျက်ရှိသည်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်များ၊ ရပ်ကွက်များနှင့် ကျေးရွာများအထိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိသားစုဝင်များနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ခြင်းသည် ပြည်သူ့အားကစားလှုပ်ရှားမှု၏ အနှစ်သာရပင်ဖြစ်သည်။

စုပေါင်းလမ်းလျှောက်ရာတွင် လူငယ်၊ လူလတ်၊ လူကြီးတို့ အတူတကွလှုပ်ရှားကြခြင်းသည် အသက်အရွယ်နှင့် လူမှုအဆင့်အတန်း မတူညီသော်လည်း ကျန်းမာရေးဟူသော တူညီသည့် ရည်မှန်းချက်အောက်တွင် စုစည်းနိုင်ကြောင်း ပြသနေသည်။ အားကစားပြိုင်ပွဲများကလည်း စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်နှင့် အပြန်အလှန်လေးစားမှုတို့ကို လက်တွေ့လေ့ကျင့်ပေးသည်။ အနိုင်ရရှိခြင်းထက် ပါဝင်ယှဉ်ပြိုင်ခြင်း၊ အချင်းချင်းအားပေးခြင်းနှင့် စည်းမျဉ်းစည်းကမ်းကို လေးစားလိုက်နာခြင်းတို့သည် ပိုမိုအရေးပါသော အားကစားစိတ်ဓာတ်များဖြစ်သည်။

ထို့ကြောင့် ဒီဇင်ဘာလ၏ ပြည်သူ့အားကစားလှုပ်ရှားမှုသည် အားကစားကွင်းအတွင်း၌သာ အကန့်အသတ်မရှိဘဲ ပြည်သူများ၏ နေ့စဉ်ဘဝအတွင်း ကျန်းမာရေးအသိ၊ စည်းလုံးညီညွတ်မှုနှင့် အပြုသဘောဆောင်သော လူမှုဆက်ဆံရေးတို့ကို တိုးပွားစေသည့် လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှုမှ ရရှိလာသော ကျန်းမာရေးနှင့် လူမှုဘဝအကျိုးကျေးဇူးများ

ကျန်းမာရေးသည် လူတစ်ဦး၏ နေ့စဉ်ဘဝကို အဓိဟွာယ်ရှိစေသည့် အခြေခံအင်အားဖြစ်သည်။ ပညာသင်ကြားခြင်း၊ အလုပ်တာဝန်များ ထမ်းဆောင်ခြင်း၊ မိသားစုကို စောင့်ရှောက်ခြင်းနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ တက်ကြွလန်းဆန်းမှုတို့ လိုအပ်သည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားခြင်းသည် နှလုံးနှင့် သွေးလည်ပတ်မှုစနစ်ကို အထောက်အကူပြုခြင်း၊ ကြွက်သားနှင့်အရိုးများ သန်မာစေခြင်း၊ ကိုယ်အလေးချိန်ထိန်းညှိနိုင်ခြင်း၊ အိပ်စက်မှုကောင်းမွန်စေခြင်းနှင့် စိတ်ဖိစီးမှု လျော့နည်းစေခြင်းတို့အတွက် အကျိုးရှိသည်။

ထို့ပြင် ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကဲ့သို့ မကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေရန်လည်း အထောက်အကူပြုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်အရ အသက် ၁၈ နှစ်မှ ၆၄ နှစ်အတွင်း အရွယ်ရောက်ပြီးသူများသည် တစ်ပတ်လျှင် အလယ်အလတ်ပြင်းအားရှိ ကိုယ်လက်လှုပ်ရှားမှု အနည်းဆုံး မိနစ် ၁၅၀ ပြုလုပ်ရန် အကြံပြုထားသည်။

လမ်းလျှောက်ခြင်းသည် ကုန်ကျစရိတ်နည်းပါးပြီး လူအများ လွယ်ကူစွာလုပ်ဆောင်နိုင်သော လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည်။ စတင်လေ့ကျင့်သူများအနေဖြင့် မိမိ၏ ကျန်းမာရေးအခြေအနေနှင့် ကိုက်ညီသော အချိန်တို၊ အရှိန်အဟုန်မျှတသည့် လမ်းလျှောက်ခြင်းမှ စတင်ကာ တဖြည်းဖြည်း တိုးမြှင့်နိုင်သည်။ ကလေးသူငယ်များအတွက် ကစားခြင်းနှင့် အားကစားပြုလုပ်ခြင်းသည် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနှင့် သင်ယူနိုင်စွမ်းကို အထောက်အကူပြုပြီး သက်ကြီးရွယ်အိုများအတွက်လည်း သင့်လျော်သော လမ်းလျှောက်ခြင်းနှင့် ဟန်ချက်ထိန်းလေ့ကျင့်ခန်းများသည် လှုပ်ရှားသွားလာနိုင်စွမ်းကို ထိန်းသိမ်းပေးနိုင်သည်။

အဓိကမှာ မိမိအသက်အရွယ်၊ ကျန်းမာရေးအခြေအနေနှင့် ကိုယ်ခံအားအလိုက် သင့်တင့်မျှတစွာ လှုပ်ရှားရန်ဖြစ်သည်။ ထို့ကြောင့် အားကစားသည် ကျန်းမာရေးကို ထိန်းသိမ်းပေးသည့်အပြင် စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနှင့် လူမှုဘဝအရည်အသွေးတို့ကိုပါ မြှင့်တင်ပေးသော အဖိုးတန်အလေ့အကျင့်ဖြစ်သည်။

အားကစားစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုနှင့် အမျိုးသားစည်းလုံးရေး

အားကစား၏ ထူးခြားသော တန်ဖိုးတစ်ရပ်မှာ မတူညီသော နောက်ခံအခြေအနေများရှိသည့် လူများကို ရည်မှန်းချက်တစ်ခုတည်းအောက်တွင် စုစည်းပေးနိုင်ခြင်းဖြစ်သည်။ စုပေါင်းလမ်းလျှောက်ပွဲတစ်ခုတွင်ဖြစ်စေ၊ အသင်းအဖွဲ့လိုက် အားကစားပြိုင်ပွဲတစ်ခုတွင်ဖြစ်စေ ပါဝင်သူတိုင်းသည် အချင်းချင်းအားပေးကူညီခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ မိမိ၏အလှည့်ကို စောင့်ဆိုင်းခြင်းနှင့် အများ၏အကျိုးကို ထည့်သွင်းစဉ်းစားခြင်းတို့ကို လက်တွေ့သင်ယူနိုင်သည်။ အားကစားကွင်းအတွင်း၌ အနိုင်ရသူနှင့် ရှုံးသူရှိနိုင်သော်လည်း အားကစားစိတ်ဓာတ်ကောင်းမွန်သူများအတွက် အားလုံးသည် တစ်ဦးနှင့်တစ်ဦး လေးစားရမည့် မိတ်ဆွေများပင်ဖြစ်သည်။

ထိုသို့ အပြန်အလှန်လေးစားမှု၊ သည်းခံမှုနှင့် မျှတစွာ ယှဉ်ပြိုင်မှုတို့သည် လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပေးသည်။ ထို့အပြင် တိုင်းရင်းသား လူမျိုးစုများ၊ ဒေသအသီးသီးမှ ပြည်သူများ၊ အမျိုးသား၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် အသက်အရွယ်မတူညီသူများအားလုံး ပါဝင်နိုင်သည့် အားကစားပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးခြင်းသည် အားကစား၏ လူမှုရေးတန်ဖိုးကို ပိုမိုမြင့်မားစေသည်။

အားကစားသည် ကွဲပြားမှုများကို ခွဲခြားရန် မဟုတ်ဘဲ တူညီသော ရည်မှန်းချက်များအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းပေးသော ပေါင်းကူးတံတားတစ်စင်းဖြစ်သည်။ ထို့ကြောင့် ဒီဇင်ဘာလ၏ အားကစားလှုပ်ရှားမှုများတွင် အားလုံးပါဝင်နိုင်ရေး၊ မည်သူမျှ ချန်လှပ်မခံရရေးနှင့် အချင်းချင်း ကူညီဖေးမရေးတို့ကို အလေးထားဆောင်ရွက်ခြင်းဖြင့် အားကစားမှတစ်ဆင့် ရရှိလာသော စည်းလုံးညီညွတ်မှုသည် လူမှုဘဝတစ်လျှောက် ပိုမိုခိုင်မာစေနိုင်မည်ဖြစ်သည်။

ကျန်းမာကြံ့ခိုင်သော ပြည်သူများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို သဘာဝသယံဇာတ၊ စီးပွားရေးအင်အားနှင့် အခြေခံအဆောက်အအုံများဖြင့်သာ တိုင်းတာ၍မရပေ။ ထိုအရာများကို ထိရောက်စွာ အသုံးချဖော်ဆောင်နိုင်သည့် ကျန်းမာကြံ့ခိုင်ပြီး အသိပညာပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်သည်လည်း အလွန်အရေးပါသည်။ ကျန်းမာရေးကောင်းမွန်သော ပြည်သူများသည် မိမိတို့၏ ပညာရပ်၊ ကျွမ်းကျင်မှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်များကို ပိုမိုထိရောက်စွာ အသုံးချနိုင်ကြသည်။

အလုပ်ခွင်တွင် တက်ကြွစွာ ဆောင်ရွက်နိုင်ခြင်း၊ ပညာရေးတွင် အာရုံစူးစိုက်နိုင်ခြင်း၊ မိသားစုနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးပြုနိုင်ခြင်းတို့သည် ကျန်းမာကြံ့ခိုင်မှုမှရရှိလာသော အကျိုးကျေးဇူးများဖြစ်သည်။ အခြားတစ်ဖက်တွင် အားကစားကဏ္ဍာ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ခြင်း၊ နည်းပြနှင့် ဒိုင်လူကြီးများ၏ ကျွမ်းကျင်မှုမြှင့်တင်နိုင်ခြင်း၊ အားကစားပညာရေးနှင့် သိပ္ပံနည်းကျလေ့ကျင့်ရေးများ တိုးတက်လာခြင်းတို့ကိုလည်း ဖြစ်ပေါ်စေသည်။

အားကစားကွင်းများ၊ ပန်းခြံများ၊ လမ်းလျှောက်လမ်းများနှင့် အများပြည်သူအသုံးပြုနိုင်သော ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ အဆောက်အအုံများ ဖွံ့ဖြိုးလာခြင်းသည်လည်း ကျန်းမာသောလူမှုဘဝတည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည်။ ထို့အပြင် အားကစားပြိုင်ပွဲများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် ချစ်ကြည်ရင်းနှီးမှု၊ အတွေ့အကြုံဖလှယ်မှုနှင့် နိုင်ငံ့ဂုဏ်သိက္ခာ မြှင့်တင်မှုတို့ကိုလည်း ရရှိနိုင်သည်။

ကုလသမဂ္ဂနှင့် ယူနက်စကိုတို့ကလည်း အားကစား၊ ကာယပညာနှင့် ကိုယ်လက်လှုပ်ရှားမှုတို့သည် ကျန်းမာရေး၊ ပညာရေး၊ လူမှုပါဝင်မှု၊ ငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါကြောင်း အလေးထားဖော်ပြထားသည်။ ထို့ကြောင့် ပြည်သူ့အားကစားကို မြှင့်တင်ခြင်းသည် အားကစားကဏ္ဍာတစ်ခုတည်းကို ဖွံ့ဖြိုးစေခြင်းမဟုတ်ဘဲ ကျန်းမာရေးကောင်းမွန်သော နိုင်ငံသားများ၊

စာမျက်နှာ ၁၃ သို့

အမျိုးသားအောင်ပွဲနေ့မမေ့အပ်ရာ

* နယ်ချဲ့အင်္ဂလိပ် စိတ်ထားမမှန်
ရိုးဟန်မရှိ ပေးသည့်ပညာ
ကျွန်သာသာမို့ သူငါငြင်းဆန်
လက်မခံဘဲ
တွန်းလှန်သပိတ်ဆင်နွှဲခဲ့။
* အားမာန်ပြင်းစွာ ညီညာဖြဖြ ကြွေးကြော်ကြလျက်
မြန်မာ့အရေး သွေးဖြင့်ရေး၍
အရေးဆိုကာ အောင်ခဲ့ရာတည့်
မြန်မာအမျိုးသားကျောင်းတော်များ။
ပေါ်ပေါက်ခဲ့သည်အထင်အရှား။
* သည်ကျောင်းတော်များ ကျေးဇူးအားဖြင့်
မြင့်မားထည်စွာ တို့မြန်မာ၏
တို့စာပေရေး မြင့်တင်ပေးသည်
လေးစားမှတ်တမ်းတင်ဖွယ်တကား။
* ကိုယ့်ရေကိုယ့်မြေ ကိုယ့်စာပေနှင့်
တည်နေစုစု ယဉ်ကျေးမှုတို့
ဆုလာဘ်ပမာ ရှိခဲ့ရာကို
ဘာသာမျိုးခြား တိုင်းတစ်ပါး၏
ဖဝါးခြေအောက် အရောက်မခံ
ဇာတိမာန်ဖြင့် ထက်သန်လှုံလ ပြုခဲ့ကြသည်
ဘိုးဘွားတို့ချွေး ကျခဲ့သွေးကို
တွေးမြင်သတိ အစဉ်ရှိလျက်
ကျသည့်ဝန်တာ ကျေပွန်စွာလျှင်
ညီညာဖြဖြ တို့ထမ်းကြစို့။
(အမျိုးသားအောင်ပွဲနေ့အား ဂုဏ်ပြုလျက်။)

ဘိုမျိုး(ရွှေဘို)

စတုတ္ထအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသည့် ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း ပြန်လည်ထွက်ခွာ



Kiiashko၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်းတို့သည် ပင်လယ်ပြင်၌ လက်တွေ့ လေ့ကျင့်ခန်းများ ဆောင်ရွက်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ လေ့ကျင့်ခန်းဧရိယာသို့ ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ် ကျော်လင်းဇော်နှင့် အဖွဲ့ဝင်များအား ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား အပြန်အလှန်ဆက်ဆံမှု ကိစ္စရပ်များ၊ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်မှု ဆိုင်ရာကိစ္စရပ်များ၊ ရေကြောင်းလုံခြုံရေးသတင်းအချက်အလက် ဖလှယ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး ဆွေးနွေးပွဲအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့ပြင် စတုတ္ထအကြိမ် မြန်မာ-ရုရှားရေကြောင်းလုံခြုံရေး ဆိုင်ရာလေ့ကျင့်ခန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဓေယျကျော်ထင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ)နှင့် အရာရှိ၊ စစ်သည်များ၊ ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ်နှင့် အရာရှိ၊ စစ်သည်များ၊ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူးများ၊ လေ့လာသူများအဖြစ် ဖိတ်ကြားထားသည့် နိုင်ငံများအနက်မှ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့မှ လေ့လာသူ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များ ရန်ကုန်မြို့သို့ ရောက်ရှိနေစဉ် အတွင်း အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ခြင်း၊ နှစ်နိုင်ငံစစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ရုရှားရေတပ်၏ ဖရီဂိတ်စစ်ရေယာဉ် Marshal Shaposhnikov ပေါ်တွင် ဂုဏ်ပြုညစာစားပွဲ ကျင်းပခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်းများဆောင်ရွက်ကြသည်။

၎င်းနောက် နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရုရှားရေတပ်မှ စစ်ရေယာဉ်များသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ပင်လယ်ပြင်၌ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် နိုဝင်ဘာ ၂၉ ရက် ညပိုင်းတွင် စစ်ရေယာဉ်(မုတ္တမ) ပေါ်၌ လေ့ကျင့်ခန်းပြန်လည်သုံးသပ်ခြင်းနှင့် ဝိတ်ပွဲအခမ်းအနားကျင်းပပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာမျက်နှာ ၁၂ မှ

ထုတ်လုပ်မှုစွမ်းအားမြင့်မားသော လူ့အဖွဲ့အစည်းနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများကို တည်ဆောက်ခြင်းပင်ဖြစ်သည်။

အားကစားအလေ့အကျင့်ကို နေ့စဉ်ဘဝ၏ အစိတ်အဝိုင်းအဖြစ် တည်ဆောက်ခြင်း

ဒီဇင်ဘာလတွင် ပြည်သူ့အားကစားလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ တစ်လတာအတွင်းသာ ကိုယ်လက်လှုပ်ရှားစေရန်မဟုတ်ဘဲ တစ်နှစ်ပတ်လုံး ကျန်းမာရေးကို ဂရုစိုက်သည့် အလေ့အကျင့် ကောင်းများ ပေါ်ပေါက်လာစေရန်ဖြစ်သည်။ အားကစားလှုပ်ရှားမှုတစ်ရပ်သည် လူတိုင်းအတွက် ကုန်ကျစရိတ်များပြားသော ပစ္စည်းကိရိယာများ၊ အထူးပြင်ဆင်ထားသော နေရာများနှင့် အချိန်များစွာ မလိုအပ်ပေ။

နံနက်ခင်းတွင် မိနစ်အနည်းငယ် လမ်းလျှောက်ခြင်း၊ အိမ်တွင်း၌ ကိုယ်လက်ဆန့်တန်းခြင်း၊ မိသားစုနှင့်အတူ ပန်းခြံသို့ သွားရောက်လှုပ်ရှားခြင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကစားနည်းများတွင် ပါဝင်ခြင်းနှင့် အလုပ်ခွင်အတွင်း အချိန်အပိုင်း အခြားအလိုက် ကိုယ်လက်လှုပ်ရှားခြင်းတို့ဖြင့် စတင်နိုင်သည်။ အလုပ်များပြားသော လူကြီးများအနေဖြင့်လည်း နေ့စဉ်ဘဝတွင် လှုပ်ရှားမှုများ ထည့်သွင်းခြင်းဖြင့် ကိုယ်လက်လှုပ်ရှားမှုကို တိုးမြှင့်နိုင်သည်။

သက်ဆိုင်ရာဌာနများ၊ ပညာရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အားကစားအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း အသက်အရွယ်နှင့် ကိုယ်ခန္ဓာအခြေအနေအလိုက် သင့်လျော်သော အားကစားအစီအစဉ်များကို ပူးပေါင်းဖော်ဆောင်နိုင်သည်။ အားကစားပြုလုပ်ရာတွင် သွေးပူလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ရေဘော်ပြည့်ဝစွာ ဖြည့်တင်းခြင်း၊ သင့်လျော်သော အဝတ်အစားနှင့် ဖိနပ်များ ဝတ်ဆင်ခြင်း၊ မိမိ၏ ခန္ဓာကိုယ်အခြေအနေကို နားထောင်ခြင်းနှင့် အလွန်အကျွံမလေ့ကျင့်ခြင်းတို့ကိုလည်း သတိပြုရမည်။

ကျန်းမာရေးအခြေအနေအရ ကန့်သတ်ချက်ရှိသူများသည် သင့်လျော်သော ကျန်းမာရေး အကြံပြုချက်များနှင့်အညီ လှုပ်ရှားသင့်သည်။ အဓိက အားဖြင့် အားကစားကို အချိန်အားလပ်မှ လုပ်ဆောင်ရသော အရာတစ်ခုအဖြစ် မသတ်မှတ်ဘဲ ကျန်းမာရေးကိုထိန်းသိမ်းရန် နေ့စဉ်လိုက်နာရမည့် လူနေမှုအလေ့အကျင့်တစ်ခုအဖြစ် သဘောထားရန် လိုအပ်သည်။ ဒီဇင်ဘာလတွင် စတင်ပျိုးထောင်လိုက်သော အားကစားစိတ်ဓာတ်သည် ဇန်နဝါရီလမှစ၍ တစ်နှစ်ပတ်လုံး ဆက်လက်ရှင်သန်နေမှသာ ပြည်သူ့ကျန်းမာရေးအတွက် ရေရှည်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဒီဇင်ဘာလ၏ ဆောင်းလေပြည်အေးအေးနှင့် ကြည်လင်သာယာသော နံနက်ခင်းများသည် လူတို့၏စိတ်နှလုံးကို လန်းဆန်းစေရုံသာမက ကျန်းမာရေးအတွက် အားသစ်လောင်းပေးမည့် အခွင့်အလမ်းများကိုလည်း ဖွင့်လှစ်ပေးလျက် ရှိသည်။ ထိုအခွင့်အလမ်းကို အကျိုးရှိစွာ အသုံးချ၍ တစ်ဦးချင်းစီက ကိုယ်လက်လှုပ်ရှားမှုကို စတင်ခြင်း၊ မိသားစုအလိုက် ပူးပေါင်းလေ့ကျင့်ခြင်း၊ ရပ်ရွာအလိုက် စုပေါင်းပါဝင်ခြင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားကစားလှုပ်ရှားမှုများကို အားပေးဆောင်ရွက်ခြင်းတို့သည် ကျန်းမာသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးအတွက် အရေးပါသော အခြေခံအင်အားများဖြစ်သည်။

အားကစားကွင်းတစ်ခုတွင် အတူတကွ လမ်းလျှောက်နေကြသော ပြည်သူများ၏ ခြေလှမ်းများသည် ကျန်းမာရေးဆီသို့ ဦးတည်နေသည့် ခြေလှမ်းများသာမက စည်းလုံးညီညွတ်ရေး၊ အပြန်အလှန် လေးစားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်နေသည့် ခြေလှမ်းများလည်း ဖြစ်သည်။ ကျန်းမာကြွံခိုင်သော ပြည်သူများရှိမှသာ အလုပ်အကိုင်၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားဖွံ့ဖြိုးရေးကဏ္ဍများတွင် အင်အားပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဒီဇင်ဘာလ၏ ပြည်သူ့အားကစားလှုပ်ရှားမှုများကို တစ်လတာ အခမ်းအနားအဖြစ် သာမမြင်ဘဲ တစ်မျိုးသားလုံး၏ ကျန်းမာရေးအသိ၊ စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် တက်ကြွသော လူနေမှုဘဝတို့ တည်ဆောက်ပေးသည့် ရေရှည်လှုပ်ရှားမှုအဖြစ် ဆက်လက်ထိန်းသိမ်း မြင့်တင်ကြရမည်ဖြစ်သည်။

“လူတစ်ဦး၏ ကျန်းမာသောခြေလှမ်းသည် မိသားစုတစ်စု၏ ပျော်ရွှင်မှုကို တိုးပွားစေပြီး ပြည်သူတစ်ရပ်လုံး၏ ကျန်းမာကြွံခိုင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားမာန်ဖြစ်လာမည်။ ဒီဇင်ဘာ၏ အားမာန်ကို တစ်နှစ်ပတ်လုံး ဆက်လက်ရှင်သန်စေ၍ ကျန်းမာကြွံခိုင်သော ပြည်သူများ၊ စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းနှင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို အတူတကွ တည်ဆောက်ကြပါစို့။” ။

စပိန်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ မဲပေးမှုစတင်



မက်ဒရစ် နိုဝင်ဘာ ၂၉

စပိန်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲအတွက် မဲပေးမှုများကို နိုဝင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် ၉ နာရီတွင် စတင်ခဲ့သည်။ မဲပေးပိုင်ခွင့်ရှိသူ ၃၈ ဒသမ ၆ သန်းကျော်သည် အောက်လွတ်တော်အမတ် ၃၅၀ နှင့် အထက်လွတ်တော်အမတ် ၂၀၉ ဦး စုစုပေါင်းကို ရွေးကောက်တင်မြှောက်မည်ဖြစ်သည်။

စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်က ၎င်း၏ အစိုးရအဖွဲ့က ဆောင်ရွက်မည့် အိမ်ရာမူဝါဒအစီအမံများကို အောက်လွတ်တော်က ငြင်းဆိုပြီးနောက် ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ၎င်း ဦးဆောင်သည့် စပိန်ဆိုရှယ်လစ်အလုပ်သမားပါတီသည် ကွန်ဆာဗေးတစ်ပြည်သူ့ပါတီ၏ စိန်ခေါ်မှုနှင့်ရင်ဆိုင်နေရသည်။ ကွန်ဆာဗေးတစ်ပြည်သူ့ပါတီသည် အဆိုပါအိမ်ရာဆိုင်ရာ အစီအမံများကို မဲခွဲဆုံးဖြတ်ရာတွင် လက်ယာအစွန်းရောက် Vox ပါတီနှင့် ကတ်တလန်ဒေသ အခြေစိုက် Junts ပါတီတို့နှင့် ပူးပေါင်းကာ ကန့်ကွက်မဲပေးခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ နိုင်ငံတစ်ဝန်း မဲရုံပေါင်း ၂၂၀၀၀ ကျော် ထားရှိပေးပြီး မဲရုံများကိုည ၈ နာရီတွင် ပိတ်သွားမည်ဖြစ်ကာ ကနဦးယာယီမဲရလဒ်များကို ဒေသစံတော်ချိန် ည ၉ နာရီမှ စတင်၍ ထုတ်ပြန်နိုင်မည်ဟုသိရသည်။ အသစ်ရွေးကောက်တင်မြှောက်ထားသည့် ပါလီမန်ကို ဒီဇင်ဘာ ၂၃ ရက်တွင် စတင်စည်းဝေးမည်ဖြစ်သည်။ ဘုရင်ဖိလစ်ပီ (၆)သည် ပါတီများ၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးတိုင်ပင်ပြီးနောက် ဝန်ကြီးချုပ်လောင်းတစ်ဦးအား အမည်စာရင်းတင်သွင်းမည်ဖြစ်သည်။ **ဆင်ဟွာ**

မြေထဲပင်လယ်၌ အီဂျစ်နှင့် ပြင်သစ်တို့၏ ပူးပေါင်းရေတပ်လေ့ကျင့်မှု ပြီးဆုံး

ကိုင်ရို နိုဝင်ဘာ ၂၉

မြေထဲပင်လယ်၌ ပြုလုပ်သည့် ကလီယိုပက်ထရာ ၂၀၂၆ ဟု အမည်ပေးထားသော အီဂျစ်နှင့် ပြင်သစ်ရေတပ်တို့၏ ပူးပေါင်းလေ့ကျင့်မှု ပြီးဆုံးသွားပြီဖြစ်ကြောင်း အီဂျစ်တပ်မတော်က နိုဝင်ဘာ ၂၈ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါလေ့ကျင့်မှုကို အီဂျစ်ပိုင်ရေပြင်ဝင်တွင် ရက်အတန်ကြာ ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံတပ်မတော်များအကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါလေ့ကျင့်မှုတွင် ပင်လယ်ရေပြင်ရှိ ပစ်မှတ်များကို အခြောက်ကျည်အစစ်ဖြင့် ပစ်ခတ်လေ့ကျင့်ခြင်း၊ ဝေဟင်မှပစ်မှတ်အမျိုးမျိုးကို လေကြောင်းရန် ကာကွယ်ရေးစနစ်ဖြင့် တိုက်ခိုက်လေ့ကျင့်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

ဆိုမာလီယာ၌ ကလေးငယ် ၁ ဒသမ ၄ သန်းကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

မိုဂါဒစ်ရူး နိုဝင်ဘာ ၂၉

ဆိုမာလီယာနိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးငယ် ၁ ဒသမ ၄သန်းခန့်ကို အဓိကထား၍ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး လှုပ်ရှားမှု တစ်ရပ်ကို နိုဝင်ဘာ ၂၉ ရက်တွင် စတင်လိုက်ကြောင်း သိရသည်။

ငါးရက်ကြာမြင့်မည့် အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးရေး လှုပ်ရှားမှုကို ဘာနာဒီယာဒေသဆိုင်ရာ အုပ်ချုပ်ရေးနယ်မြေတစ်ဝန်းရှိ ဂယ်လ်မူဒတ်၊ ဟာရာဘယ်လ်၊ ဂျူဘာလန်း၊ ပန့်တ်လန်းနှင့် South West ပြည်နယ်တို့မှ မြို့နယ်ပေါင်း ၃၀ တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖက်ဒရယ်နှင့် ပြည်နယ်အဆင့် ခေါင်းဆောင်များသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာလုံးဆိုင်ရာ ပိုလီယိုတိုက်ဖျက်ရေးအစီအစဉ်အောက်ရှိ အခြားမိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်းကာ ယခုနှစ်အတွင်း ဆိုမာလီယာနိုင်ငံ၏ ပထမဆုံးအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးလှုပ်ရှားမှုကို အကောင်အထည်ဖော်လျက်ရှိသည်။ **ဆင်ဟွာ**

ဖိလစ်ပိုင်လေယာဉ်တစ်စင်း ဟိုက်ဒရောလစ်စနစ် ချွတ်ယွင်းမှုကြောင့် ပြန်လည်ဆင်းသက်

မနီလာ နိုဝင်ဘာ ၂၉

အယ်လ်ဘေးပြည်နယ် ဒါရာဂါမြို့သို့ ပျံသန်းမည့် ဖိလစ်ပိုင်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဟိုက်ဒရောလစ်စနစ် ချွတ်ယွင်းမှုဖြစ်ပွားခဲ့ပြီးနောက် မနီလာမြို့သို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း ပြည်တွင်း မီဒီယာများက နိုဝင်ဘာ ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

ဟိုက်ဒရောလစ်စနစ် ချွတ်ယွင်းမှုဖြစ်ပွားခဲ့ပြီးနောက် လေယာဉ် ခရီးစဉ် PR 2923 သည် နီနွိုင်းအကွိုနိ အပြည်ပြည်ဆိုင်ရာလေဆိပ် (NAIA) သို့ ပြန်လည်ဆင်းသက်ခဲ့ရပြီး အဆိုပါဖြစ်စဉ်ကြောင့် မနီလာလေဆိပ်ရှိ ပြေးလမ်းအချို့ကို ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

ခရီးသည်အားလုံး ဘေးအန္တရာယ်ကင်းရှင်းခဲ့ပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီ ၅၅ မိနစ်မှစတင်၍ နီနွိုင်းအကွိုနိ အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ပြေးလမ်းများ ပုံမှန်အတိုင်း ပြန်လည် လည်ပတ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

နိုင်ငံတကာ ကလေးသူငယ်လက်ထပ်ခြင်းဆိုင်ရာ တိုက်ဖျက်ရေးနေ့ကို ပထမဆုံးအကြိမ်အဖြစ် အာဖရိကနိုင်ငံများ၌ ကျင်းပ

နိုင်ရိုဘီ နိုဝင်ဘာ ၂၉

ကလေးသူငယ် လက်ထပ်ခြင်းနှင့် အသက်မပြည့်မီ အတင်းအကျပ် လက်ထပ်စေခြင်းတို့ ပပျောက်ရေးအတွက် ပထမဆုံးအကြိမ် နိုင်ငံတကာနေ့ကို နိုဝင်ဘာ ၂၇ ရက်တွင် အာဖရိကနိုင်ငံများ၌ ကျင်းပခဲ့သည်။ ကလေးသူငယ် လက်ထပ်မှု အလေ့အထကို ၂၀၃၀ ပြည့်နှစ်တွင် အဆုံးသတ်ရန် အဆိုပါလှုပ်ရှားမှုတွင် ပါဝင်ကြသူများက တောင်းဆိုထားသည်။

ပြည်သူ့ လူမှုကွန်ရက်အဖွဲ့ အစည်းဖြစ်သည့် Just Rights for Children အဖွဲ့က ဦးဆောင်သည့် ကလေးသူငယ် လက်ထပ်မှု ကင်းစင်သည့် ကမ္ဘာ့လှုပ်ရှားမှုကို ဘီနင်၊ ကင်မရွန်း၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကင်ညာ၊ မာလဝီနှင့် တန်ဇန်းနီးယားနိုင်ငံတို့၌ ကျင်းပခဲ့သည်။ ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၀၀ ကျော်တွင်လည်း ကျင်းပခဲ့ကြသည်။

ပြီးခဲ့သည့် စက်တင်ဘာက ကုလသမဂ္ဂအထွေထွေညီလာခံ၌ နိုဝင်ဘာ ၂၇ ရက်ကို နိုင်ငံတကာ ကလေးသူငယ် လက်ထပ်မှုနှင့် အသက်မပြည့်မီ အတင်းအကျပ် လက်ထပ်စေမှု တိုက်ဖျက်ရေးနေ့ အဖြစ် သတ်မှတ်ခဲ့သည်။

ယင်း သတ်မှတ်ချက်သည် အဆိုပါအလေ့အထကို ကမ္ဘာတစ်ဝန်းတွင် အမြစ်ပြတ်ပပျောက်စေရန် ကြိုးပမ်းအားထုတ်မှုများနှင့် ကလေးသူငယ်များအနေဖြင့် လွတ်လပ်စွာ ကြီးပြင်းလာနိုင်ရန်နှင့် ပညာသင်ယူနိုင်ရန်အတွက် သမိုင်းဝင်မှတ်တိုင်တစ်ခု ဖြစ်လာခဲ့သည်။ **ဆင်ဟွာ**

ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအရ ပါကစ္စတန်က ဆော်ဒီအာရေဗျသို့ တပ်ဖွဲ့ဝင်များစေလွှတ်

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၉

ပါကစ္စတန်နိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံ၏ လုံခြုံရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအပေါ် ထားရှိသည့် ၎င်း၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုသည့်အနေဖြင့် နှစ်နိုင်ငံ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အရ ဆော်ဒီအာရေဗျနိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်လိုက်ကြောင်း ပါကစ္စတန်စစ်ဘက်ရေးရာ မိဒီယာဌာနခွဲက နိုဝင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

တပ်ဖွဲ့ဝင်စေလွှတ်ခြင်း အခမ်းအနားကို ပါကစ္စတန်နိုင်ငံ ရုပ်လ်ပင်ဒီမြို့တွင် ပြုလုပ်ခဲ့ပြီး ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး ခါဝါဂျာဆာဆစ်ဖ်နှင့် အခြားအဆင့်မြင့် စစ်ဘက်ရေးရာနှင့် သံတမန်ရေးရာအရာရှိများ တက်ရောက်ခဲ့ကြောင်း ပါကစ္စတန်တပ်မတော်၏ မိဒီယာနှင့်ပြည်သူ့ဆက်ဆံရေးဌာနခွဲ (ISPR) က ထုတ်ပြန်ထားသည်။

ထိုကဲ့သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းသည် ဆော်ဒီအာရေဗျနိုင်ငံ၏ လုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ပံ့ပိုးကူညီရန် ပါကစ္စတန်နိုင်ငံ၏ ကာလရှည်ကြာထားရှိသော ကတိကဝတ်ကို ထင်ဟပ်စေကြောင်း၊ ထို့အပြင် ပြောင်းလဲမြင့်တက်လာနေသော စိုးရိမ်ပူပန်မှုများကြားတွင် ဆော်ဒီအာရေဗျနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များကိုလည်း အထောက်အကူပြုရာရောက်ကြောင်း သိရသည်။ **ဆင်ဟွာ**

လော့စ်အိန်ဂျလိစ်ဒေသ၌ ၁၂ နှစ်အတွင်း အပြင်းထန်ဆုံး လျှင်လှုပ်ခတ်

လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၉

အမေရိကန်ပြည်ထောင်စု၏ ဒုတိယအကြီးဆုံး မြို့ပြဒေသဖြစ်သည့် လော့စ်အိန်ဂျလိစ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် နိုဝင်ဘာ ၂၈ ရက်က ပြင်းအား ၅ ဒသမ ၀ အဆင့်ရှိ လျှင်တစ်ခုခုနှင့် နောက်ဆက်တွဲလျှင်ငယ် ဒါဇင်နှင့်ချီ၍ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာန၏ ထုတ်ပြန်ချက်အရ လော့စ်အိန်ဂျလိစ်ခရိုင်ရှိ ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သော မန်ဟက်တန်ဘီချ်၏ အနောက်တောင်ဘက် ၅ ကီလိုမီတာခန့်အကွာ လော့စ်အိန်ဂျလိစ်ကမ်းရိုးတန်း၌ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လျှင်လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းလျှင်သည် လွန်ခဲ့သည့် ၁၂ နှစ်အတွင်း လော့စ်အိန်ဂျလိစ်ဒေသ၌ လှုပ်ခတ်ခဲ့သည့် အင်အားအပြင်းထန်ဆုံး လျှင်ဖြစ်ကြောင်း သိရသည်။

လာမည့်ရက်များအတွင်း လျှင်များ ထပ်မံလှုပ်ခတ်နိုင်ခြေရှိကြောင်း၊ အများစုမှာ ပြင်းအားနည်းပါးဖွယ်ရှိသော်လည်း ပြင်းထန်သည့် လျှင်များလည်း လှုပ်ခတ်လာနိုင်ကြောင်း၊ လျှင်ဗဟိုချက်နှင့် နီးသောနေရာများတွင် ထိခိုက်ပျက်စီးမှုများ ရှိလာနိုင်ကြောင်း လျှင်သုတေသနနှင့် ဓောင့်ကြည့်ရေးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

နိုဝေါ်၌ ဩဂုတ်လရေကြီးမှုမှ ပျောက်ဆုံးနေသူ ၃၉၁၅ ဦးကို သေဆုံးသူများအဖြစ် သတ်မှတ်ရန်ရှိ

ခတ္တမန္တူ နိုဝင်ဘာ ၂၉

နိုဝေါနိုင်ငံတွင် ဩဂုတ်လအတွင်းက ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေဆဲဖြစ်သည့် လူပေါင်း ၃၉၁၅ ဦးကို သေဆုံးသူများအဖြစ် အသိအမှတ်ပြုသင့်မှတ်ရန် နိုဝေါအစိုးရကို သဘာဝဘေးအန္တရာယ်တို့ပြန်ရေးကော်မတီက အကြံပြုတိုက်တွန်းလိုက်ကြောင်း သိရသည်။

ယင်းအရေအတွက်မှာ နိုဝေါဘက်ခြမ်းတွင် ပျောက်ဆုံးနေသူ ၅၂၈၅ ဦး၏ ၇၀ ရာခိုင်နှုန်း ကျော်ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသည့် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေး အမှုဆောင်ကော်မတီက နိုဝင်ဘာ ၂၆ ရက်တွင် ထိုကဲ့သို့ အကြံပြုတိုက်တွန်းခဲ့ခြင်းဖြစ်ပြီး ပျောက်ဆုံးနေသူများတွင် နိုဝေါနိုင်ငံသား ၃၂၉၂ ဦးနှင့် နိုင်ငံခြားသား ၆၂၃ ဦး ပါဝင်သည်။

လာမည့် အစိုးရအဖွဲ့အစည်းအဝေးတွင် ဝန်ကြီးများကောင်စီက တရားဝင်ကြေညာချက် ထုတ်ပြန်သွားဖွယ်ရှိကြောင်း အဆိုပါကော်မတီက ပြောကြားသည်။ **အင်နီအိတ်ချ်ကေ**

အီဂျစ်၌ စက်သုံးဆီတင်ယာဉ် မီးလောင်မှုမှ သေဆုံးသူ ၃၂ ဦးအထိ ရှိလာ

ကိုင်ရို နိုဝင်ဘာ ၂၉

အီဂျစ်နိုင်ငံ ဂီဇာပြည်နယ်ရှိ မြို့ပတ်လမ်းပေါ်၌ နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သော စက်သုံးဆီတင်ယာဉ်မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ နိုဝင်ဘာ ၂၇ ရက်က ဆေးရုံ၌ သေဆုံးသွားခဲ့ရာ သေဆုံးသူစုစုပေါင်း ၃၂ ဦးအထိ မြင့်တက်လာကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဟော့ဆမ်အဗွဒယ်လ ဂါဖာက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။ ဒဏ်ရာရရှိသူ ၂၆ ဦး အနက် ခုနစ်ဦးမှာ ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ မတော်တဆမှုမှာ မြို့တော်ကိုင်ရိုအနီး ဂီဇာပြည်နယ် အယ်လ်ဝါရက်မြို့နယ်ရှိ မြို့ပတ်လမ်းပေါ်၌ ကားတစ်စီးက လောင်စာဆီတင်ယာဉ်ကို ဝင်တိုက်မိရာမှ ဆီတင်ယာဉ်တိမ်းမှောက်သွားပြီး ဓာတ်ဆီများ ဖိတ်ကျကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၁၀ လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၄ လုံး တို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၉ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ကံမမြို့နယ်၌ တိရစ္ဆာန်ကျန်းမာရေး လုပ်သားသင်တန်းဖွင့်လှစ်

ကံမ နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တိရစ္ဆာန်ကျန်းမာရေး လုပ်သား သင်တန်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တ ဥက္ကဋ္ဌ ဦးသက်လွင်ဦးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာဖြူသန့်ထွန်းတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကာ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ကျော်ဇေယျဝင်း(ကံမ)



ဇလွန်မြို့၌ ဆီထွက်သီးနှံ ဆောင်းနေကြာ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ဇလွန် နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သော ၂၀၂၆ - ၂၀၂၇ ခုနှစ် ဆင်းရွှေကြာ - ၂ ဆီထွက်သီးနှံ ဆောင်းသီးနှံ(နေကြာ) မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို မေရီလန်းကျေးရွာအုပ်စု တောင်သူ ဦးဖိုးချို၏ ကွင်း၊ ဦးပိုင်အမှတ် (၂၀/၁၀)။ လယ်မြေ ၃ ဧကတွင် ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြိုးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးနှင့်ကျေးရွာ စိုးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန ကွင်းဝန်ထမ်းများက ဆင်းရွှေကြာ - ၂ မျိုးစေ့ထုတ်ဆောင်းသီးနှံ(နေကြာ) စိုက်ပျိုးနည်းစနစ်များကို လက်တွေ့သရုပ်ပြ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)



ပင်းတယမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးနှင့် စနစ်တကျသုံးစွဲရေးအသိပညာပေး

ပင်းတယ နိုဝင်ဘာ ၂၉

ပင်းတယမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ရေအရင်းအမြစ်များ လျော့နည်းမှုနှင့် ရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေး၊ သောက်သုံးရေများ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက ရေချမ်းစင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် ဝန်ထမ်းများသည် ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ အယ်လ်နီညို ရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ ပူပြင်းခြောက်သွေ့မှုများနှင့် ရေရှားပါးပြတ်လပ်နိုင်သည့်အခြေအနေများနှင့် ရေကိုအလေအလွင့်မရှိ စနစ်တကျချွေတာသုံးစွဲရေးတို့ကို အသိပညာပေးရှင်းလင်းပြောကြားပြီး ကျေးရွာအတွင်း သောက်သုံးရေ သိုလှောင်ထားရှိမှုအခြေအနေများကို မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ဘုန်းမြတ်





❝ ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

ဘီးလင်းမြို့နယ် တောင်ကြီးကျေးရွာကုန်ထုတ်လမ်းဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ကျိုက်ထို နိုဝင်ဘာ ၂၉

မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘီးလင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း SNY Nest ကုမ္ပဏီမှ ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၉၅ ဒသမ ၆၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် တောင်ကြီးကျေးရွာ ကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကျိုက်ထိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများက နိုဝင်ဘာ ၂၈ ရက်တွင် ကွင်းဆင်းကြီးကြပ်ပြီး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။ မောင်မွေး



❝ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကျေးလက်တွင် ဈေးကွက်ဝင် တိုင်းရင်းကြက်မွေးမြူရေး (၃)

တနင်္ဂနွေနေ့လည်းဖြစ်၊ အလုပ်လည်း အားလပ်သဖြင့် ကိုစိုးအောင်နှင့်အတူ သူ၏ တိုင်းရင်းကြက်ခြံလေးဆောက်လုပ်ရန်အတွက် လိုအပ်သောပစ္စည်းလေးများ ဈေးဝယ်ယူရန် လိုက်ပါခဲ့ပြီး ဒေါက်တာကြီးရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမြို့နယ်ရုံးသို့ ဝင်ရောက်နှုတ်ဆက်ရင်း ရုံးအနီးရှိ လက်ဖက်ရည်ဆိုင်၌ပြီးခဲ့တဲ့ အခေါက်က ဆွေးနွေးပြောပြမှု များပြီးပြတ်သေးသည့် အချက်အလက်များ နည်းနာနီသာယ ခံယူခဲ့ကြသည်။

သောင်းသိန်းမြတ် (မွေး/ကု)

"တိုင်းရင်းကြက်အစာကျွေးခြင်းနဲ့ ထိန်းသိမ်းစောင့်ရှောက်ခြင်းအပိုင်းတွေကို ဆက်လက်ဆွေးနွေးပြောပြပေးသွားပါမယ်။ ကြက်တွေဟာ ပိုးမွှား၊ တီကောင်၊ ခရု၊ အစေ့အဆံ၊ မြက်၊ ဟင်းသီးဟင်းရွက်နဲ့ အသီးအနှံတွေကို သဘာဝအလျောက် ရှာဖွေစားသောက်တတ်ကြတယ်။ လူတို့ အခါအားလျော်စွာ ကျွေးမွေးတဲ့ ဆန်၊ ဆန်ကွဲ၊ စပါးနဲ့ အစာအကြွင်းအကျန်တွေကိုလည်း စားသောက်တတ်ကြတယ်။ ဒီလိုစားသောက်ရင်းမှ ကြက်ဥနဲ့ ကြက်သားတွေကို ထုတ်လုပ်ပေးနေတယ်။ ဒီထက်ပိုပြီး ကြက်ဥတွေ ဥဖို့၊ မြန်မြန်ကြီးထွားဖို့၊ ကျန်းမာရေးကောင်းဖို့ကို လက်ရှိ စားသုံးနေတဲ့အစာနဲ့ မလုံလောက်ပါဘူး။ အဟာရပြည့်ဝတဲ့အစာနဲ့ သန့်ရှင်းတဲ့ သောက်ရေတို့ကို ဖြည့်စွက်ကျွေးမွေးဖို့ လိုပါတယ်။ ငွေကုန်ကျစရိတ်မများဘဲ ဆောင်ရွက်ပေးနိုင်တဲ့ နည်းလမ်းတွေကို အရင်ပြောပြပေးသွားပါမယ်။

- စားကြွင်းစားကျန်တွေကို သန့်ရှင်းတဲ့ခွက်မှာ စုဆောင်းပြီး မပုပ်မသိုးမီ ကြက်စာခွက်မှာ စနစ်တကျ ထည့်ကျွေးရမယ်။
- ပုစွန်ဆိတ်ခေါင်းတွေ၊ ငါးသေးငါးမွှားတွေနဲ့ ငါးသားခုတ်စတွေကို အစိုအတိုင်းဖြစ်စေ၊ ပြုတ်ပြီးဖြစ်စေ၊ အခြောက်လှန်းပြီးဖြစ်စေ ကျွေးမွေးနိုင်ပါတယ်။
- ဟင်းသီးဟင်းရွက်တွေကို နုတ်နုတ်စင်းပြီးတော့ ဖွဲနု၊ ဆန်ကွဲတို့နဲ့ ရောနယ်၊ အစာခွက်မှာ ထည့်ပြီး ကျွေးရပါမယ်။
- လွှတ်ကျောင်းခြံဝင်းအတွင်း "ကျင်း" ပြုလုပ်ပြီး နွားချေးစုဆောင်းရမယ်။ နွားချေးတွေခြောက်နေရင် ရေဖျန်းပေးရမယ်။ နွားချေးကျင်းအတွင်း အပင်ပေါက်တွေ၊ တီကောင်တွေ၊ ပိုးမွှားတွေ ပေါက်ပွားလာပြီး ကြက်တွေအတွက် စားကျက်ကောင်းတစ်ခုကို ဖြစ်ပေါ်ရရှိစေနိုင်ပါတယ်။
- ဗီတာမင်နဲ့ အသားဓာတ်ကြွယ်ဝတဲ့ ပါရာမြက် (မြက်ချို)၊ ပဲနွယ်ပင်တွေကို ရေစပ်စပ်ရှိတဲ့နေရာတွေ မှာ စိုက်ပျိုးပေးရမယ်။ ပြီးရင် ခုတ်စင်းပြီး အစာအဖြစ် ကျွေးနိုင်တယ်။ ကန်စွန်းရွက်၊ ဂေါ်ဖီ၊ ပါရာမြက်၊ ဟင်းနုနယ်၊ ပဲနွယ်ပင် (ပဲလွန်းရွက်၊ ကုလားပဲရွက်၊ ပဲလိပ်ပြာရွက်)တို့ကနေ ဗီတာမင်သတ္တုဓာတ်နဲ့ အသားဓာတ်တွေကို ရရှိနိုင်တယ်။ အဲဒါတွေကို ထည့်ကျွေးခြင်း အားဖြင့် ကြက်တွေ ကျန်းမာသန်စွမ်းစေပြီး ထုတ်လုပ်မှုကို အထောက်အကူပြုစေနိုင်မှာ ဖြစ်တယ်။
- ကြက်ဥတွေ အလွယ်တကူမကွဲစေဖို့၊ ဥခွံမာကျောဖို့နဲ့ ကြက်တွေ မြန်မြန်ကြီးထွားစေဖို့ တို့အတွက် ထုံးဓာတ်လုံလောက်စွာရရှိဖို့ လိုအပ်တယ်။ ထုံးဓာတ်ကို ခရုခွံမှုန့်၊ ထုံးကျောက်မှုန့် တို့ကနေ ရရှိနိုင်ပါတယ်။
- ဆန်ကွဲ၊ သီးနှံ (လုံးပိန်လုံးညှပ်)တို့နဲ့ ကြိတ်ချေထားတဲ့ ပြောင်းစေ့၊ ကြက်စာ၊ ငါးခြောက်တွေကိုလည်း ရံဖန်ရံခါကျွေးပေးဖို့ သင့်ပါတယ်။ အစာခွက်ထဲမှာ အစာတွေကို ပြည့်နေမောက်နေအောင် ထည့်ပေးရင် ကြက်တွေ ယက်ချလို့ အစာအလေအလွင့်ဆုံးရှုံးမှု များတတ်တာကြောင့် ဂရုတစိုက် ကျွေးမွေးဖို့ လိုအပ်ပါမယ်။
- သောက်ရေကို ကြက်တွေ အချိန်မရွေးသောက်သုံးနိုင်အောင် ခွက်နဲ့ထည့်ထားပေးရမယ်။ ရေတွေ ညစ်ပတ်လာရင် လဲလှယ်ပေးရမယ်။ အစာခွက်နဲ့ ရေခွက်တွေ ညစ်ပတ်လာရင်လည်း ဆေးကြောပေးရမှာ ဖြစ်တယ်။

> **"ကြက်မတွေ ဥစပြီး မဥခင် ဥကျင်းကို ကြိုတင်ပြင်ဆင်ထားပေးရမယ်။ စနစ်တကျ ဥကောက်၊ သားဖောက်မွေးမြူမှုအရ ကြက်မ ၁၀ ကောင်ကနေ ၁၅ ကောင်ကို ဥကျင်း သုံးခုနှုန်းထားပေးရမယ်။ ဥကျင်းကနေ ကြက်ဥကို အနည်းဆုံး တစ်နေ့တစ်ကြိမ် ကောက်ယူရမယ်။ ကြက်ဥပေါ်မှာ ဥတဲ့ ရက်စွဲကို ရေးပေးနိုင်ရင် ပိုကောင်းတယ်။ ခုနစ်ရက်ထက်ကျော်တဲ့ကြက်ဥကို မျိုးဖောက်ဖို့အတွက် မသုံးဖို့ လိုအပ်တယ်။ ကြက်ဥတွေကို အေးပြီး ခြောက်သွေ့တဲ့နေရာတွေမှာ သိမ်းဆည်းရမယ်။ အရွယ်အစားကြီးပြီး ဥခွံကောင်းတဲ့ ခုနစ်ရက်အတွင်း ဥတဲ့ကြက်ဥတွေကိုသာ သားဖောက်ဖို့ သုံးရမယ်။ ကြက်ဥအနှစ် နှစ်ခုပါလေ့ရှိပြီး ပုံမှန်အရွယ်အစားထက်ကြီးလွန်းတဲ့ ကြက်ဥတွေကိုတော့ သားဖောက်ဖို့အတွက် မသုံးဖို့ သိမ်းရမှာဖြစ်တယ်"**

"ပြီးတော့ ကြက်ငယ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ဆက်လက်ပြောပြပေးပါဦးမယ်။ ကြက်တွေရဲ့ သေကျေဆုံးရှုံးမှုကို လေ့လာကြည့်တဲ့အခါမှာ ကြက်ငယ်ဘဝ အသက် နှစ်လသားအထိ ၂၄ ရာခိုင်နှုန်း သေဆုံးတတ်တယ်။ (ကြက်ငယ်အကောင် ၁၀၀ မှာ ၂၄ ကောင်သေ)။ ကြက်လတ်ဘဝ (အသက် နှစ်လမှ ခြောက်လသားအထိ) ၁၉ ရာခိုင်နှုန်းနဲ့ ကြက်ကြီးဘဝ (ခြောက်လသားနဲ့ အထက်)မှာ ငါးရာခိုင်နှုန်း သေဆုံးနှုန်းရှိကြောင်း တွေ့ရှိမှတ်သားရပါတယ်။ ဒါကြောင့် ကြက်ငယ်ဘဝမှာ သေဆုံးနှုန်း အများဆုံးဖြစ်လို့ အထူးဂရုပြုပေးဖို့ လိုအပ်ပါတယ်။ သေဆုံးရတဲ့ အကြောင်းရင်းတွေကတော့ စွန်၊ သိမ်းငှက်၊ ကြွက်၊ ခွေး၊ ခွေး၊ ကြောင် စတဲ့ သားရဲတိရစ္ဆာန်တွေ အန္တရာယ်ပြုခံရခြင်း၊ ရေ/ဗွက်နစ်ခြင်း၊ အခြားကြက်မဆိတ်ခြင်း၊ မိခင်ကြက်မြီး သားထိန်းမကောင်းခြင်း၊ ရောဂါဖြစ်ခြင်း၊ ရာသီဥတုပြင်းထန်ခြင်း စတဲ့အချက်တွေကြောင့် အများဆုံးသေဆုံးတတ်ကြတယ်။

"ကြက်ငယ်တွေ အဲဒီလို မဖြစ်ပွားရအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ့် နည်းလမ်းတွေကို လည်း ပြောပြပေးပါဦးမယ်။

- ပေါက်ကာစ ကြက်ငယ်နဲ့ ကြက်မကြီးတွေကို လုံခြုံတဲ့ လှောင်အိမ်မှာ ထားပေးရမယ်။ ဒါမှ မဟုတ် ကြက်အုပ်ဆောင်းနဲ့ အုပ်ထားပေးရမယ်။ ခြောက်သွေ့ပြီး နွေးထွေးတဲ့နေရာ၊ လေစိမ်းမတိုက်တဲ့နေရာတွေမှာ ထားပေးရပါမယ်။
- အိပ်တန်းတက်ချိန်/ ဆင်းချိန်တွေမှာ ကြက်မကြီးနဲ့ ကြက်ငယ်လေးတွေ ကွဲကွာမှုမရှိစေဖို့ အထူးဂရုပြုပေးရမယ်။ ညအချိန်မှာတော့ ကြက်ကြီးနဲ့ ကြက်ကလေးတွေကို လှောင်ထားပေးရမယ်။
- ကြက်ငယ်တွေ စားသောက်နိုင်ဖို့ အစာခွက်နဲ့ ရေခွက်တို့ကို ခပ်နိမ့်နိမ့်ဖြစ်အောင် ထားပေးပြီး အစာကျွေးရမယ်။ ကြက်ငယ်တွေနဲ့ ကြက်မကြီးတို့ အစာရှာစားနိုင်ဖို့ ကြက်အုပ်ဆောင်းကို နေ့စဉ်နေရာရွှေ့ပေးရမယ်။ ဖြစ်နိုင်ရင်လှောင်အိမ်၊ ကြက်အုပ်ဆောင်းအတွင်းမှာ ကြက်ငယ်တွေ သာ ဝင်ထွက်နိုင်တဲ့ အုပ်ဆောင်းအသေးတစ်ခု ထပ်ထည့်ပေးထားမယ်ဆို ပိုကောင်းမွန်တယ်။
- အဲဒီအုပ်ဆောင်းအသေးအတွင်းမှာတော့ ကြက်ငယ်တွေ စားနိုင်အောင် အစာခွက်ခပ်နိမ့်နိမ့်လေးတွေနဲ့ ထည့်ကျွေးပေးရပါမယ်။ အဲဒီအစာခွက်အသေးအတွင်းမှာ ကြက်ငယ်တွေ စားနိုင်တဲ့ အရွယ်ဖြစ်အောင် ကြိတ်ချေထားတဲ့ ဆန်ကွဲ၊ ပြောင်း၊ အာဟာရပြည့်ဝတဲ့ ကြက်ငယ်သီးသန့် စာကို ထည့်ကျွေးပေးရပါမယ်။ ကြက်ငယ်သီးသန့်စာ ကျွေးမွေးရမှုကြောင့် ငွေကုန်ကျမှု အနည်းငယ်ရှိနိုင်ပေမယ့် ကြက်ငယ်လေးတွေရဲ့ သက်တမ်းတစ်လျှောက် ကျန်းမာဖွံ့ဖြိုးရေးအတွက် များစွာအကျိုးကျေးဇူးရရှိစေမှာ ဖြစ်ပါတယ်။

- ကြက်ငယ်လေး အသက် သုံး/လေးပတ် အရွယ်လောက်မှာတော့ မိခင်ကြက်မကြီးနဲ့အတူ လွှတ်လပ်စွာ ရှာဖွေစားသောက်နိုင်စေဖို့အတွက် လှောင်အိမ်မှ ထုတ်လွှတ်ပေးနိုင်ပါတယ်။ ကြက်ငယ်လေးတွေကို သီးသန့်ခွဲပြီး အာဟာရပြည့်ဝတဲ့ ဖြည့်စွက်အစာကိုလည်း ကျွေးမွေးပေးရပါမယ်။
- ကြက်ငယ်လေးတွေ ပေါက်ပြီး ၁၀ ရက်ကနေ ၁၄ ရက်လောက်မှာ ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေး (အိုင်တူး) မျက်စဉ်းဆေးခတ်ပေးရမယ်။ အဲဒီကာကွယ်ဆေးကို သုံးလတစ်ကြိမ် ခတ်ပေးရမယ်။ ကြက်ငယ် တစ်လခွဲအရွယ်မှာတော့ ကြက်ဝမ်းကျရောဂါ တောင်ပံထိုး ကာကွယ်ဆေးကို ထိုးပေးရမယ်။ အဲဒီကာကွယ်ဆေးကို ခြောက်လတစ်ကြိမ် ထိုးပေးရပါမယ်။ ဆေးထိုးနှံမှုအပိုင်းကိုတော့ နီးစပ်ရာ တိရစ္ဆာန်ဆေးကုဆရာဝန်တွေထံကနေ နည်းနာခံယူပြီး ဆောင်ရွက်သင့်တယ်။

"ကြက်လတ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် နည်းလမ်းတွေကိုလည်း ဆက်ပြောပြပါဦးမယ်။ သာမန်အားဖြင့်တော့ ကြက်တွေရဲ့အသက် တစ်လခွဲ ဝန်းကျင်မှာ အထီး/အမ ခွဲခြားနိုင်ပြီ ဖြစ်ပါတယ်။ ကြက်ထီးဟာ ကြက်မထက် ကြီးထွားမှု ပိုမြန်ပါတယ်။ ဖြစ်နိုင်ရင် ကြက်ထီးငယ်တွေကို ကျန်ကြက်အုပ်ကနေ တစ်နေ့ နာရီဝက်လောက် ခွဲပြီး သီးခြားဖြည့်စွက်စာ ကျွေးပေးရပါမယ်။ ကြီးထွားမှု ပိုမြန်ပြီးတော့ စောစောငွေပေါ်အောင် ထုတ်ရောင်းနိုင်ပါလိမ့်မယ်။ ကြက်လတ်အရွယ်ဟာ ဗိုလိုလုတဲ့အရွယ်ဖြစ်လို့ ဒဏ်ရာကို ဖန်ရေ ဆေးပေးခြင်း၊ အနာလိမ်းဆေးတွေ လိမ်းပေးခြင်းတွေနဲ့ ကုသနိုင်ပါတယ်။ ဆေးကို ကြက်တွေရဲ့ မျက်လုံးထဲ မဝင်စေဖို့ကိုတော့ ဂရုစိုက်ပေးရပါမယ်။ ကြီးထွားနှုန်း ကောင်းပြီး ကျန်းမာသန်စွမ်းတဲ့ ကြက်ဖတွေကို မျိုးအဖြစ် အသုံးပြုဖို့ ချန်ထားပြီး ကျန်တဲ့ကြက်ထီးတွေကိုတော့ ရောင်းထုတ်ပစ်ရမှာဖြစ်ပါတယ်။

"ကြက်မကြီးတွေ ထိန်းသိမ်းစောင့်ရှောက်ရမယ့် နည်းလမ်းတွေကိုလည်း မှတ်သားထားကြပါဦး။ ကြက်မအသက်ငါးလကနေခြောက်လခန့်တွင်အရွယ် ရောက်ပြီး ဥစဥလေ့ရှိပါတယ်။ အာဟာရပြည့်ဝတဲ့ အစာ၊ ဖြည့်စွက်စာကျွေးမွေးခြင်းဖြင့် ကြက်မတွေ စောစောဥခြင်း၊ ဥအရွယ်အစားကြီးခြင်းနဲ့ ဥများများ ဥခြင်း စတဲ့အကျိုးကျေးဇူးတွေကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဥနေတဲ့ကြက်မတွေသာ နီရဲပြည့်ဖြိုးတဲ့ အမောက်ရှိပြီး မဥသေးတဲ့ အမောက်မျိုးတွေကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

"ကြက်မတွေ ဥစပြီး မဥခင် ဥကျင်းကို ကြိုတင်ပြင်ဆင်ထားပေးရမယ်။ စနစ်တကျဥကောက်၊ သားဖောက်မွေးမြူမှုအရ ကြက်မ ၁၀ ကောင်ကနေ ၁၅ ကောင်ကို ဥကျင်း သုံးခုနှုန်း ထားပေးရမယ်။ ဥကျင်းကနေ ကြက်ဥကို အနည်းဆုံး တစ်နေ့တစ်ကြိမ် ကောက်ယူရမယ်။ ကြက်ဥပေါ်မှာ ဥတဲ့ ရက်စွဲကို ရေးပေးနိုင်ရင် ပိုကောင်းတယ်။ ခုနစ်ရက်ထက်ကျော်တဲ့ကြက်ဥကို မျိုးဖောက်ဖို့အတွက် မသုံးဖို့ လိုအပ်တယ်။ ကြက်ဥတွေကို အေးပြီး ခြောက်သွေ့တဲ့နေရာတွေမှာ သိမ်းဆည်းရမယ်။ အရွယ်အစားကြီးပြီး ဥခွံကောင်းတဲ့ ခုနစ်ရက်အတွင်း ဥတဲ့ ကြက်ဥတွေကိုသာ သားဖောက်ဖို့ သုံးရမယ်။ ကြက်ဥအနှစ် နှစ်ခုပါလေ့ရှိပြီး ပုံမှန်အရွယ်အစားထက်ကြီးလွန်းတဲ့ ကြက်ဥတွေကိုတော့ သားဖောက်ဖို့အတွက် မသုံးဖို့ သိထားရမှာ ဖြစ်တယ်။

"ကြက်မကြီးတွေဝပ်တဲ့ ဝပ်ကျင်းကို အဝင်အထွက်နည်းပြီး အနည်းငယ်မှောင်တဲ့ တိတ်ဆိတ်တဲ့နေရာတွေမှာ ထားပေးရမယ်။ လှုပ်ရှားမှုမရှိအောင် ခိုင်ခိုင်ခံ့ခံ့ထားပေးရမယ်။ ဝပ်ကျင်းထဲမှာ မျိုးဥ ၁၀ လုံးကနေ ၁၅ လုံးအထိ ထည့်နိုင်တယ်။ ဝပ်နေတဲ့ကြက်မဟာ အစာနဲ့ ရေကို ဝပ်ကျင်းက ဆင်းပြီးသောက်တဲ့အကြိမ်နည်းတာကြောင့်ကြက်မ ဝပ်နေရင်း အစာနဲ့ ရေစားသောက်နိုင်ဖို့ ဝပ်ကျင်းအနီးအနားမှာ ထားပေးရမယ်။ အာဟာရရှိတဲ့ အစာတွေ ဖြည့်ကျွေးရမယ်။

"ဝပ်ပြီး ၂၁ ရက်ကြာတဲ့ အခါမှာတော့ ကြက်ငယ်လေးတွေ ပေါက်ပွားလာတာကို တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဝပ်ကြက်မ နှစ်ကောင်အထက်ရှိရင် ဝပ်ကျင်းနဲ့ ဝပ်ကြက်မကွဲလွဲမှုရှိစေဖို့ ဂရုပြုပြီးတော့ ဆောင်ရွက်ပေးရပါမယ်။ ဝပ်ရက်မတူတဲ့ကြက်ဥတွေ ရောနှောမသွားစေဖို့ကိုလည်း ပိုပြီးဂရုစိုက်ရမှာဖြစ်တယ်။

"နောက်ဆုံးအချက်ကတော့ သားဖောက်ကြက်မအရေအတွက် များများမွေးမြူရင် ကြက်ငယ်တွေကို ကြက်မကြီးနဲ့အတူ ငါးရက်လောက် ထိန်းကျောင်းပေးပြီး ကျန်ရက် ၄၀ လောက်ကိုတော့ ကြက်ကလေးတွေကို ကြက်မကြီးနဲ့ခွဲပြီး အနွေးဓာတ်ပေးမွေးမြူတဲ့စနစ်ကို ကျင့်သုံးခြင်းဖြင့် ဆက်လက် မွေးမြူနိုင်မှာဖြစ်ပါတယ်။ ကြက်ဥတွေကို ကြက်မကြီးနဲ့ မဝပ်စေဘဲ ဖောက်စက်နဲ့ ဖောက်ခြင်းဟာ တစ်နှစ်အတွင်း သားပေါက်ကြိမ်ရေ၊ သားပေါက်ကောင်ရေတို့ ပိုမိုများပြားလာနိုင်စေတဲ့ အကျိုးကျေးဇူးတွေ ရရှိလာနိုင်မှာဖြစ်ပါတယ်။

"တိုင်းရင်းကြက်တွေမှာ အဖြစ်များတတ်တဲ့ လည်လိမ်ရောဂါ၊ ဝမ်းကျရောဂါ၊ ကျောက်ရောဂါ၊ သန်ရောဂါ၊ သွေးဝမ်းကျရောဂါ၊ ချေးဖြူကပ်ရောဂါ၊ ကူးစက်ရောဂါတွေ မဖြစ်ပွားဖို့ကို ကျွမ်းကျင်တဲ့ နီးစပ်ရာတိရစ္ဆာန်ဆေးကုဆရာဝန်တွေရဲ့ အကြံဉာဏ်နဲ့ ကြိုတင်တိုရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ထားခြင်းဖြင့် အောင်မြင်တဲ့ တိုင်းရင်းကြက်မွေးမြူရေး ခြံတစ်ခြံ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း သိရှိမှတ်သားမိသမျှ ဆွေးနွေးပြောကြားပေးပါတယ်ဗျာ"

"အခုလို တိုင်းရင်းကြက်မွေးမြူရေးအကြောင်း စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြပေးလို့ အထူးကျေးဇူးတင်ရှိပါတယ် ဒေါက်တာကြီး"။ ။

တစ်ပတ်တာ ဖတ်စရာ

မြန်မာရေးရာ

နိုဝင်ဘာ ၂၂ ရက်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် AFC ဥက္ကဋ္ဌ၏ အသိအမှတ်ပြု ကြေးတံဆိပ်ဆုနှစ်ဆု ဆွတ်ခူး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် AFC Awards Bangkok 2026 ဆုပေးပွဲတွင် AFC ဥက္ကဋ္ဌ၏ အသိအမှတ်ပြု ကြေးတံဆိပ်ဆုနှင့် အခြေခံလူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး ကြေးတံဆိပ်ဆုတို့ကို ဆွတ်ခူးရရှိခဲ့သည်။

နိုဝင်ဘာ ၂၃ ရက်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြုပြင်ပွဲ ဖွင့်လှစ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် နိုဝင်ဘာ ၂၃ ရက်တွင် မာရဝိဇယဗုဒ္ဓဥယျာဉ်၌ ကျင်းပသည့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြုပြင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြုရက်ကန်းအဖွဲ့ ၁၅ ဖွဲ့၏ သင်္ကန်းရက်လုပ်မှုများကို ကြည့်ရှုအားပေးသည်။ တန်ဆောင်တိုင်ပွဲတော်အဖြစ် မီးပုံးပျံလွှတ်တင်ခြင်းနှင့် ယဉ်ကျေးမှုဖျော်ဖြေပွဲများလည်း ကျင်းပခဲ့ရာ ကြက်ပျံမကျစည်ကားခဲ့ကြောင်း သိရသည်။ တန်ဆောင်တိုင်ကာလ မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင်ပွဲများနှင့် မီးပူဇော်ပွဲများ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲများကို တစ်နိုင်ငံလုံးရှိ ဘုရားပုထိုးစေတီများတွင်လည်း စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြသည်။

နိုဝင်ဘာ ၂၄ ရက်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြုပြင်ပွဲ ဖွင့်လှစ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် နိုဝင်ဘာ ၂၃ ရက်တွင် မာရဝိဇယဗုဒ္ဓဥယျာဉ်၌ ကျင်းပသည့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြုပြင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြုရက်ကန်းအဖွဲ့ ၁၅ ဖွဲ့၏ သင်္ကန်းရက်လုပ်မှုများကို ကြည့်ရှုအားပေးသည်။ တန်ဆောင်တိုင်ပွဲတော်အဖြစ် မီးပုံးပျံလွှတ်တင်ခြင်းနှင့် ယဉ်ကျေးမှုဖျော်ဖြေပွဲများလည်း ကျင်းပခဲ့ရာ ကြက်ပျံမကျစည်ကားခဲ့ကြောင်း သိရသည်။ တန်ဆောင်တိုင်ကာလ မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင်ပွဲများနှင့် မီးပူဇော်ပွဲများ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲများကို တစ်နိုင်ငံလုံးရှိ ဘုရားပုထိုးစေတီများတွင်လည်း စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြသည်။

နိုဝင်ဘာ ၂၄ ရက်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးခွဲ မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့်ပြိုင်ပွဲများ ဆုချီးမြှင့်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီးတို့သည် နိုဝင်ဘာ ၂၄ ရက်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ ယှဉ်ပြိုင်ရက်လုပ်သည့် မသိုးရွှေကြာသင်္ကန်း ၁၅ ထည် ဆက်ကပ်လှူဒါန်းခဲ့ပြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံနှင့် မသိုးရွှေကြာသင်္ကန်းပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲသို့လည်း တက်ရောက်ကာ ဆုရအသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂၅ ရက်

နိုင်ငံတော်သမ္မတ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး တက်ရောက်အမှာစကားပြောကြား

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံ့ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် အခွန်ကောက်ခံမှုတိုးတက်ရေး၊ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

နိုဝင်ဘာ ၂၆ ရက်

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး တက်ရောက်

နေပြည်တော်၌ ကျင်းပသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲသို့ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ခဲ့ပြီး ကဏ္ဍအလိုက် ထူးချွန်ဆုများချီးမြှင့်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား အာဟာရနှင့် ကာကွယ်ဆေးထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

နိုဝင်ဘာ ၂၇ ရက်

၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင်သုံးဦးအား ချီးမြှင့်ခဲ့ပြီး အမျိုးသားစာပေဆု ၁၅ ဆုနှင့် စာပေဗိမာန်စာမူဆုများအတွက် ဆုရရှိသူများကိုလည်း ထုတ်ပြန်ကြေညာခဲ့သည်။ အမျိုးသားစာပေဗိမာန်သက်တာဆု တစ်ဆုလျှင် ငွေကျပ်သိန်း ၁၀၀၊ အမျိုးသားစာပေဆုတစ်ဆုလျှင် ငွေကျပ်သိန်း ၅၀ နှင့် စာပေဗိမာန်စာမူဆုများကို ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်းနှင့် တတိယဆု ငွေကျပ် ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

နိုဝင်ဘာ ၂၈ ရက်

နိုင်ငံတော်သမ္မတ ACMECS နှင့် CLMV ထိပ်သီးအစည်းအဝေးများ တက်ရောက်ဆွေးနွေး

နိုဝင်ဘာ ၂၈ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် ACMECS နှင့် (၁၂)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးများတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးခဲ့ပြီး MSME ဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု စားနပ်ရိက္ခာ၊ ရေနှင့် စွမ်းအင်ဖူလုံရေး၊ ဒေသတွင်း ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဆိုပြုဆွေးနွေးခဲ့သည်။ ထို့ပြင် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်များနှင့်လည်း သီခြားတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်တည်ငြိမ်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးတို့ကို ဆွေးနွေးခဲ့သည်။

ကမ္ဘာရေးရာ

ဆာရီပူလ်ပြည်နယ် မြေမြှုပ်မိုင်းကင်းစင်သည့် ဒုတိယမြောက် ပြည်နယ်ဖြစ်လာ

အာဖဂန်နစ္စတန်နိုင်ငံ ဆာရီပူလ်ပြည်နယ်ကို မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် လက်နက်ပစ္စည်းများ ကင်းစင်သည့် ဒုတိယမြောက် ပြည်နယ်အဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် ဒေသတွင်းသတင်းများ၌ ဖော်ပြထားသည်။

COP31 ညီလာခံ သဘောတူညီချက်မရဘဲ ပြီးဆုံး

တူကီယဲနိုင်ငံ အန်တာလျာမြို့၌ ကျင်းပသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ COP31 ညီလာခံသည် ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျော့ချရေးအပါအဝင် အဓိကအချက်များအပေါ် သဘောတူညီမှုမရရှိဘဲ နိုဝင်ဘာ ၂၃ ရက်တွင် ပြီးဆုံးခဲ့သည်။

မိုးခေါင်ရေရှားမှုကြောင့် ဗီဂျီနိုင်ငံရှိ စာသင်ကျောင်းအားလုံး စောစီးစွာ ပိတ်မည်

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုဆိုးရွားလာသည့် ဗီဂျီနိုင်ငံတွင် တတိယစာသင်ကာလကို မူလသတ်မှတ်ထားသည့် ဒီဇင်ဘာ ၄ ရက်မတိုင်မီ ယခုလကုန်တွင် စောစီးစွာ ပိတ်ထားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၄ ရက်က ထုတ်ပြန်ခဲ့သည်။

နိုင်ငံခြားသားအာကာသယာဉ်မှူးပါဝင်သည့် Shenzhou-24 အာကာသယာဉ် တရုတ်လွှတ်တင်

တရုတ်နိုင်ငံသည် ပါကစ္စတန်အာကာသယာဉ်မှူးတစ်ဦး အပါအဝင် အာကာသယာဉ်မှူးသုံးဦး လိုက်ပါသည့် Shenzhou-24 အာကာသယာဉ်ကို နိုဝင်ဘာ ၂၅ ရက်တွင် ဂျူကွမ်ပြိုဟ်တုလွှတ်တင်ရေးစင်တာမှ အောင်မြင်စွာ လွှတ်တင်ခဲ့သည်။

အင်ဒိုနီးရှားရွေးတွင်း ရေလွှမ်းမှုကြောင့် လူ ၁၃ ဦးသေဆုံးပြီး ပိတ်မိသူများကို ကယ်ဆယ်နေ

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်ရှိ ရွှေတွင်းတစ်ခုအတွင်း နိုဝင်ဘာ ၂၃ ရက်က ရေဝင်ရောက်မှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်အထိ မြေအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့များက ဆက်လက်ရှာဖွေလျက်ရှိသည်။

ကမ္ဘာ့အပူချိန် စက်မှုခေတ်မတိုင်မီကထက် ၂ ဒီဂရီကျော် ခုနှစ်ရက် ဆက်မြင့်တက်

ကိုပါးနီးကဝ်စ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၏ နိုဝင်ဘာ ၂၇ ရက် ထုတ်ပြန်ချက်အရ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အတွင်း စက်မှုခေတ်မတိုင်မီကာလထက် ၂ ဒီဂရီဆဲလ်စီးယပ်စ်ကျော် မြင့်တက်ခဲ့ပြီး ခုနှစ်ရက်ဆက်တိုက် ဖြစ်ပေါ်မှုမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ မိုးသည်းထန်မှုကြောင့် နေအိမ် ၁၇၀၀ နီးပါး ရေလွှမ်းမိုး

ဗီယက်နမ်နိုင်ငံ ကွဲမိုင်ငံပြည်နယ်တွင် နိုဝင်ဘာ ၂၈ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် ၁၇၀၀ နီးပါး ရေလွှမ်းမိုးခဲ့ပြီး အိမ်ထောင်စု ၈၃ စုကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ထန်းတပင်မြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

ထန်းတပင် နိုဝင်ဘာ ၂၉

တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် စားသုံးဆိ ကိုယ်စားလှယ်များ၊ ပြည်သူများ သက်သာသောနှုန်းထားဖြင့် ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ စည်ပင်သာယာမြို့မဈေးအတွင်း၌ CP ကြက်သား၊ ဝက်သား၊ စားသုံးဆီနှင့် ကြက်ဥများကို ယနေ့ နံနက် ၆ နာရီခွဲက ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။

ထိုသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



ရေချိုမိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံပွဲပြုလုပ်

အုတ်တွင်း နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ညောင်ပင်ကြီးကျေးရွာနှင့် ဥယျာဉ်တော်ကျေးရွာရှိ တောင်သူများနှင့် တွေ့ဆုံ၍ အသီးညောင်ခြင်းနှင့် TBL9 မတ်ပဲမျိုးများ ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသီးညောင်ခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းဦးက ဆောင်းသီးနှံ ပဲပုပ်၊ မတ်ပဲနှင့် ပဲတီစိမ်းသီးနှံတို့တွင် ကျရောက်တတ်သော ရောဂါပိုးမွှားများ ကြိုတင်ကာကွယ် နိမ့်နင်းရေး ဆောင်ရွက်ရမည့် နည်းပညာများ အကြောင်း၊ သုံးစွဲရန်မသင့်တော်သည့် တားမြစ်ပိတ်ပင်ထားသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအကြောင်းကို တောင်သူများ အားအသိပညာပေး ဆွေးနွေးခဲ့ကြိုတင်ကာကွယ် နိမ့်နင်းရေး ဆောင်ရွက်ရမည့် နည်းပညာများ အကြောင်း၊ သုံးစွဲရန်မသင့်တော်သည့် တားမြစ်ပိတ်ပင်ထားသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအကြောင်းကို တောင်သူများ ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)





ချန်ပီယံကာကွယ်ပွဲအဖြစ် လာမည့်ဇန်နဝါရီတွင် ဒူဘိုက်စ်နှင့် ပါကား ထိုးသတ်မည်

WBO ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံ ဒန်နီရယ် ဒူဘွိုက်စ်သည် ဒုတိယ အကြိမ်မြောက် ချန်ပီယံကာကွယ်ပွဲအဖြစ် WBO ချန်ပီယံဟောင်း ဂျိုးဆက်ပါကားနှင့် လာမည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် မန်ချက်စတာမြို့ Co-op Live အားကစားရုံ၌ ထိုးသတ်သွားမည်ဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ထိုအချိန်က IBF ချန်ပီယံ ဒူဘွိုက်စ်သည် ပွဲထိုးမည့် သီတင်းပတ်အတွင်း နာမကျန်းဖြစ်မှုကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရကြောင်း သိရသည်။ နယူးဇီလန်လက်ဝှေ့သမား ပါကားသည် တားမြစ်ဆေးသုံးစွဲမှုကြောင့် ယာယီပွဲထိုးခွင့်ပိတ်ပင်ခံထားရမှုကို ဩဂုတ်လတွင် ပြန်လည်ရုပ်သိမ်းပေးခဲ့ပြီးနောက် ပွဲလက်ခံထိုးသတ်ရခြင်း မရှိသေးပေ။

အသက် ၃၄ နှစ်အရွယ် ပါကားသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလက ၎င်းနောက်ဆုံးထိုးသတ်ခဲ့သည့် ပွဲစဉ်တွင် ပြိုင်ဘက် ဖောဘီယို ဝါဒလေကို ရှုံးနိမ့်ထားသည်။ ဒူဘွိုက်စ်က ၎င်း၏ နောက်ဆုံးနှစ်ပွဲတွင် ပါကား၏ ပြိုင်ဘက် ဖောဘီယို ဝါဒလေနှင့် ထိုးသတ်ထားပြီး ခိုင်မြဲရပ်ဖြင့် နှစ်ကြိမ်စလုံးနိုင်ပွဲရရှိထားသည်။

အသက် ၂၉ နှစ်အရွယ် ဒူဘွိုက်စ်သည် ၂၀၂၄ ခုနှစ်က ဝင်ဘာလေအားကစားကွင်း၌ ကျင်းပခဲ့သည့် ပွဲစဉ်တွင် အန်သိုနီ ကျော့ရွှေအောက်လည်း အလဲထိုးဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။

ခြေစွမ်းသာသော်လည်း အလာဗက်စ်ကို ရှုံးနိမ့်ခဲ့သည့် နာမည်ကြီး ရီးရဲမက်ဒရစ်



အသင်းကြီး ရီးရဲမက်ဒရစ်အသင်းသည် ဘာနေဗျူးကွင်း၌ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ် (၁၄) တွင် အလာဗက်စ်ကို ပွဲချိန်အများစု ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် တရစပ်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ဂိုးရရှိရေး ဖိအားပေးကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်အားနည်းချက်နှင့် ပြိုင်ဘက်ဂိုးသမား အန်တိုနီယို ဆီဗီလာ၏ လက်စွမ်းပြ ကာကွယ်မှုကြောင့် ဂိုးရရေး အခက်တွေ့ခဲ့ရသည်။

ခံစစ်ပိုင်း အဓိကအားပြုလာသည့် အလာဗက်စ်အသင်းသည် ရရှိလာသည့် အခွင့်အရေးကို မလွတ်တမ်းအသုံးချပြီး သွင်းဂိုးများအဖြစ် ပြောင်းလဲကာ အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

ပွဲချိန်ပြည့်ခါနီးတွင် ရီးရဲမက်ဒရစ်ကွင်းလယ်တိုက်စစ်ကစားသမား ဘယ်လင်ဟမ် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ပြိုင်ပွဲစဉ် ၁၁ ပွဲတွင် ပထမဆုံး ရှုံးပွဲနှင့် ကြုံတွေ့ခဲ့သည်။

အခြားပွဲစဉ်ရလဒ်တွင် အက်သလက်တီကိုမက်ဒရစ်က အယ်ချီကို သုံးဂိုး-နှစ်ဂိုး၊ ရေဆင်းက လီဗန်တေးကို သုံးဂိုး-တစ်ဂိုး၊ ဗယ်လက်ကာနိုက ဘက်တစ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဘီလ်ဘာအိုက မာလာဂါကို လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။

လန်းစ်တိုက်စစ်ကစားသမား ဆီမာ ၃၈ မိနစ်အတွင်း ငါးဂိုးသွင်းယူ



ပြင်သစ်ကလပ် လန်းစ်အသင်း တိုက်စစ်ကစားသမား အက်ဒါလာ ဆီမာသည် လီဂူးဝမ်း ပွဲစဉ် (၁၂) တွင် လန်းစ်က အိန်းဂျားအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သော ပွဲစဉ်၌ ၃၈ မိနစ်အတွင်း ငါးဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဘရိုတန်၊ စတုတ်နှင့် ရိန်းဂျားအသင်းတို့တွင် ကစားခဲ့ဖူးသော ဆီနီဂေါတိုက်စစ်ကစားသမားသည် ၂၀၂၅ ခုနှစ်တွင် လန်းစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ အသက် ၂၅ နှစ်အရွယ် အဆိုပါတိုက်စစ်ကစားသမားသည် ယခုပွဲစဉ်မတိုင်မီ လီဂူးဝမ်းတွင် တစ်ဂိုးသာ သွင်းယူထားနိုင်သည်။

၎င်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလက လူကာဂျီဗစ်နောက်ပိုင်း ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ပွဲတစ်ပွဲအတွင်း ငါးဂိုး သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လန်းစ်အသင်းသည် ယခုနိုင်ပွဲရလဒ်ကြောင့် လီဂူးဝမ်း ပွဲစဉ် (၁၂) အပြီးတွင် ငါးပွဲနိုင်၊ နှစ်ပွဲသရေနှင့် ငါးပွဲရှုံး ရလဒ်ရရှိထားသည်။ ပြိုင်ဘက်အိန်းဂျားအသင်းက ရှုံးပွဲ ရှစ်ပွဲနှင့်အတူ လီဂူးဝမ်းတန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။

လာမည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ကမ္ဘာ့အဆင့် (၂) ဆင်းနား လွဲချော်မည်



ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူပြီးနောက် ကမ္ဘာ့အဆင့် (၂) အီတလီတင်းနစ်အကျော်အမော် ဂျန်းနစ်ခ်ဆင်းနားသည် လာမည့်နှစ်တွင် ကျင်းပမည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

ဩစတြေးလျအိုးပင်းဖလားကို ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် နှစ်ကြိမ်ဆက် ဆွတ်ခူးထားသော ဆင်းနားသည် ဇူလိုင်လက ဝင်ဘယ်လ်ဒန်ပြိုင်ပွဲ၌ ၎င်း၏ ပဉ္စမအကြိမ်မြောက် ဂရင်းဆလမ်းဖလား ဆွတ်ခူးရရှိပြီး နောက် ဒဏ်ရာကြောင့် အနားယူနေရသူ ဖြစ်သည်။

၎င်းသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားရန် ရည်ရွယ်ထားကြောင်း ယခင်က ပြောကြားထားသော်လည်း ဩစတြေးလျတင်းနစ် အမှုဆောင်အရာရှိချုပ် အန်ဒယူးအက်ဒိုက ဆင်းနားအနေဖြင့် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ကစားသွားမဟုတ်ကြောင်း ပြောကြားသည်။

လာမည့်နှစ် ဇန်နဝါရီလတွင် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ကာဘာယဲလ်က ဟိုင်ဆာကို အနိုင်ယူပြီး WBC ဟဲဗီးဝိတ်ချန်ပီယံခါးပတ် ကာကွယ်



ဂျာမနီနာမည်ကြီး လက်ဝှေ့သမား အာဂစ်ကာဘာယဲလ်သည် နဲလ်ဆင်ဟိုင်ဆာကို ဒုတိယအချီတွင် ခိုင်ပွဲရပ်ဖြင့် အနိုင်ယူပြီး WBC ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။ အသက် ၃၄ နှစ်အရွယ် ကာဘာယဲလ်သည် ၂၀၁၁ ခုနှစ်တွင် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်လာပြီးနောက် ၂၈ ပွဲ ထိုးသတ်ရာတွင် ၂၈ ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။

၎င်း၏ အဆိုပါ နိုင်ပွဲ ၂၈ ပွဲတွင် အလဲထိုးနိုင်ပွဲရရှိမှု ပွဲ ၂၀ အထိ ရှိသည်။ ၎င်းသည် မွေးရပ်မြေတွင် ခါးပတ်ကို ကာကွယ်နိုင်သည့် ပထမဆုံးဂျာမနီနိုင်ငံသား ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အသက် ၄၂ နှစ်အရွယ် ဟိုင်ဆာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့ပွဲ ၂၆ ပွဲတွင် ပထမဆုံးရှုံးပွဲနှင့် ကြုံတွေ့ခဲ့သည်။

အားကစားသတင်းတိုများ

- မန်ယူက ဘိုကာဂျူနီယာမှ ဟာခဲရဲရား (၂၀ နှစ်) ကို ခေါ်ယူရန် စောင့်ကြည့်နေသည်။
- ဘာစီလိုနာက ကိုမိုကွင်း လယ်ကစားသမား ပက်ဒီ (၂၂နှစ်)ကို ခေါ်ယူလိုနေသည်။
- လီဗာပူးက အသင်းမှ ကွင်းလယ်ကစားသမား ဂရာဗင် ဘာ့ချ် (၂၄ နှစ်) ကို ရောင်းချသွားဖွယ်ရှိသည်။
- အေစီမီလန်က ဟွတ်ချင်ဆန်ကို ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူလိုနေသည်။

ကွင်းလယ်ကစားသမား ဘရာဟင်ဒီယက်ဇ် ရီးရဲမက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆို



မိုရိုကိုကွင်းလယ်ကစားသမား ဘရာဟင်ဒီယက်ဇ်သည် ရီးရဲမက်ဒရစ်အသင်းနှင့် ၂၀၃၁ ခုနှစ် ဇွန်လအထိရှိမည့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းနှင့် ဒီယက်ဇ်တို့ ချုပ်ဆိုထားသော ယခင် စာချုပ်သက်တမ်းမှာ လာမည့်နှစ် ဇွန်လကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။ မိုရိုကိုအသင်းအတွက် ၃၆ ပွဲ ပါဝင်ကစားထားသော ဒီယက်ဇ်သည် ၂၀၁၉ ခုနှစ်တွင် မန်စီးတီးအသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ အသက် ၂၇ နှစ်အရွယ် ဒီယက်ဇ်သည် ရီးရဲမက်ဒရစ်အသင်းအတွက် ၁၇၃ ပွဲ ပါဝင်ကစားထားပြီး ၂၂ ဂိုး သွင်းယူပေးထားသည်။

အင်တာမီလန်က ဂျီနိုအကို ဂိုးပြတ်အနိုင်ရ

အသင်းကြီး အင်တာမီလန်အသင်းသည် နိုဝင်ဘာ ၂၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် အီတလီစီးရီးအေ ပွဲစဉ် (၁၃) တွင် ဂျီနိုအာကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူပြီး ဦးဆောင်သူ လာဇီယိုအသင်းကို ထက်ကြပ်မကွာ ဖိအားပေးနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် တိုက်စစ်ကစားသမား သူရစ် အထူးခြွေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ ၎င်းသည် အဆိုပါသွင်းဂိုးများကြောင့် စီးရီးအေတွင် ဂိုးဖန်တီးမှု သုံးကြိမ်နှင့်အတူ သွင်းဂိုး ရှစ်ဂိုးရှိလာဖြို့ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်တွင် ဖရိစ်နိန်က ပါးများကို သုံးဂိုး-ဂိုးမရှိ၊ လာဇီယို က တိုရိနိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

■ မိုးဇက် - စုစည်းရေးသားသည်

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရုစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Verb (ကြိယာ) များနဲ့ပတ်သက်ပြီး Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ် မပြည့်စုံသောကြိယာများ) အကြောင်းကို နားလည်သဘောပေါက်စေဖို့ နမူနာဝါကျများနဲ့ ဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း အရင်အပတ်က ဖော်ပြခဲ့တဲ့ Shortest way to talk about hotel English–2 (ဟိုတယ်မှာ ဘယ်လိုပြောမလဲ)ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အိမ်ဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ တန်ဆောင်တိုင်အခါသမယမှာ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

GRAMMAR

Basic to Intermediate

ယခင်အပတ် Exercise (1) မှအဖြေများ

1. **apply**
   We applied to the bank for the loan. (v.i)
   We applied the ointment to the cut. (v.t)
2. **begin**
   The meeting began in the morning and finished at noon. (v.i)
   They both began their careers at the local newspaper. (v.t)
3. **rest**
   We will not rest until we discover the truth. (v.i)
   You should rest your eyes after all that reading. (v.t)
4. **set**
   We sat on the beach and watched the sun set. (v.i)
   We need to set some extra chairs around the table. (v.t)
5. **shine**
   The moon shined brightly. (v.i)
   Please shine the flashlight over here. (v.t)
6. **study**
   Did you study for the test? (v.i)
   He was studying her face for reaction. (v.t)
7. **call**
   I call once a week to talk to my parents. (v.i)
   Her parents called her Katherine. (v.t)
8. **feel**
   How do you feel about this proposal? (v.i)
   He felt a sudden pain in his leg. (v.t)
9. **say**
   Don't start until I say. (v.i)
   How do you say your name? (v.t)
10. **move**
    The branches moved gently in the breeze. (v.i)
    He moved the chair closer to the table. (v.t)

Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ် မပြည့်စုံသောကြိယာများ)

အဓိပ္ပာယ်မပြည့်စုံသော ကြိယာများဆိုသည်မှာ ဝါကျတစ်ကြောင်းတွင် ကြိယာများပါသော်လည်း အဓိပ္ပာယ်မပြည့်စုံသည့်အတွက် အဓိပ္ပာယ်ပြည့်စုံအောင်၊ ဆိုလိုရင်းအဓိပ္ပာယ်သက်ရောက်အောင် အဖြည့်ပုဒ် ထပ်မံထည့်ပေးရသော ကြိယာများကို ဆိုလိုသည်။ ဥပမာ–

- The baby sleeps.
- The baby seems happy.

အထက်တွင်ဖော်ပြထားသော ကြိယာနှစ်ခုစလုံးသည် ကံမလိုကြိယာများ (Intransitive Verbs) များ ဖြစ်ကြသည်။ အဆိုပါကြိယာများနောက်တွင် ကံပုဒ်လိုက်စရာမလိုသော်လည်း ဆိုလိုရင်း အဓိပ္ပာယ်သက်ရောက်နေကြောင်း တွေ့နိုင်သည်။ ပထမဝါကျဖြစ်သည့် The baby sleeps (ကလေးငယ်အိပ်နေသည်)ဆိုသည့် ဝါကျသည် Sub နဲ့ Verb ပါပြီး အဓိပ္ပာယ်ပြီးပြည့်စုံနေကြောင်း တွေ့ရမည်။ သို့သော်လည်း ဒုတိယဝါကျတွင် The baby seems ဟုပြောလျှင် Sub နှင့် Verb ပါဝင်သော်လည်း အဓိပ္ပာယ်ပြည့်စုံမသွားဘဲ တစ်ခုခုလိုနေသေးသည်ကို တွေ့ရမည်။ ထိုအခြေအနေမျိုးတွင် ဝါကျကို အဓိပ္ပာယ်ပြည့်စုံသွားအောင် အဖြည့်ပုဒ် ထပ်မံထည့်ပေးရသည်။ ဤနေရာတွင် happy ဆိုသည့် နာမဝိသေသန အဖြည့်ပုဒ် (Adjective Complement) ကို ထည့်ပေးလိုက်မှသာ အဓိပ္ပာယ်ပြည့်စုံသွားသည်ကို တွေ့ရမည်။ ထိုကဲ့သို့ အဓိပ္ပာယ်ပြည့်စုံအောင် ထပ်မံထည့်ပေးရသော ကြိယာများကို **Verbs of Incomplete Predication (ကြိယာပုဒ်၏အဓိပ္ပာယ် မပြည့်စုံသောကြိယာများ)**ဟု ခေါ်သည်။

အဖြည့်ပုဒ်များတွင် များသောအားဖြင့် –

- နာမဝိသေသန အဖြည့်ပုဒ် (Adjective Complement)
- နာမ်အဖြည့်ပုဒ် (Noun Complement)
- ကြိယာဝိသေသန အဖြည့်ပုဒ် (Adverb Complement)
- ကြိယာဝိသေသနစကားစုများ အဖြည့်ပုဒ် (Adverbial Complement)ရှိသော်လည်း ဤနေရာတွင် နာမဝိသေသနအဖြည့်ပုဒ်(Adjective Complement)နှင့် နာမ်အဖြည့်ပုဒ် (Noun Complement) တို့ကို များသောအားဖြင့် သုံးသည်။ Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ် မပြည့်စုံသောကြိယာများ)သည် များသောအားဖြင့်ဖြစ်ခြင်း၊ ဖြစ်လာခြင်း၊ ဖြစ်ဟန်ရှိခြင်း၊ ပုံပေါ်ခြင်း၊ လက္ခဏာရှိခြင်း စသည့် အတွေးအခေါ်များကို ဖော်ပြလေ့ရှိသည်။

Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ် မပြည့်စုံသော ကြိယာများ)တွင် များသောအားဖြင့်တွေ့နိုင်သော ကြိယာများမှာ–

- Verb to be (am, is, are, was, were)
- Sensational Verbs (look, feel, taste, smell, sound, seem, appear, become, get, grow, turn, etc.) တို့ဖြစ်ကြသည်။

ဤနေရာတွင် Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ်မပြည့်စုံသောကြိယာများ) ဖြင့် ဖွဲ့စည်းထားသော ဝါကျများကို နမူနာအဖြစ် ဖော်ပြလိုက်သည်။

- Mi Mi is a student. She is clever.
  (မိမိသည်ကျောင်းသူတစ်ဦးဖြစ်သည်။ သူသည်တော်သည်။)
- Yin Yin becomes a teacher.
  (ယဉ်ယဉ်သည်ဆရာမတစ်ယောက်ဖြစ်လာသည်။)
- The players seem tired.
  (အားကစားသမားများသည် မောပန်းပုံပေါ်သည်။)
- The spectators look excited and happy.
  (ပွဲကြည့်ပရိသတ်များသည် စိတ်လှုပ်ရှားပြီးပျော်ရွှင်နေပုံရသည်။)
- The artist appears pleased with his work.
  (အနုပညာရှင် (ပန်းချီဆရာ)သည် သူ့အလုပ်ကို ကျေနပ်နှစ်သိမ့်နေပုံပေါ်သည်။)
- Don't get mad. You'll feel sorry later.
  (ရူးကြောင်ကြောင် မလုပ်ပါနဲ့။ နောက်မှ ဝမ်းနည်းနေရလိမ့်မယ်။)
- The boy grows taller and taller.
  (ကောင်လေးသည် အရပ်မြင့်သထက်မြင့်လာသည်။)
- The sky grew dark.
  (ကောင်းကင်ကြီးသည် မှောင်လာသည်။)
- Sugar tastes sweet.
  (သကြားသည် ချိုသည့်အရသာရှိသည်။)
- Roses smell sweet.
  (နှင်းဆီများသည် ရနံ့သင်းသည်။)
- She appears pleased.
  (သူကျေနပ်နှစ်သိမ့်နေပုံပေါ်သည်။)
- The earth is round.
  (ကမ္ဘာကြီးသည်လုံးဝန်းသည်။)

ကြိယာအကြောင်းဖော်ပြတဲ့အခါမှာ Principal Verbs and Helping Verbs (ပင်မကြိယာများနှင့် အကူကြိယာများ)တွေအကြောင်းကိုလည်း သိထားဖို့ လိုပါသည်။

VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **beat around the bush = (ဝေ့လည်ကြောင်ပတ်လုပ်ခြင်း၊ စကားကို ကွေ့ဝိုက်ပြောခြင်း)**
   Stop **beating around the bush** and tell me what you really want.
   (ဝေ့လည်ကြောင်ပတ်ပြောတာကို ရပ်ပြီး ဘာလိုချင်တယ်ဆိုတာ တည့်တည့်ပြောပါ။)
2. **barking up the wrong tree = (လမ်းလွဲလိုက်ခြင်း၊ လူမှားပြီး စွပ်စွဲပြောခြင်း၊ လမ်းမှားလိုက်ကြိုးစားခြင်း)**
   If you think I stole your phone, you're **barking up the wrong tree.**
   (မင်းဖုန်းကို ငါခိုးတယ်ထင်ရင်တော့ မင်းလူမှားနေပြီ။)
3. **back to square one = (လုပ်လက်စ အလုပ်တစ်ခု မအောင်မြင်သဖြင့် အစကနေ ပြန်စရခြင်း)**
   The client rejected our proposal, so we're **back to square one.**
   (ဖောက်သည်က ငါတို့ရဲ့အဆိုပြုလွှာကို ပယ်ချလိုက်လို့ အစကနေ ပြန်စရတော့မယ်။)

(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။
နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)

CONVERSATION



Shortest way to talk about hotel English-2 (ဟိုတယ်မှာ ဘယ်လိုပြောမလဲ)

ဒီတစ်ပတ်မှာတော့ ဟိုတယ်မှာ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about hotel English–2" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

I'd like to …
I could offer …
I'm afraid/ I'm sorry …
As I said before, …

၁။ ကိုယ်က တစ်ခုခုလုပ်ချင်တယ်၊ တစ်ခုပြောချင်တယ်၊ တစ်ခုခုမှာချင်တယ် ဆိုပါတော့။ အဲဒီလိုမျိုး အချိန်မှာ ဘယ်လိုမျိုးပြောမလဲဆိုရင် I'd like to… ဆိုပြီးပြောပါမယ်။ I'd like to ရဲ့နောက်မှာ Verb Infinitive (ကြိယာအခြေခံပုံစံ) လိုက်ပြီး ပြောရပါတယ်။ ဥပမာ–

- I'd like to make a reservation for the 20th of May for one night, please.

၂။ ကိုယ်ကသူများကို တစ်ခုခုကမ်းလှမ်းချင်တဲ့အခါ I could offer … ဆိုပြီး ပြောနိုင်ပါတယ်။

- I could offer you a family room.

၃။ အားနာပါတယ်။ စိတ်မကောင်းပါဘူးဆိုပြီး ပြောရင်တော့ I'm afraid/ I'm sorry နဲ့ ပြောနိုင်ပါတယ်။ ဥပမာ–

- I'm sorry sir, but don't have any triple rooms available on that date.
- I'm afraid we don't have anything free on those dates.

၄။ ကျွန်တော်အရင်ကပြောသလိုပဲဆိုပြီး ကိုယ်ပြောခဲ့တဲ့အကြောင်းကို သက်သေထူပြောကြားချင်တဲ့အခါမှာတော့ –

- As I said before, it's a holiday period and we expect to be very busy at that time.

Daily Conversation

The hotel is full on the dates you want

Visitor: I'd like to make a reservation for the 20th of May for one night, please.

Receptionist: Very well, sir, and what kind of room do you need?

Visitor: I'd like a triple room, please.

Receptionist: I'm sorry sir, but don't have any triple rooms available on that date. It's a holiday period and we're almost fully booked. I could offer you a family room, which has four beds. Would that work for you?

Visitor: That could work … How much is it?

Receptionist: It's $ 195.

Visitor: Ah, I see. That's more expensive than the triple. Is there any way you could offer a discount?

Receptionist: I'm sorry sir, as I said before, it's a holiday period and we expect to be very busy at that time.

Visitor: I see. Alright, then. I'll take it.

Receptionist: That's fine. Can I take your name for the reservation?

Reservation Problems:

- Receptionist said: We don't have any triple rooms available on that date.
- It's a holiday period and we're almost fully booked.
- I'm afraid we don't have anything free on those dates.

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၄၇)

အစားအစာဆိုင်ရာသိပ္ပံနှင့် နည်းပညာ (အပိုင်း-၁)

ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ် – ငြိမ်း)



ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများ။



အစားအစာ၏အဟာရဆိုင်ရာလုပ်ဆောင်ချက်များ။

ဩစတြေးလျ၊ အမေရိကန်၊ နယ်သာလန် စသည့် ကမ္ဘာ့နိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေး ပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းပညာရေးတို့ နှစ်စဉ်တိုးတက် ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက် နိုင်ငံများဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာ သင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာအဖြစ် အစားအစာသိပ္ပံနှင့် နည်းပညာရပ်များ သင်ကြား၊ သုတေသနပြုနေမှု အကြောင်း ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။

အစားအစာသိပ္ပံနှင့် နည်းပညာသည် လူသားအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နေ့စဉ်လိုအပ်လျက်ရှိသော ဘာသာရပ်ဖြစ်ပါသည်။ စာရေးသူတို့ နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံ ဖြစ်သော်လည်း ယနေ့စားသောက်ဆိုင်များ၊ ကုန်တိုက်ကြီးများတွင် ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးအတွက် ဝယ်ယူနေရသော နွားနို့၊ သစ်သီးဖျော်ရည်၊ နို့မှုန့်၊ ဒိန်ခဲ၊ ထောပတ် စသည်တို့မှာ ဖွံ့ဖြိုးပြီးနိုင်ငံများ ထက်ပင် ဈေးနှုန်းကြီးမားလျက်ရှိပါသည်။ ထိုသို့ ဖြစ်ရသည်မှာ ကျန်းမာရေးနှင့် ညီညွတ်သော အဓိက စားသောက်ကုန် ထုတ်လုပ်ရေးနည်းပညာများ အပြင် စနစ်တကျထုပ်ပိုးမှုနည်းပညာ အားနည်းမှုနှင့် နည်းပညာရှိသော်လည်း ထုတ်လုပ်မှုစရိတ် ကြီးမားလွန်းနေခြင်းတို့ကို တွေ့ရှိရပါသည်။

ဥပမာ – ကလေးများ၊ ကျောင်းသား ကျောင်းသူများ အင်အားရှိစေရန်နှင့် ပရိုတင်းဓာတ် ကြွယ်ဝစေရန်အတွက် နွားနို့သောက်ရန် လိုအပ်သည်မှာ လူတိုင်းသိပါသည်။ နွားနို့ကို ကျိုချက်ခြင်း (သို့မဟုတ်) ပိုးသတ်နို့ရည် (Pasteurized Milk) မှာ နိုင်ငံတိုင်းတွင် ဈေးချိုစွာရနိုင်သော်လည်း စာရေးသူတို့နိုင်ငံတွင်မူ ပိုးသတ်ရန် စက်ရုံ၊ လျှပ်စစ်ဓာတ်အားကုန်ကျမှု စသည်ဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်သည် နွားနို့ တစ်လီတာဖိုးထက်မက ကုန်ကျသွားပါသည်။ ထိုင်းနိုင်ငံအပါအဝင် အခြား နိုင်ငံအတော်များများသည် ပရိုတင်းအစားထိုး ပဲပုပ်နို့ရည် (Soybean milk) ထုတ်ပြီး ပြည်တွင်း၌ သောက်သုံးရုံသာမက နိုင်ငံတကာသို့ ရောင်းချခြင်း အားဖြင့် နိုင်ငံခြားဝင်ငွေ များစွာရရှိစေပါသည်။ စာရေးသူတို့ နိုင်ငံရှိကုန်တိုက်ကြီးများတွင် ပြည်ပမှ တင်သွင်းလာသော ပဲနို့ရည်များကို ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနေရသည်ကို မြင်တွေ့နိုင်ပါသည်။

ပဲပုပ်သည် စာရေးသူတို့နိုင်ငံတွင် နေရာများစွာ၌ စိုက်ပျိုးနိုင်ပြီး ပဲပုပ်နို့ရည်၊ ပဲပုပ်ဟင်းချက်ဆီ ထိုမှတစ်ဆင့် တိရစ္ဆာန်အစာများစွာ ထုတ်လုပ်နိုင်စွမ်းရှိပါသည်။ ယခုအခါ သက်ဆိုင်ရာ ဝန်ကြီးဌာနများက အဆိုပါကိစ္စရပ်များကို အားပေးကာ အနာဂတ်ဉာဏ်ရည်ပြည့်ဝသော လူငယ်များ၊ လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန်၊ စားသုံးနိုင်ရန်အတွက် ဦးစားပေးလုပ်ဆောင်နေပါပြီ။ သို့ဖြစ်၍ 'ယခုလူငယ်၊ နောင်ဝယ်လူကြီး' ဖြစ်လာမည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဖြစ်သွားနိုင်ပါသည်။ ထိုသို့ နည်းပညာများနှင့်အတူ သုတေသနပြုလုပ်နိုင်ရန်မှာ တက္ကသိုလ်နှင့် သုတေသနဌာနများကသာ အစပြုသင့်ပါသည်။

အစားအစာသိပ္ပံနှင့် အစားအစာနည်းပညာ နှိုင်းယှဉ်ချက်

အစားအစာသိပ္ပံဆိုသည်မှာ အစားအစာများ၏ သဘောသဘာဝကို လေ့လာရန် ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် အင်ဂျင်နီယာပညာရပ်များကို အသုံးပြုခြင်းဖြစ်သည်။ အစားအစာသိပ္ပံသည် အစား အစာများ အချိန်ကြာလာသည်နှင့်အမျှ အဘယ်ကြောင့် ပျက်စီးသွားသည် သို့မဟုတ် ပုပ်သိုးသွား သည်ကို လေ့လာသောပညာ ဖြစ်ပါသည်။

အစားအစာနည်းပညာသည် အစားအစာသိပ္ပံကို လက်တွေ့ကျကျအသုံးချပြီး အစားအစာများကို ရွေးချယ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့်ထိန်းသိမ်း ခြင်းနှင့် ဖောက်သည်များထံ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်သည့်ပညာဖြစ်ပါသည်။ အစားအစာ နည်းပညာသည် အဆင်သင့်စားသုံးနိုင်သော အစား အစာများ- အဆင်သင့်ပြင်ဆင်ပြီးသား အစားအစာများ၊ ကြိုတင်ထုပ်ပိုးပြီးသား အစားအစာများ သို့မဟုတ် တီဗီညစာများဟုလည်း ခေါ်သော – အလွန်အမင်းပြုပြင်ထုတ်လုပ်ထားသော၊ ထုပ်ပိုး ထားသော အစားအစာများအတွက် ဆောင်ရွက်ပေး သော နည်းပညာဖြစ်သည်။

ဥပမာ – စတိုးဆိုင်မှ ဝယ်ယူသော စတော်ဘယ်ရီ သီးသည် လတ်ဆတ်ပုံပေါက်နေနိုင်သော်လည်း အမှန်တရားမှာ ကွဲပြားပါသည်။ အစားအစာ နည်း ပညာသည် သစ်သီးကို စိုက်ပျိုးပုံ၊ ရိတ်သိမ်းပုံ၊ သယ်ယူပို့ဆောင်ပုံနှင့် ထုပ်ပိုးပုံတို့မှသည် စားသုံး နိုင်သည့် အချိန်ကြာချိန်ကို တိုးမြှင့်ရန် ဓာတ်ရောင် ခြည်ဖြင့် ကုသခံရနိုင်ခြေအထိ အဆင့်များစွာတွင် ပါဝင်ပတ်သက်နိုင်ပါသည်။

နိုင်ငံတကာတွင် ဤအစားအစာနှင့် သက်ဆိုင် သောဘာသာရပ်များကို အမေရိကန်နိုင်ငံ မက်ဆာ ကျူးဆက် စက်မှုတက္ကသိုလ် (MIT– Massachusetts Institute of Technology) ၌ ၁၉၁၃ ခုနှစ်ကတည်း က စတင်သင်ကြားခဲ့သည်ဟူ၍ မှတ်တမ်းများတွင် တွေ့ရှိရပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စာရေးသူ ရှိစဉ် ဖွဲ့စည်းပုံရေးဆွဲ၊ တင်ပြခွင့်ပြုချက် ရရှိသော ၂၀၁၈ ခုနှစ်တွင် အရေးကြီးလိုအပ်နေ သော အခြားဘာသာရပ်များနှင့်အတူ ပါမောက္ခစီမံ အုပ်ချုပ်သော (သီးသန့်ဌာန) ၈ နှစ်ကြာ သက်တမ်းနု ဌာနလေးတော့ ဖြစ်သွားပါပြီ။ ၂၀၂၀ ပြည့်နှစ် စာရေးသူ အမျိုးသားပညာရေးမူဝါဒကော်မရှင် တွင်ရှိစဉ်ကလည်း နည်းပညာတက္ကသိုလ်များတွင် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာနှင့်အတူ အစား အစာ အင်ဂျင်နီယာပညာသီးခြားဌာန၊ ဘာသာရပ် ဖြစ်ပေါ်စေရေး ကြိုးစားခဲ့ရာ စိုက်ပျိုးရေးအင်ဂျင် နီယာဘာသာကို နည်းပညာတက္ကသိုလ်သုံးကျောင်း တွင် လည်းကောင်း၊ အစားအစာအင်ဂျင်နီယာပညာ ကို နည်းပညာတက္ကသိုလ် တစ်ကျောင်းတွင် လည်း ကောင်း သီးခြားဘာသာ၊ အထူးပြုတက်ရောက် သင်ကြားခွင့်ရသော်လည်း ဘာသာရပ်ဆိုင်ရာ သီးခြားဌာနများ မဖွင့်လှစ်ရသေးဟူ၍ ထင်ပါသည်။

(၂၀၂၅-၂၀၂၆ ပညာသင်နှစ်များတွင် ဘွဲ့ကြို သင်တန်း တတိယနှစ်၊ နောက်ဆုံးနှစ်လောက်သာ ရောက်နေပါသေးသည်။ နိုင်ငံ၏လယ်ယာလုပ်ငန်း များအတွက် အရေးတကြီး လိုအပ်နေသော စိုက်ပျိုးရေး အင်ဂျင်နီယာဆိုင်ရာ၊ အစားအစာသိပ္ပံ နှင့် အစားအစာအင်ဂျင်နီယာဆိုင်ရာ ပြဿနာ များကို ဖြေရှင်းပေးနိုင်သည့် မဟာသိပ္ပံ၊ ပါရဂူဘွဲ့ သုတေသနများက ခရီးရှည်ကြီးသွားရပါဦးမည်။)

ပထမဦးစွာ စာရေးသူတို့ နေ့စဉ်သုံးစွဲနေသော စားသုံးဆီများကို ကျန်းမာရေးရှုထောင့်မှ ဆက်လက် လေ့လာဆွေးနွေးလိုပါသည်။

ကျန်းမာရေးအတွက် သင့်တော်သော စားသုံးဆီများနှင့် ယင်းတို့၏ အဓိကဂုဏ်သတ္တိများ

စားသုံးဆီတစ်မျိုး၏ လူ့ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုကို လေ့လာရာတွင် အဓိက အားဖြင့်— ပြည့်ဝအဆီ (Saturated Fat) ပါဝင်မှု၊ တစ်ဆင့်မပြည့်ဝအဆီ (Monounsaturated Fat– MUFA)၊ အများဆင့်မပြည့်ဝအဆီ (Polyunsaturated Fat – PUFA)၊ အိုမီဂါ-၃ (Omega-3)၊ အိုမီဂါ-၆ (Omega-6)၊ အကျိုးမဲ့ ကိုလက်စထရော (LDL Cholesterol) အပေါ်သက်ရောက်မှု၊ အပူမြင့် တွင် ချက်ပြုတ်/ကြော်လှော်ရာ၌ အဆီ၏ တည်ငြိမ်မှု (Oxidative stability) တို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်ပါသည်။

(၁) ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သော ရွေးချယ်စရာ ဟင်းချက်ဆီ/စားသုံးဆီများ။ အထူး သံလွင်ဆီ၊ ထောပတ်သီးဆီ၊ နေကြာဆီ၊ ဖွဲနုဆီ၊ မူလ မုံညင်းကနိုလာဆီ (Canola/ Rapeseed Oil) စသည်တို့ဖြစ်ပါသည်။ ဤဆီများတွင် မပြည့်ဝသော အဆီများပြီး ပြည့်ဝဆီ နည်းပါးသောကြောင့် နှလုံး သွေးကြောကျန်းမာရေးအတွက် ယေဘုယျအားဖြင့် ပိုမိုသင့်တော်ပါသည်။

(၂) ဒုတိယသင့်တော်သော်လည်း ပမာဏနှင့် ချက်ပြုတ်ပုံကို ဂရုပြုသင့်သော ဆီများ။ မြေပဲဆီ၊ နှမ်းဆီ၊ ပဲပုပ်ဆီ၊ ပြောင်းဖူးဆီ၊ ပုံမှန်နေကြာဆီ စသည်တို့ ဖြစ်ပါသည်။

(၃) နောက်ဆုံးအကန့်အသတ်ဖြင့်သာ အသုံးပြု သင့်သော အဆီများ။ စားအုန်းဆီ၊ အုန်း၊ ထောပတ်၊ ထောပတ်အကြည်၊ ပြည့်ဝဆီ အလွန်မြင့်သော အခြား အဆီများ စသည်တို့ ဖြစ်ပါသည်။

စားသုံးနေသော ဆီအပြင် နေ့စဉ်စားသောက်နေ သော အစားအစာသည် လူသားအားလုံးအတွက် နေ့စဉ်ပတ်သက်နေရမည့်၊ ဘဝတစ်လျှောက်လုံး မရှိမဖြစ်လိုအပ်မည့် အရာဖြစ်ပါသည်။ 'ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်' အဆိုရှိသလို အစားအစာ မရရှိပါက လူ့အသက်ရှင်ရန် မလွယ်ကူ လှပါ။

အစားအစာ၏ မတူညီသော လုပ်ဆောင်ချက်များ။ အစားအစာသည် ဗိုက်ဆာခြင်းကို ဖြည့်ဆည်းပေး ရန်သာမက လူ့ခန္ဓာကိုယ်၏ ကျန်းမာရေး၊ ကိုယ် ခန္ဓာလုပ်ငန်းစဉ်များ၊ စိတ်ကျေနပ်မှုနှင့် လူမှု ဆက်ဆံရေးများအတွက်ပါ အရေးကြီးသော အခန်း ကဏ္ဍမှ ပါဝင်ပါသည်။

အစားအစာ၏ လုပ်ဆောင်ချက်များကို အဓိက အားဖြင့် အောက်ပါ လေးမျိုး ခွဲခြားနိုင်ပါသည်-

(က) အစားအစာ၏ အာဟာရဆိုင်ရာ လုပ်ဆောင် ချက်။ အာဟာရဆိုင်ရာ လုပ်ဆောင်ချက်သည် အစားအစာ၏ အခြေခံအကျဆုံး လုပ်ဆောင်ချက် ဖြစ်ပါသည်။ အစားအစာသည် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များနှင့် စွမ်းအင်ကို ပေးစွမ်းပြီး ကြီးထွားမှု၊ ခန္ဓာကိုယ်ထိန်းသိမ်းမှု၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာရေးကို အထောက် အကူပြုပါသည်။

စာမျက်နှာ ၂၁ သို့

> **“ အစားအစာသိပ္ပံနှင့် နည်းပညာသည် လူသားအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နေ့စဉ်လိုအပ်လျက်ရှိသော ဘာသာရပ်ဖြစ်ပါသည်။ စာရေးသူတို့ နိုင်ငံသည် စိုက်ပျိုး မွေးမြူရေးနိုင်ငံဖြစ်သော်လည်း ယနေ့စားသောက်ဆိုင်များ၊ ကုန်တိုက်ကြီးများတွင် ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးအတွက် ဝယ်ယူနေရသော နွားနို့၊ သစ်သီးဖျော်ရည်၊ နို့မှုန့်၊ ဒိန်ခဲ၊ ထောပတ် စသည်တို့မှာ ဖွံ့ဖြိုးပြီးနိုင်ငံများထက်ပင် ဈေးနှုန်းကြီးမားလျက် ရှိပါသည်။ ထိုသို့ဖြစ်ရသည်မှာ ကျန်းမာရေးနှင့် ညီညွတ်သော အဓိကစားသောက်ကုန် ထုတ်လုပ်ရေးနည်းပညာများအပြင် စနစ်တကျထုပ်ပိုးမှုနည်းပညာအားနည်းမှုနှင့် နည်းပညာရှိသော်လည်း ထုတ်လုပ်မှုစရိတ် ကြီးမားလွန်းနေခြင်းတို့ကို တွေ့ရှိရ ”**

အုတ်ဖို မြို့နယ်၌ ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေးအသိပညာပေး

အုတ်ဖို နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး (ပြည်) ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက အုတ်ဖို မြို့နယ် လွှစင်ကျေးရွာတွင် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မိုးစပါးအပြီး သီးထပ်အဖြစ် ဆောင်းသီးနှံစိုက်ကွင်းများ မြေပြုပြင်ခြင်းလုပ်ငန်းအား နိုဝင်ဘာ ၂၇ ရက်က တောင်သူ ဦးတင်ရွှေပါ ၂၆ ဦးတို့၏ မိုးစပါးအပြီး သီးထပ်အဖြစ် ဆောင်းသီးနှံမတ်ပဲ၊ ပဲတီစိမ်းစိုက်ပျိုးမည့် ၁၇၅ ဧကခွဲ စိုက်ကွင်း မြေပြုပြင်စိုက်ပျိုးနေမှုများကို ကြည့်ရှုရှု၍ ပဲမျိုးစုံသီးနှံများ အစေ့အဆန်ပြည့်ဖြိုးကာ နိုင်ငံခြားငွေးကွက်ဝင်အရည်အသွေး ပြည့်မီသော သီးနှံထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အတန်းလိုက် စိုက်စနစ်များ လိုက်နာကျင့်သုံး စိုက်ပျိုးကြရန်၊ စားသုံးဆီ ဖူလုံပိုလျှံရေးနှင့် တိရစ္ဆာန်အစာထုတ်လုပ်နိုင်ရေးအတွက်ဆီထွက် ပဲပုပ်



များ တိုးချဲ့စိုက်ပျိုးကြရန် တို့ကို ပြောကြားပြီး TBL-9 မတ်ပဲမျိုးစေ့ကီလိုထုပ်များကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးခဲ့ကြောင်းသိရသည်။

အောင်သူ(အုတ်ဖို)

မြို့သစ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

မြို့သစ် နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ လမင်းစီမံချက်ဖြင့် အသက် (၁၀)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဘုရားကြီးရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင် သန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့်ကျောင်းအုပ်ဆရာမကြီးတို့က ကြည့်ရှုအားပေးကာ ကျောင်းသားကျောင်းသူ ၈၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မြောက်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ် တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်း



ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၆) ဆင်းပွဲကို နိုဝင်ဘာ ၂၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမိုးသူက သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များက သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သူများအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

သင်တန်းကို သင်တန်းသား ၅၀ တက်ရောက်သင်ယူပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ လေးပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

ဓနုဖြူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် နေကြာသီးသန့် ငါးဇော စံပြကွက် စိုက်ပျိုးပွဲကျင်းပ

ဓနုဖြူ နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် နေကြာသီးသန့် ငါးဇော စံပြကွက် စိုက်ပျိုးပွဲကို အုန်းပင်ကွင်းကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာ ကဉ္စနကျွန်းသာကုမ္ပဏီလီမိတက် အပိုင်၊ ကွင်းအမှတ် ၂၀၁၊ သာပေါင်းကွင်း၊ ဦးပိုင်အမှတ် ၁၃၊ ငါးဇော တွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပပြုလုပ်သည်။



အဆိုပါနေကြာသီးသန့် ငါးဇော စံပြကွက်စိုက်ပျိုးပွဲသို့မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာနေ တောင်သူများက (ရေဆင်းစပ်မျိုး ၁) နေကြာမျိုး အား စိုက်ဇော ငါးဇောစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

သနပ်ပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရန် ဆင့်ပွားသင်တန်းဖွင့်လှစ်

သနပ်ပင် နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးအေးအောင်တို့က ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဖီဒီယိုကလစ်ကိုပြသပြီး အသုံးပြုနည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် စာရင်းကောက်ယူမည့်သူများ စုစုပေါင်းအင်အား ၂၁၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ညီပြာ(ပြန်/ဆက်)



စာမျက်နှာ ၂၀ မှ

(က-၁) စွမ်းအင်ပေးခြင်း အစားအစာမှ ရရှိသော စွမ်းအင်။ လမ်းလျှောက်ခြင်း၊ အလုပ်လုပ်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ခန္ဓာကိုယ်အပူချိန် ထိန်းသိမ်းခြင်း၊ အသက်ရှူခြင်း၊ နှလုံးခုန်ခြင်းနှင့် သွေးလည်ပတ်ခြင်း၊ ဦးနှောက်လုပ်ငန်းဆောင်တာ၊ အစာချေဖျက်ခြင်းနှင့် ဇီဝဖြစ်စဉ်များအတွက် အသုံးပြုပါသည်။

အဓိက စွမ်းအင်ပေးသော အာဟာရဓာတ်များ

အာဟာရဓာတ်	စွမ်းအင်
ကာဗိုဟိုက်ဒရိတ်	၄ ကီလိုကယ်လိုရီ/ဂရမ်ခန့် kcal/g
ပရိုတင်း	၄ ကီလိုကယ်လိုရီ/ဂရမ်ခန့် kcal/g
အဆီ	၉ ကီလိုကယ်လိုရီ/ဂရမ်ခန့် kcal/g
အရက်	၇ ကီလိုကယ်လိုရီ/ဂရမ်ခန့် kcal/g

ဥပမာ – ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး စသည့် ကာဗိုဟိုက်ဒရိတ်ပါဝင်သော အစားအစာများ သည် စွမ်းအင်၏ အရေးကြီးသော ရင်းမြစ်များဖြစ်ပြီး အဆီများသည် စွမ်းအင်ကို အလွန်စုစည်းထားသော ပုံစံဖြင့် ပေးနိုင်ပါသည်။

(က-၂) ခန္ဓာကိုယ်တည်ဆောက်ခြင်းနှင့် တစ်သျှူးများ ပြန်လည်ပြုပြင်ခြင်း။ အစားအစာမှ ရရှိသော ပရိတင်းနှင့် အခြားအာဟာရဓာတ်များသည် ကြွက်သားများ တည်ဆောက်ခြင်း၊ အရိုးနှင့်တစ်သျှူးများ ဖွံ့ဖြိုးခြင်း၊ ပျက်စီးသွားသော ဆဲလ်များ ပြန်လည်ပြုပြင်ခြင်း၊ ဟောင်းနွမ်းသွားသော တစ်သျှူးများ အစားထိုးခြင်း၊ အင်ဇိုင်းများနှင့် ဟော်မုန်းများ ထုတ်လုပ်ခြင်း၊ ကလေးများ၏ ကြီးထွားဖွံ့ဖြိုးမှု အတွက် လိုအပ်ပါသည်။ ဥပမာ – ငါး၊ အသား၊ ဥ၊ နို့၊ ပဲအမျိုးမျိုး စသည်။

(က-၃) ခန္ဓာကိုယ်လုပ်ငန်းစဉ်များကို ထိန်းညှိခြင်း။ ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် ရေတို့သည် ဇီဝဖြစ်စဉ်သွေးဖွဲ့စည်းမှု၊ အာရုံကြောလုပ်ငန်းကြွက်သားကျုံ့ခြင်း၊ ခန္ဓာကိုယ်အတွင်း ရေဓာတ်ညီမျှမှု၊ အရိုးဖွံ့ဖြိုးမှု၊ ကိုယ်ခံအားတို့ကို ထိန်းညှိပေးပါသည်။ ဥပမာ– သံဓာတ်ဟီမိုဂလိုဘင် ဖွဲ့စည်းရန်၊ ကယ်လစီယမ် အရိုး၊ သွားနှင့် ကြွက်သားလုပ်ငန်းအတွက်၊ အိုင်အိုဒင်း သိုင်းရွိုက်ဟော်မုန်း ထုတ်လုပ်ရန်၊ ဗီတာမင်–အေ(A) မျက်စိမြင်နိုင်မှုနှင့် အရေပြား/အတွင်းသား တစ်သျှူးများအတွက်၊ ဗီတာမင်–စီ(C) တစ်သျှူးများ ဖွဲ့စည်းခြင်းနှင့် antioxidant လုပ်ဆောင်ချက်များအတွက်၊ ဗီတာမင်–ဒီ (D) ကယ်လစီယမ် စုပ်ယူမှုနှင့် အရိုးကျန်းမာရေးအတွက်။

(က-၄) အာဟာရချို့တဲ့မှုရောဂါများကို ကာကွယ်ခြင်း။ အာဟာရမျှတသော အစားအစာကို စားသုံးခြင်းဖြင့် အာဟာရချို့တဲ့မှုကြောင့် ဖြစ်ပေါ် နိုင်သော ပြဿနာများကို လျော့ချနိုင်ပါသည်။ ဥပမာ– သံဓာတ်ချို့တဲ့ခြင်း → သွေးအားနည်းခြင်း၊ ဗီတာမင် A ချို့တဲ့ခြင်း → ညဘက်မြင်နိုင်မှု လျော့နည်းခြင်း၊ ဗီတာမင် C ချို့တဲ့ခြင်း → စကာဗီရောဂါ၊ အိုင်အိုဒင်း ချို့တဲ့ခြင်း → အိုင်အိုဒင်းချို့တဲ့မှုဆိုင်ရာ ရောဂါများ၊ ဗီတာမင် D ချို့တဲ့ခြင်း → အရိုးဖွံ့ဖြိုးမှု ထိခိုက်ခြင်း။

(က-၅) ကြီးထွားဖွံ့ဖြိုးမှုကို အထောက်အကူပြုခြင်း။ အာဟာရလုံလောက်စွာရရှိခြင်းသည် အထူးသဖြင့် ကိုယ်ဝန်ဆောင်ကာလ၊ နို့စို့အရွယ်၊ ကလေးဘဝ၊ ဆယ်ကျော်သက်အရွယ်တို့တွင် အလွန်အရေးကြီးပါသည်။ ဤကာလများအတွင်း ရရှိသော အာဟာရသည် ကိုယ်ခန္ဓာကြီးထွားမှု၊ ဦးနှောက်ဖွံ့ဖြိုးမှု၊ သင်ယူနိုင်စွမ်း၊ ကိုယ်ခံအားနှင့် ရေရှည်ကျန်းမာရေးတို့အပေါ် သက်ရောက်မှုရှိပါသည်။

စာရေးသူ၏ အတွေး

စာရေးသူတို့ စိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသားဘဝက ဤဘာသာရပ် မရှိသေးပါ၊ စာရေးသူပါမောက္ခချုပ်ဘဝတွင် အခြားအရေးကြီးဘာသာရပ်များနှင့်အတူ အစားအစာသိပ္ပံနှင့် နည်းပညာသီးခြားဌာန ဖွင့်လှစ်ခွင့်ပြုရန် ကြိုးစားခဲ့ရာ ဤဌာနနှင့် ဘာသာရပ်အသစ် ဖွင့်လှစ်ခွင့်ရရှိခဲ့ပါသည်။ ဤပညာရပ်/ဘာသာရပ်သည် လူသားအားလုံး နေ့စဉ်ကြုံတွေ့နေရမည့်၊ 'အစာလည်းဆေး၊ ဆေးလည်းအစာ' ကျန်းမာရေးနှင့်လည်း သက်ဆိုင်နေသည့်အတွက် အခြားနိုင်ငံများကဲ့သို့ ဒေသဆိုင်ရာ (တိုင်းဒေသကြီး/ပြည်နယ်) တက္ကသိုလ် တိုင်းခွဲ အလေးထားသင်ကြား၊ သုတေသနပြုသင့်ပါသည်။

နိုင်ငံတကာတွင် ခေတ်၊ စနစ်၊ နှစ်အလိုက် မိမိနိုင်ငံ အကျိုးပြုဖွံ့ဖြိုးတိုးတက်စေမည့်နည်းပညာအသစ်၊ ဘာသာရပ်အသစ်များကို ရှေးပဝေသဏီ ကတည်းက သင်ကြားပေးနေသည့် ယနေ့ခေတ် အလုပ်အကိုင်လိုအပ်မှုနှင့်လည်း မကိုက်ညီတော့သော ဘာသာရပ်အဟောင်းများနှင့် ပြောင်းလဲသင်ကြား၊ သုတေသနပြုနေပါပြီ။ ။

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

အခမ်းအနားပွဲများ၌ သတိပြုဖွယ်- (၁၈)

မေ

လူမှုဘဝမှာ အခမ်းအနားတွေ၊ မွေးနေ့ပွဲတွေ၊ မင်္ဂလာပွဲတွေနဲ့ အခြားတွေ့ဆုံပွဲတွေကို ဖိတ်ကြားခံရခြင်းဟာ မိတ်ဆွေ၊ မိသားစုနဲ့ လူမှုဆက်ဆံရေးကို ပိုမိုခိုင်မာစေတဲ့ အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် ဖိတ်ကြားခံရတဲ့ ဧည့်သည်တစ်ယောက်အနေနဲ့ လိုက်နာသင့်တဲ့ ယဉ်ကျေးမှုလေးတွေ ရှိပါတယ်။



ဖိတ်စာ သို့မဟုတ် ဖိတ်ကြားချက်ကိုရရှိတဲ့အခါ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိကို ကြိုတင်အကြောင်းပြန်ပေးခြင်းက အိမ်ရှင်အပေါ် လေးစားမှုကို ပြသရာရောက်ပါတယ်။ အခမ်းအနား တက်ရောက်တဲ့အခါ သတ်မှတ်ထားတဲ့ အချိန်ကို လိုက်နာခြင်း၊ နေရာနှင့် လိုက်ဖက်သည့် ဝတ်စားဆင်ယင်မှုကို ရွေးချယ်ခြင်းတို့ကလည်း အရေးကြီးပါတယ်။

အခမ်းအနားတစ်ခုမှာ အိမ်ရှင်၏ ကြိုးစားပြင်ဆင်ထားမှုကို တန်ဖိုးထားပေးဖို့ လိုအပ်ပါတယ်။ အစားအသောက်၊ အစီအစဉ် ဒါမှမဟုတ် အခမ်းအနားပုံစံနဲ့ပတ်သက်ပြီး မလိုလားအပ်ဘဲ အပြစ်ပြောဆိုခြင်းကို ရှောင်ကြဉ်ရပါမယ်။ တစ်ဖက်လူ၏ အားထုတ်မှုကို အသိအမှတ်ပြုပေးခြင်းက ကောင်းမွန်တဲ့ ဧည့်သည်တစ်ယောက်ရဲ့ အရည်အချင်း ဖြစ်ပါတယ်။

ဖိတ်ကြားပွဲတွေမှာ လိုက်နာတဲ့ အက်တီကက်တွေဟာ အိမ်ရှင်ကို လေးစားရံတင်မဟုတ်ဘဲ မိမိ၏ လူမှုဆက်ဆံရေးကိုပါ ပိုမိုကောင်းမွန်စေပါတယ်။ အချိန်ကို တန်ဖိုးထားခြင်း၊ အခြားသူတွေရဲ့ ခံစားချက်ကို ထည့်သွင်းစဉ်းစားခြင်းတို့က လူမှုဘဝမှာ တန်ဖိုးရှိတဲ့ ယဉ်ကျေးမှု အလှတရား ဖြစ်ပါတယ်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၆) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၇ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါ်ဇင်မာမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ခွဲမင်းထက်(ပြန်/ဆက်)



ကော့မှူးမြို့နယ်၌ မြေသားရေကန်ခြစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

ကော့မှူး နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာအုပ်စု သဲကုန်းကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၅ ဒသမ ၄၄ သန်းဖြင့် မြေသားရေကန်ခြစည်းရိုး ကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ညီညီဥဝင်း၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စောနှင့် တာဝန်ရှိသူများက သဲကုန်းကျေးရွာ၌ မြေသားရေကန်ခြစည်းရိုး အရှည် ပေ ၁၀၆၀ ကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ



ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ကျေးရွာကော်မတီဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

အထွေး

ဆီဆိုင်မြို့နယ်၌ အယ်လ်နီညိုကာလ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

ဆီဆိုင် နိုဝင်ဘာ ၂၉

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)၌ အယ်လ်နီညိုကာလ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲနှင့် မီးခိုးမြှုပ်ငွေ့လျောနည်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးလှိုင်က မီးသတ်ဆေးဘူး အသုံးပြုနည်းအကြောင်းများကို အသိပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကြိုပင်ကောက်မြို့နယ်၌ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး အသိပညာပေး

ကြိုပင်ကောက် နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ကြိုပင်ကောက်မြို့နယ် မင်းအိုကျေးရွာ၌ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်



ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့် သောက်သုံးရေများ စနစ်တကျသုံးစွဲရေး အသိပညာပေး ဟောပြောခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်အကြောင်း အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မင်းအိုကျေးရွာအုပ်စုအတွင်းရှိ မင်းအို၊ သံပုရာကုန်း၊ ညောင်တန်း စသည့်ကျေးရွာသုံးရွာမှ ကျေးရွာနေပြည်သူ ၁၀၀ ကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်းလွင်(မကွေး)

ရေချွေတာရေး နည်းလမ်းများ

- ❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖွင့်လျှော်ပါ။
- ❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ဟင်္သာတမြို့နယ် ငါးဖယ်ထူ(မြောက်)ခေတ်မီစံပြကျေးရွာ၌ SMART Village စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဟင်္သာတ နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့သည် နိုဝင်ဘာ ၂၈ ရက်က ကင်မွန်းချောင်းကျေးရွာအုပ်စု ငါးဖယ်ထူ(မြောက်) ခေတ်မီစံပြကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် SMART Village စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းလမ်းခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အရှည် ၂၂၄ ပေ၊ အကျယ်ခြောက်ပေ၊ အထူ ခြောက်လက်မဖြင့် ၎ကျပ် ၁၂ ဒသမ ၄ သန်း အသုံးပြုဆောင်ရွက်လျက်ရှိရာ ၉၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး Wheel Track လမ်းခင်းခြင်းလုပ်ငန်းကို အရှည် ပေ ၄၀၀၊ အကျယ် ၂ ဒသမ ၅ ပေ၊ အထူ ခြောက်လက်မဖြင့် ၎ကျပ် ၁၅ ဒသမ ၅၉ သန်း အသုံးပြုဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ



ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး



တပ်မတော်အနေဖြင့် အပြစ်မဲ့ပြည်သူများထိခိုက်မှုမရှိစေရေး လေကြောင်းကင်းထောက်မှုဖြင့် စနစ်တကျ ကင်းထောက်အတည်ပြုရာ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အင်ရုံကျေးရွာအနီး၌ ဓုဖွဲ့လှုပ်ရှားနေသော အကြမ်းဖက် ၃၀ ခန့်အား ကင်းထောက်တွေ့ရှိရစဉ်။

◆ *ကျောထုံးမှ*

ဖြစ်စဉ်အနေဖြင့် မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အင်ရုံကျေးရွာ၌ နိဝင်ဘာလ ၂၆ ရက်တွင် သရက်ခရိုင် PDF အကြမ်းဖက် တပ်ရင်း(၅)မှ ဖွင့်လှစ်ထားသည့် PDF အကြမ်းဖက် သင်တန်းအား သင်တန်းဆင်းပွဲပြုလုပ်မည်ဖြစ်ကြောင်း တာဝန်သိပြည်သူတစ်ဦး၏ လျှို့ဝှက်စွာ သတင်းပေးပို့လာမှုအရ သတင်းခိုင်လုံမှုရှိစေရေး တပ်မတော်အနေဖြင့် လေကြောင်းကင်းထောက်မှုကို စနစ်တကျ ဆောင်ရွက်ခဲ့ပြီး အတည်ပြုနိုင်သည့် အချက်အလက်များ ရရှိသဖြင့် နိဝင်ဘာလ ၂၆ ရက် ညနေပိုင်းတွင် အဆိုပါ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ စုဝေးရာနေရာသို့ လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ပြီးချိန်တွင် သတင်းပေးပို့လာမှုများအရ သရက်ခရိုင် PDF အကြမ်းဖက် တပ်ရင်း(၅)မှ ခေါင်းဆောင်များ ဖြစ်သည့် တောကျီးကန်း၊ ချာလီနှင့် သောင်းသောင်းတို့ အပါအဝင် အဖွဲ့ဝင်အများအပြား သေဆုံးခဲ့ကြောင်း၊ PDF အကြမ်းဖက် တပ်ရင်း(၅)မှ တပ်စုမှူးအဆင့်ရှိသူ အာရာဖတ်အပါအဝင် ဒဏ်ရာရသူများကို အောင်လံမြို့နယ် မွန်းစကျေးရွာသို့ ပို့ဆောင်၍ ဆေးကုသလျက်ရှိကြောင်း သိရှိရသည်။

ထပ်မံပေးပို့လာသောသတင်းများအရ အဆိုပါဖြစ်စဉ်ကို သရက်ခရိုင် PDF အကြမ်းဖက် တပ်ရင်း(၅) မှ တပ်ခွဲမှူးအဆင့်ရှိသူ ကိုလင်းနှင့် အင်ရုံကျေးရွာမှ ကျောင်းဆရာ သန်းတိုးအောင်တို့ အနေဖြင့် စာသင်ကျောင်းတွင် ကထိန်ပွဲပြုလုပ်ရန် အကတိုက်နေစဉ် တပ်မတော်က လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားရန်၊ ထိခိုက်ဒဏ်ရာရသူများကိုလည်း စာသင်ကျောင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်ဟု ပြောကြားရန်၊ ပညာရေးမှူးရုံးမှဆက်သွယ်၍ မေးမြန်းလာလျှင် အမှန်အတိုင်းမပြောဘဲ စာသင်ကျောင်းမှ ကထိန်ပွဲအား တပ်မတော်က လေကြောင်း တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု ပြန်လည်ဖြေကြားရန်နှင့် အခြား မြို့နယ်များမှ PDF များနှင့် NUG(MOD)ထံသို့လည်း အမှန်အတိုင်းမပြောဘဲ ဖုံးကွယ်ထားရန် ဆွေးနွေးပြောဆိုခဲ့ကြသည်ဟု သိရှိရသည်။

ထို့အပြင် အင်ရုံကျေးရွာစာသင်ကျောင်းမှ ဆရာ ဆရာမများကို နိဝင်ဘာလ ၃၀ ရက်တွင် ဆင်ပေါင်ဝဲမြို့သို့ လာရောက်ရန် ပညာရေးမှူးရုံးမှ ခေါ်ယူထားသည်ဟု သိရှိရကြောင်း၊ သွားရောက်မည့် ဆရာ ဆရာမများကိုလည်း ဖြစ်စဉ်အမှန် ပြောကြားခြင်း မပြုရန် မှာကြားထားကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်မှုကို မလိုလားသော တာဝန်သိပြည်သူတို့၏ သတင်းပေးပို့မှုကို တပ်မတော်အနေဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရေး လေကြောင်း ကင်းထောက်မှုကို စနစ်တကျပြုလုပ်ကာ သတင်းမှန်ကန်မှုအား အတည်ပြု၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ စုဝေးသည့်နေရာသို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ အကြမ်းဖက်အဖွဲ့ဝင်များသာ ထိခိုက်သေဆုံးခဲ့သည်ကို တာဝန်သိပြည်သူတို့၏ သတင်းပေးပို့မှုအရ သိရှိရသည်။

ပြည်ဖျက် မီဒီယာများအနေဖြင့် အဆိုပါ ဖြစ်စဉ်အပေါ် တပ်မတော်က စာသင်ကျောင်း၌ ကျောင်းသား ကျောင်းသူများ အကတိုက်နေစဉ်လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သေဆုံးခဲ့ကြောင်း မဟုတ်မမှန် ဝါဒဖြန့်လျက်ရှိပြီး ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ မဟုတ်မမှန် ဝါဒဖြန့်မှုများအပေါ် သတင်းမှန်သိရှိနိုင်ရန်နှင့် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) ကို (Rules of Engagement – ROE)နှင့်အညီ လိုအပ်သလို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့

❖ *ကျောထုံးမှ*

မန်ယူအသင်းသည် ပရီမီယာလိဂ် အဖွင့် ၁၂ ပွဲဆက်တိုက် ပေးဂိုးခွင့်ပြုပေးရခြင်းမှာ ၁၉၃၀-၃၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်။ ထို့အပြင် မန်ယူအသင်းနည်းပြ ပိုချက်တီနိုသည် ပရီမီယာလိဂ် သမိုင်းတစ်လျှောက်တွင် ပထမဆုံးပွဲစဉ်နှစ်ပွဲတွင် လေးဂိုး သို့မဟုတ် လေးဂိုးအထက်ရှုံးနိမ့်သည့် ဒုတိယမြောက် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းသည် ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့ပြီး တုံ့ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးများကို မလွတ်တမ်းအသုံးချပြီး သွင်းဂိုးများအဖြစ် ပြောင်းလဲကာ ဂိုးပြတ်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် ဘရန့်ဖို့ဒ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၁၂) အပြီးတွင် ရမှတ် ၂၀ စုဆောင်းရရှိလာပြီဖြစ်သည်။ ပြိုင်ဘက်မန်ယူအသင်းက ရမှတ် ၈ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေသည်။

အခြားပွဲစဉ်ရလဒ်များတွင် လိဒ်စ်က ကိုဗင်ထရီကို သုံးဂိုး-ဂိုးမရှိ၊ နော်တင်ဟမ်ဖောရက်စ်က ချယ်ဆီးကို အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အောင်ဇော်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထု
ညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ
ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

"ကြည်လင်သော ကောင်းကင်၊
သန့်ရှင်းသော လေ ရရှိဖို့
မီးရှို့ခြင်းကို ရပ်တန့်စို့"



၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ

မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကျန်းမာရေး၊ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု

- တောမီးလောင်ကျွမ်းခြင်း၊ ရိုးပြတ်နှင့် သီးနှံအကြွင်းအကျန်များကို မီးရှို့ခြင်းကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့များနှင့် အန္တရာယ်ရှိသော အခိုးအငွေ့များကို ရှူရှိုက်မိပါက ကာလတိုတွင် အသက်ရှူကြပ်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ မျက်စိယားယံခြင်းတို့ကို ဖြစ်စေနိုင်ပြီး ကာလရှည်တွင် ကင်ဆာရောဂါ၊ အဆုတ်ရောဂါနှင့် နှလုံးရောဂါများကို ဖြစ်စေနိုင်ပါသည်။
- ကျန်းမာရေးထိခိုက်မှုကြောင့် လုပ်ငန်းခွင် မဝင်နိုင်ခြင်း၊ ကျောင်း မတက်နိုင်ခြင်း၊ ကျန်းမာရေးကုသစရိတ် ပိုမိုကုန်ကျခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။
- မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် လေယာဉ်ခရီးစဉ်များနှင့် ပြည်တွင်း/ ပြည်ပ ခရီးသွားလုပ်ငန်းများ ရွှေ့ဆိုင်းရရှိနိုင်ပြီး လူမှုစီးပွားဘဝကို ထိခိုက်နိုင်ပါသည်။
- လေထုညစ်ညမ်းမှုကြောင့် အပင်များ၏ ရှင်သန်ကြီးထွားမှုနှင့် တိရစ္ဆာန်များ၏ နေရင်းဒေသနှင့် နေထိုင်မှုစနစ်ကို ထိခိုက်စေနိုင်ပါသည်။






မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများ




မီးတောင်ပေါက်ကွဲခြင်း တောမီးလောင်ကျွမ်းခြင်း




ရွှေ့ပြောင်းတောင်ယာခုတ်ထွင်မီးရှို့ခြင်း ရိုးပြတ်များ မီးရှို့ခြင်း




သီးနှံအကြွင်းအကျန်များ မီးရှို့ခြင်း အမှိုက်မီးရှို့ခြင်း




မော်တော်ယာဉ်များမှ မီးခိုးထွက်ခြင်း စက်ရုံများမှ မီးခိုးငွေ့ထွက်ခြင်း

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု

- မီးခိုးမြူငွေ့များသည် လေတိုက်ခတ်နှုန်းနှင့် လားရာတို့အပေါ် မူတည်၍ နေရာတစ်နေရာမှအခြားတစ်နေရာ၊ နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံများသို့ ရွှေ့လျားနိုင်သဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။
- မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့် မဲခေါင်ဒေသခွဲနိုင်ငံများတွင် ခြောက်သွေ့ရာသီ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ပြီး မတ်လနှင့် ဧပြီလများတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်လေ့ရှိပါသည်။
- အယ်လ်နီညိုနှစ်များတွင် မြေပြင်စိုထိုင်းဆ အလွန်အမင်း နည်းပါးခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခြင်းကြောင့် မီးစတင်လွယ်ခြင်း၊ မီးထိန်းချုပ်ရန် ခက်ခဲခြင်းနှင့် အနီးဝန်းကျင်သို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့နိုင်ခြင်း တို့ကြောင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု ပိုမိုများပြားလာနိုင်ပါသည်။



မဲခေါင်ဒေသခွဲနိုင်ငံများတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှု အခြေအနေ (၉-၃-၂၀၂၆)

ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ




စောင့်ကြည့်စစ်ဆေးခြင်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း




ဝန်းကျင်လေထုအရည်အသွေး တိုင်းတာထုတ်ပြန်ခြင်း




အာသီယံညှိနှိုင်းပေးခြင်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း




သတင်းစာ၊ ရေဒီယို၊ SMS များမှတစ်ဆင့် ပြည်သူသို့ အသိပေးခြင်း

မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရန် ဒေသခံပြည်သူများမှ လိုက်နာဆောင်ရွက်ရမည့်အချက်များ

- ရိုးပြတ်များကို မီးမရှို့ဘဲ ခုတ်ဖုံးစနစ် ကျင့်သုံးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊
- သီးနှံအကြွင်းအကျန်များအား မီးမရှို့ဘဲ သဘာဝမြေဩဇာပြုလုပ်ခြင်း၊ ကောက်ရိုးမှို ပြုလုပ်ခြင်း၊
- ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအစား အခြားဝင်ငွေရသော သီးနှံများကို စိုက်ပျိုးခြင်း၊
- သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊
- သစ်တောတွင်း မီးမဆင်မခြင် အသုံးပြုမှုကို ရှောင်ရှားခြင်း၊
- လမ်းသွားရင်း မီးမဆင်မခြင်အသုံးပြုမှုကို ရှောင်ရှားခြင်း၊
- လေဟာပြင်တွင် မီးရှို့မှုကို ရှောင်ကြဉ်ခြင်း၊
- သတင်းစာ၊ ရေဒီယို၊ SMS များမှ ထုတ်လွှင့်/ ပေးပို့သည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သတိပေးချက်နှင့် မိုးလေဝသဆိုင်ရာ သတိပေးချက်များကို စောင့်ကြည့်လိုက်နာခြင်း။



"ကြည်လင်သောကောင်းကင်၊ သန့်ရှင်းသောလေ ရရှိဖို့
မီးရှို့ခြင်းကို ရပ်တန့်စို့"

အယ်လ်နီညိုကာလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် လျှော့ချရေးအတွက် လိုက်နာရမည့် အချက်များ



အယ်နီညို၏ သက်ရောက်မှုများ

အပူချိန်မြင့်မားခြင်း၊ ခြောက်သွေ့ချိန် ကြာမြင့်ခြင်း၊ မီးစတင်လောင်ကျွမ်းရန် လွယ်ကူ၍ ကူးစက်ပြန့်ပွားမှု လျင်မြန်ခြင်း။

မီးခိုးမြူငွေ့ ဖြစ်ပေါ်ရခြင်းနှင့် သက်ရောက်မှုများ

မီးခိုးမြူငွေ့ ဖြစ်ပေါ်ရခြင်း



တောမီးလောင်ကျွမ်းခြင်း၊ တောင်ယာမီးရှို့ခြင်းနှင့် စိုက်ပျိုးရေးအကြွင်းအကျန်များ မီးရှို့ခြင်း။

ကျန်းမာရေးနှင့် စီးပွားရေး ထိခိုက်မှု



အသက်ရှူကြပ်ခြင်း၊ အဆုတ်ရောဂါ ဖြစ်ပွားနိုင်ခြင်း တို့ကြောင့် ကျန်းမာရေးကုန်ကျစရိတ်များ မြင့်မားနိုင်ခြင်း။

စိုက်ပျိုးရေးနှင့် လိုက်နာရမည့် တားမြစ်ချက်များ

စိုက်ပျိုးရေး နည်းလမ်းကောင်းများ



စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးမရှို့ဘဲ သဘာဝမြေဩဇာနှင့် ကောက်ရိုးမှိုပြုလုပ်ရာတွင် ပြန်လည်အသုံးပြုခြင်း။

မီးရှို့မှုများ တားမြစ်ခြင်း



သစ်တောများ မီးရှို့ခြင်း၊ လေဟာပြင် အမှိုက်မီးရှို့ခြင်းနှင့် ဆေးလိပ်မီး မဆင်မခြင် စွန့်ပစ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

သတိပေးချက်များ စောင့်ကြည့်ရေးနှင့် ကျန်းမာရေး လမ်းညွှန်ချက်

သတိပေးချက်များ စောင့်ကြည့်ခြင်း



သတင်းစာ၊ ရေဒီယိုနှင့် ဖုန်း SMS တို့မှ ထုတ်ပြန်သော မီးခိုးမြူငွေ့နှင့် ဝန်းကျင်လေထုအခြေအနေ သတိပေးချက်များကို လိုက်နာခြင်း။

ကျန်းမာရေး ကာကွယ်စောင့်ရှောက်ခြင်း



လေထုညစ်ညမ်းမှု မြင့်မားချိန်တွင် အပြင်ထွက်ပါက Mask တပ်ဆင်ခြင်း၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများကဲ့သို့ ထိခိုက်လွယ်သောသူများကို အထူးဂရုစိုက်ခြင်း။

"ကြည်လင်သောကောင်းကင်၊ သန့်ရှင်းသောလေ ရရှိဖို့ မီးရှို့ခြင်းကို ရပ်တန့်စို့"

တောမီးလောင်ကျွမ်းမှုနှင့် ရိုးပြတ်၊ သီးနှံအကြွင်းအကျန်များအား မီးရှို့မှုကြောင့် ဖြစ်ပေါ်လာသော မီးခိုးမြူငွေ့များသည် လူထုကျန်းမာရေး၊ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်စေပါသည်။ ပြည်သူများအနေဖြင့် မီးရှို့မှုများကို ရပ်တန့်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများကို အသုံးပြုခြင်း၊ စည်ကမ်းချက်များနှင့် သတိပေးချက်များကို လိုက်နာခြင်းဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ပူးပေါင်းကာကွယ်နိုင်ပါသည်။

မီးခိုးမြူငွေ့၏ ဆိုးကျိုးများနှင့် ကျန်းမာရေးထိခိုက်မှုများ

ကျန်းမာရေး ထိခိုက်စေခြင်း



ကာလတိုတွင် အသက်ရှူကြပ်ခြင်းနှင့် ချောင်းဆိုးခြင်း ဖြစ်စေနိုင်ပြီး ကာလရှည်တွင် အဆုတ်နှင့် နှလုံးရောဂါတို့ကို ဖြစ်စေနိုင်ပါသည်။

လူမှုစီးပွား ထိခိုက်စေခြင်း



ဆေးကုသစရိတ် ပိုမိုကုန်ကျခြင်း၊ အလုပ်နှင့် ကျောင်းပျက်ခြင်း၊ ခရီးသွား လုပ်ငန်းများ ရွေ့ဆိုင်းရခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း



အပင်များ၏ ရှင်သန်ကြီးထွားမှု၊ တိရစ္ဆာန်များ၏ နေရင်းဒေသများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ကို ထိခိုက်စေနိုင်ပါသည်။

မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရန် လိုက်နာရမည့်အချက်များ

စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးရှို့မှု ရပ်တန့်ခြင်း



စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးမရှို့ဘဲ သဘာဝမြေဩဇာနှင့် ကောက်ရိုးမှို ပြုလုပ်ခြင်း စသည့် အလှေအကျင့်ကောင်းများဖြင့် ပြန်လည် အသုံးပြုပါ။

သစ်တောနှင့် လေဟာပြင် မီးရှို့မှု ရှောင်ကြဉ်ခြင်း



သစ်တောများမီးရှို့ခြင်း၊ မီးမဆင်မခြင် အသုံးပြုမှုနှင့် လေဟာပြင်တွင် အမှိုက်မီးရှို့ ခြင်းကို ရှောင်ကြဉ်ပါ။

သတိပေးချက်များ လိုက်နာခြင်း



သတင်းစာ၊ ရေဒီယိုနှင့် SMS တို့မှ ထုတ်ပြန်သော မီးခိုးမြူငွေ့နှင့် လေထုအရည်သွေး သတိပေးချက်များကို စောင့်ကြည့်လေ့လာပါ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွင် အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင်ငွေကြေးကောက်ခံခြင်းများအား အရေးယူထားရှိမှု အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားရန် လိုအပ်မှုရှိနေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ဥပဒေအရ အကျုံးဝင်သူ အမျိုးသားများအား ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်လျက်ရှိပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များက ဥပဒေ၊ နည်းဥပဒေသတ်မှတ်ချက်များအတိုင်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ပြည်သူ့စစ်မှုထမ်းဆောင်ရန် အလှည့်ကျသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်ကို ရှောင်လွှဲလိုသဖြင့် အခြားရပ်ရွာများသို့ ရှောင်တိမ်းခြင်း၊ ပြည်ပသို့ထွက်ခွာခြင်း၊ အခကြေးငွေဖြင့် လူအစားထိုးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ထိုကဲ့သို့ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းသူများအား ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များမှ စောင့်ကြည့်ဆင့်ခေါ်ခြင်း ပြုလုပ်နေခြင်းအပေါ် အချို့မြို့ရွာများတွင် မသမာသူများကပါတာဝန်ရှိသူများအဖြစ် အယောင်ဆောင်ပြီး အဓမ္မဖမ်းဆီးငွေကြေးရယူကာ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းသွင်းဝင်ရောက်စေခြင်း၊ အချို့ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ အနေဖြင့် ၎င်းတို့၏ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ့စစ်မှုထမ်းဆောင်ရန် သွားရောက်မည့်သူများကို ထောက်ပံ့ပေးရန် အကြောင်းပြ၍ လစဉ်ငွေကြေးကောက်ခံခြင်း၊ ရှောင်တိမ်းသူများအစား အခကြေးငွေပေး၍ လူစားထိုးထမ်းဆောင်စေခြင်းများပြုလုပ်ရန် တရားမဝင် ငွေကြေးကောက်ခံခြင်းများ ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

လက်ရှိဖြစ်ပေါ်နေသော အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင် ငွေကြေးကောက်ခံခြင်းများသည် မသမာသူများက ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေများအား ချိုးဖောက်ပြီး တရားမဝင် လုပ်ဆောင်နေမှုများသာဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အထူးအလေးထား စိစစ်ဖော်ထုတ် အရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။

တရားမဝင် ငွေကြေးကောက်ခံသူများနှင့် အဓမ္မဖမ်းဆီးဆင့်ခေါ်သူများအား ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်ဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ငွေကြေးဆိုင်ရာ ၄၉ မှု၊ တရားခံ ၁၀၂ ဦးနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၂၂ မှု၊ တရားခံ ၉၇ ဦး၊ စုစုပေါင်း ၇၁ မှု၊ တရားခံ ၁၉၉ ဦးတို့အား အရေးယူထားရှိပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ တိုင်ကြားလာမှုကြောင့် အရေးယူရသည့် ငွေကြေးဆိုင်ရာ ၁၈၂ မှုတွင် အရေးယူပြီးစီးမှု ၉၁ မှု၊ စိစစ်ဆဲ ၅၆မှု၊ မမှန်မကန်တိုင်ကြားမှု ၃၅ မှုနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၄၃ မှုတွင် အရေးယူပြီးစီးမှု ၁၇ မှု၊ စိစစ်ဆဲ ၁၄ မှု၊ မမှန်မကန်တိုင်ကြားမှု ၁၂ မှုရှိခဲ့ပြီး ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူထားပြီးဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအား အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များမှ အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ လုပ်ဆောင်စေရေး အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများအား အတင်းအဓမ္မခြိမ်းခြောက်ဆင့်ခေါ်ခြင်း၊ ညအချိန် ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ငွေကြေးဖြင့် လူအစားထိုးဆင့်ခေါ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် တရားမဝင် ငွေကြေးကောက်ခံခြင်းများ လျော့နည်းပပျောက်စေရေး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူခြင်းများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ ပြည်သူ လူထုအနေဖြင့်လည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သတင်းပေးတိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များအား သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ကာကွယ်ရေးဝန်ကြီးဌာန

၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၁) ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

ညအပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ငါးရက်မှ ၁၀ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ လေးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **မိုး/ဇလ**

ဓနုဖြူမြို့မဈေးဆိုင်ခန်းသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ နှစ်ထပ်ဈေးရုံအသစ်အား အကျိုးတူပူးပေါင်းတည်ဆောက်ရန် အဆိုပြုလွှာခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ မြို့မဈေးတွင်RC(၂)ထပ်ဈေးရုံ အသစ်တည်ဆောက်ခြင်း(၂၀၀' x ၂၆၀' x ၂၄')အား မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ဈေးသူဈေးသားများနှင့် အကျိုးတူပူးပေါင်း၍ဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ ကုမ္ပဏီများအား (၁၀-၁၂-၂၀၂၆) ရက်၊ နံနက်(၁၀:၀၀)အချိန်နောက်ဆုံးထား၍ အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၊ ဖုန်း-(၀၉-၆၇၇၇၀၀၆၄၃၊ ၀၉-၉၅၅၀၄၆၀၇၀) တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြို့မဈေးဆိုင်ခန်းသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ
ဓနုဖြူမြို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ ရတနာလမ်းသွယ် (၇) ရှိ ဦးပိုင်အမှတ် (၆၃/၆၄) ပိုင်းကွက်အမှတ် (၆၀ ၊ ၅၇) ၊မြေဧရိယာ အကျယ် (၀ ဒသမ ၁၁၀) ဧက၊ မြို့မြေ အမျိုးအစားအား ကျွန်တော် ဦးဖိုးချော ၈/ ဆဖန (နိုင်) ၀၀၅၀၂၃ နှင့် သမက်ဖြစ်သူ ဦးဌေးအောင် ၈/ ဆဖန(နိုင်) ၀၆၂၁၀၅ တို့က လက်ဝယ်ပိုင်ဆိုင်သူများဖြစ်ပါသည်။

အဆိုပါမြေကွက်အား လက် ဝယ်ပိုင်ဆိုင်သူများအနေဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ၎င်းမြေကွက် ပိုင်ဆိုင်ကန့်ကွက်လိုသူများရှိပါ က ယခုကြော်ငြာပါရှိသည့်ရက်မှ (၇) ရက်အတွင်းတိကျ ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များဖြင့် သက်ဆိုင်ရာမှ သော်လည်းကောင်း၊ လက်ဝယ်ပိုင်ဆိုင်သူများဖြစ်သည့် ၊ ဦးဖိုးချော၊ ဦးဌေးအောင် တို့ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးဖိုးချော ၈/ဆဖန(နိုင်)၀၀၅၀၂၃
ဖုန်း-(၀၉-၄၀၁၅၆၅၇၅၉)
ဦးဌေးအောင်
၈/ဆဖန(နိုင်)၀၆၂၁၀၅
ဖုန်း(၀၉- ၄၀၁၅၅၉၃၅၆)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း / အကွက်အမှတ် (RA-II / ကွက်ပြင် - ၂)၊ ဦးပိုင်အမှတ် (၁၂၈-င) ၊ မြေဧရိယာ (၀ဒသမ၀၆)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ညွန့်ပါ(၄)ဦးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း / အကွက်အမှတ် (၆ / ပဒေသာ) ဦးပိုင်အမှတ် (၄၂)၊ မြေဧရိယာ (၀ ဒသမ ၀၄၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သင်းသင်းအေး မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

မသက်ဆိုင်တော့ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊ တိုက်(၂၄)၊ အခန်း(၁၆)နေ မောင်အေးမျိုးပြည့် ၁၂/မရက(နိုင်) ၁၅၀၀၉၅၏မိခင် ဒေါ်စန်းစန်းရီ ၁၂/မရက(နိုင်)၀၂၃၃၅၅ သည် သားသမီးများနှင့် မိသားစု၏ဂုဏ်သိက္ခာကို ထောက်ထားခြင်းမရှိဘဲ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ကာ မိမိသဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် ကျွန်ုပ်တို့နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ဒေါ်စန်းစန်းရီနှင့်ပတ်သက်သော လူမှုရေး၊ ငွေကြေးနှင့် အရှုပ်အရှင်းများအားလုံးကို မိသားစုများဖြစ်ကြသော ကိုအေးမျိုးပြည့် ၁၂/မရက(နိုင်)၁၅၀၀၉၅၊ ကိုပြည့်စုံဦး ၁၂/မရက(နိုင်)၁၄၂၃၂၂၊ ဦးနိုင်ဝင်း ၇/သဝတ(နိုင်) ၀၇၅၁၃၅၊ မစန္ဒီနေဝင်း ၁၂/ဥကမ(နိုင်)၂၀၃၇၄၁ တို့မှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးသွားမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုအေးမျိုးပြည့်၊ ကိုပြည့်စုံဦး၊ ဦးနိုင်ဝင်း၊ မစန္ဒီနေဝင်း

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဒီဇျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဒီဇျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ဘဏ္ဍာငွေပြုရန်ပံ့ပေးဖြေင့် ရေဒီယိုလိုင်းနှုန်းတိုင်းတာရေးစနစ်- (ပခုံး)အတွက် လိုင်းနှုန်းထုတ်လွှင့်နေမှုများကို ဖမ်းယူသိရှိနိုင်ရန်လိုအပ်သော Radio – Frequency Monitoring and DF Antenna ဝယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာ ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	တင်ဒါပုံစံ စတင် ရောင်းချမည့်ရက်	- ၁- ၁၂- ၂၀၂၆ ရက် (အင်္ဂါနေ့)
၃။	တင်ဒါပုံစံ အရောင်းပိတ်မည့်နေ့	- ၁၅-၁၂ - ၂၀၂၆ ရက် (အင်္ဂါနေ့)
၄။	တင်ဒါပုံစံ ရောင်းချမည့်နေရာ	- ပစ္စည်းဌာနရာ ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂) ၊ နေပြည်တော်
၅။	တင်ဒါတင်သွင်းရမည့် နေရာ	- တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
၆။	တင်ဒါဖွင့်ဖောက်မည့် ရက်နှင့်အချိန်	- ၁၇-၁၂- ၂၀၂၆ ရက် (ကြာသပတေးနေ့)၊ နေ့လယ် (၁၃:၃၀) နာရီ

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း- ၀၆၇ - ၃၄၀၇၅၁ ၊ ၀၆၇ - ၃၄၀၇၄၃၈ တို့သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ဒီဇျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရုံးအမှတ်(၂)၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
လုပ်ငန်းတင်ဒါအမှတ်စဉ်(၂/၂၀၂၆-၂၀၂၇)

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ရန်ကုန်တိုင်းဒေသကြီး ၊ ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဖြို့နယ်များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေစင်း (ဖြည့်စွက်) ရန်ပံ့ပေးဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားနှင့် Box Culvert လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြန့်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည် ဖြစ်ပါသည်-

(က)	တင်ဒါလျှောက်လွှာ စတင် ရောင်းချမည့်ရက်	- (၃၀-၁၁-၂၀၂၆) ရက် (တနင်္လာနေ့)
(ခ)	တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန်	- (၁၄-၁၂-၂၀၂၆) ရက် (တနင်္လာနေ့) (၁၆:၃၀) နာရီအထိ
(ဂ)	တင်ဒါဖွင့်ဖောက်မည့် ရက်နှင့်အချိန် (အင်္ဂါနေ့)	- (၁၅-၁၂- ၂၀၂၆) ရက် ၆နာရီ (၁၀ း ၃၀) နာရီ
(ဃ)	တင်ဒါတင်သွင်းရမည့်နေရာနှင့် ဖွင့်ပွဲကျင်းပမည့်နေရာ	- ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ်(၁၁၁၂)၊ ဇလွန်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၊ ၁၆ရပ်ကွက်(ဆိပ်ကမ်း) မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့် လည်းကောင်း၊ ဖုန်း-၀၉-၂၀၃၆၁၁၃ နှင့် ၀၉-၅၀၃၄၀၆၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော် ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(ဧကျဝ၀၀)ဂါလန်၊ Octane-92 (၂၀၀၀၀)ဂါလန်နှင့် ပစီမိသဖဒီဇယ်ဆီ (၄၅၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က)	တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်	- ၇-၁၂-၂၀၂၆ ရက်
(ခ)	တင်ဒါလျှောက်လွှာပိတ်မည့်ရက်	- ၉-၁၂-၂၀၂၆ ရက်
(ဂ)	လျှောက်လွှာရောင်းချမည့်နေရာ	- ၆၂ လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန
(ဃ)	အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ရက်	- ၁၈-၁၂-၂၀၂၆ ရက်
(င)	အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ	- ၂၆ လမ်း၊ ဂ၁၈၂၂ လမ်းကြား။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(စ)	တင်ဒါပုံစံရောင်းနှုန်းများမှာ	- ဒီဇယ်ဆီ ကျပ် ၁၅,၀၀၀/- Octane-92 ကျပ် ၁၀,၀၀၀/- ပစီမိသဖဒီဇယ်ဆီ ကျပ် ၁၅,၀၀၀/-

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သောကုမ္ပဏီအနေဖြင့် စက်ယုံးဆီသွင်းကုန် လိုင်စင် Fuel Import License (လိုအပ်ပါကမူရင်းတင်ပြရမည်) တင်ပြနိုင်ရမည့်အပြင် စက်ယုံးဆီများအား ပြည်ပမှတိုက်ရိုက်မှာယူ တင်သွင်းထားသည့် ကုမ္ပဏီဖြစ်ရမှာမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများ အားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း- ၀၂-၄၀၈၀၁၅၅ ၊ ၀၂- ၄၀၈၃၃၀၆၊ ၀၉-၄၂၀၂၀၂၀၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွင်း စက်မှုတိုင်း(၄)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးမြို့မှ ဆောင်ရွက်မည့် ပြည်ထောင်စု (ငွေလုံးငွေစင်း)၊ (ပြင်/ထိန်း) ခေါင်းစဉ်အောက်မှ ပေးသွင်းလာသည့် အဝင်ငွေဖြင့်ဆောင် ရွက်မည့် ဆန္ဒနိတမံ၌ ရေပိုင်္ခသိုလှောင်နိုင်ရန် ရေပိုသွပ်ပေါ်တွင် (20' x 3') (6-Set) သံဇကာကြိုးဆွဲရေတံခါးတပ်ဆင်ခြင်း လုပ်ငန်းအတွက် လိုအပ်သော သံထည်ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် ပစ္စည်းပေးသွင်းလိုသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်	- (၁-၁၂-၂၀၂၆) ရက်မှ (၁၄-၁၂-၂၀၂၆) ရက်ထိ (ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ	- ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်၊ စက်မှုတိုင်း(၄)၊ မန္တလေးမြို့
တင်ဒါအဝင်ပြုလွှာ	- (၁၅-၁၂-၂၀၂၆) ရက်
ဖိတ်မည့်ရက်	ညနေ(၁၆:၃၀) နာရီ
တင်ဒါဖွင့်မည့်ရက်	- (၁၆-၁၂ - ၂၀၂၆) ရက် နံနက် (၁၀:၀၀) နာရီ
တင်ဒါဖွင့်ပွဲ	- ညွှန်ကြားရေးမှူးရုံး၊ စက်မှုတိုင်း (၄)၊
ကျင်းပမည့်နေရာ	အစည်းအဝေးခန်းမ

(သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ)၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စုံစမ်းရမည့်ဖုန်းအမှတ်- ၀၉-၄၄၄၃၂၂၃၈၈/၀၉-၇၈၄၉၇၆၅၅၀

တင်ဒါကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒဂ္ဂိဇာသီရိမြို့နယ်၊ ရွာမကျေးရွာအုပ်စု၊ ကျွဲကူး အနောက် ကျေးရွာရှိ အရှေ့(၃၉)ပေ၊ အနောက်(၃၈)ပေ၊ တောင်ဘက်(၃၈)ပေ၊ အနောက် ဘက်(၄၃)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ချိုမာဝင်း ၉/လဝန(နိုင်)၂၂၅၇၃၃၄ တရားဝင် ရောင်းချ ခွင့်ရှိကြောင်း ဝန်ခံကတိပြုချ၍ ရောင်းလွှဲမေးလာသဖြင့် ကျွန်ုပ်ဆိုမိတ်ဆွေ ဒေါ်ခိုင်စမ်းစမ်း ၁၂/ဥကမ(နိုင်)၁၁၅၀၆၇ က နှစ်ဦးသဘောတူ အိမ်ခိုင်းခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤ ကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထက်ဆေ(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၇) ၃၀-၁၁-၂၀၂၃
ခေတ္တာ(၂)လမ်း၊ ရွှေကြာဝင်ရပ်ကွက်၊ ဓမ္မာသီရိမြို့နယ်၊
ဖုန်း-၀၉-၄၀၁၃၃၁၁၄

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂ္ဂိဇာသစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၀)၊ မြေကွက်အမှတ် (၉၀၇) ၊ ဦးတင်ငွေ ၁၂/အစန(နိုင်)၀၄၂၃၁ အမည်ပေါက် မြေကွက်အကျယ်အဝန်း(၆၀ ၄၀×၆၀ ၀၀) မြေချပ်ဖော်ရေး မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အဂျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်ကေစာမိုး ၁၂/သဃက(နိုင်)၁၃၅၈၇၀ မှ အရောင်းအဝယ်အဆက်စပ်ကတိ စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာဝယ်ယူသူ ဦးထွန်းထွန်း ၁၃/ကခန(နိုင်)၀၇၉၉၀၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်း အဝယ်ပြုလုပ်သော တန်ဖိုးငွေဒေါ်တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အထိ ၎င်းဆိုင်မှ အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသို့ ကန့်ကွက်ခြင်းမရှိပါက ဆိုင်ရာ ဌာနများသို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာနင်းအေး (LL.B) အထက်တန်းရှေ့နေ (စဉ် - ၄၈၅၆)
အမှတ်(၃၀/က)၊ ဟားခါးလမ်း၊ (၇) ရပ်ကွက်၊ ဒဂ္ဂိဇာသစ်(အရှေ့ပိုင်း)မြို့နယ်
ဖုန်း-၀၉-၈၈၂၇၈၇၂၆၊ ၀၉-၄၂၀၀၉၅၂၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/72536, Zong Shen ZS 110 ယာဉ်လက်ဝယ်ရှိသူ ဦးမာမွတ် ၉/မရမ (နိုင်)၀၄၂၉၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ၎င်းလူပေါ်သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနှ၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/13989, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်လှိုင် ၉/အစ(နိုင်)၀၁၉၁၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနှ၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂ္ဂိမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ် (၈၅) မြေကွက်အမှတ် (၁၂၀၇)၊ အလေသင်းဘုရားလမ်း၊ အကျယ်အဝန်း (၆၀ ၀၀ × ၆၀ ၀၀) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၂၀၆)နှင့် ကပ်လျက်ဘက်ခြမ်း၊ အကျယ်အဝန်း (၆၀ ၂၀ × ၆၀၆၀)ရှိ ဦးကျော်ဖြင့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှဖြတ်မိုး ၁၂/သကဇ (နိုင်) ၁၇၈၈၀၁၀ထံမှ ကျွန်ုပ်ဒေါ်မိတ်ဆွေဖြစ်သူက အပြီး အပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပြသရန်၊ ကန့်ကွက်မှုမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုး မြေပြားဂရန်ထုတ်ပေးရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ပဲခူးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/36880, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လှိုင် ၁၄/မမန (နိုင်) ၂၄၃၂၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနှ၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3862, Tun M.P.V (T-MPV-02), Micro Bus ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၁၄/ဃသန(နိုင်)၀၀၆၃၀၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနှ၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/9283, Yamaha Mslaz-150 ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်အောင် ၉/ခမစ(နိုင်) ၀၄၈၈၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနှ၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၅ယ/၄၁၉၀၉, Dayang -110 ယာဉ်လက်ဝယ်ရှိသူ ဦးသူရအောင် ၉/တကန (နိုင်) ၁၇၁၀၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနှ၊ နေပြည်တော်ရုံး

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ မြေတိုင်းအမှတ် (၂)၊ ကွင်းအမည် (ရွေ့ပန်းရုပ်)၊ မြေကွက်အမှတ်(၁၁၀)၊ မြေစရိယာ(၀ ဒသမ ၂၄၃) ကေရို မြေအား ဦးသီဟန်း၊ ဦးကျော်ဆွာဒိုး၊ ဦးဥက္ကာစိုး၊ ဒေါ်ဆွေဆွေလတ်မှ အမည်ပြောင်း၊ သက်တမ်းတိုး မြေပြား ဂရန်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနှ၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ဖခင်အမည်မှန်

ရွှေပြည်သာမြို့၊ ထဝဲ့ အလက (၁၁) Grade-8 မှ မောင်မင်းဝေဖြစ် ဖခင်အမည်မှန်မှာ ဦးမင်း ၁၂/ထတပ (နိုင်) ၁၂၉၈၄၉ ဖြစ်ပါကြောင်း။

ဦးမင်း

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေပြည်သာမြို့၊ ထဝဲ့ အလက (၁၁) Grade-9 မှ မောင်မျိုးမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးကျိတ်ရာကာဒံ (ခ) အမီတာဘဂျမ်း KTGA ၀၅၁၁၄၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျိတ်ရာကာဒံ(ခ)
အမီတာဘဂျမ်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၄၉) ဟုခေါ်တွင်သော (၁)ခန်းတည်း (၀) ထပ်ခွဲတိုက်၏ ဒ-ဌာန/ပဌမထပ်၊ အကျယ်အနှံ-(၃၄၀၀) ၂၂. ၆ လက်မ×၅၅၀၀ ၅၀ လက်မ)ရှိ ဆောက်လုပ်ဆဲ တိုက်နှံးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်နှံးကို Sun Myat Tun Construction ကန့်သတ်ရိုက်တာ ဦးနေလင်းထွန်း (၁၃/တကန (နိုင်) ၁၄၉၆၀၇)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကာမီးလှန်းလာသူ ဒေါ်သူစာဆောင်း ၁၄/ပသန(နိုင်) ၀၀၅၄၃၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမွဲအောင် ၁၂/တမန(နိုင်) ၁၁၀၉၀၇က အပြီးအပိုင် ဝယ်ယူရန် သဘောတူညည့်အရောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ ၎င်းတို့ကန့်သတ်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ဆဲငွေရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်နှံးအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဆေဒီဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ
အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေဆိုးစင်လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၂၀၀၈၆၆၆၊ ၀၉-၉၂၅၃၅၃၄၅

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး၌၀ဒေအမိန့် ၅၅ နည်း၌၀ဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၃

ဒေါ်ယမင်းရွှေစင်ဝင်း နှင့် ဒေါ်လှဆင့်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နှန-၁၃)၊ ၁၃၃၀×၁၃၃ ပေခြံးကြား ၅၅၀၀၀ပေလမ်းကြားနေ ဒေါ်လှဆင့် (၁၁)ဦးကျော်ပြိမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

